
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာမကြီး **ရီရီဌေး**

၏

ဆက်လက်ထွက်ရှိမည့် ဝတ္ထုရှည်ရှုံးချင်းဝတ္ထုများ

၁။ နဂါးနက်ရေအိုင်

၂။ ယက္ခညီနောင်နှင့် ပျောက်ဆုံးနေသောမြို့တော်

၃။ မဏိပုရ၏ သွေးဝိဉာဉ်


ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၀၁၇၇၀၂၀၇

အဖုံးခွင့်ပြုချက် - ၅၀၀၂၆၁၀၃၀၇

❑

ထုတ်ဝေသူ

ဒေါ်ရီရီဌေး (၀၄၁၉၆) ရီရီဌေးစာပေ

အမှတ် (၅၈)၊ ဓမ္မိကဝတီလမ်း၊ စမ်းချောင်း၊ ရန်ကုန်။

❑

အတွင်းနှင့်အဖုံးပုံနှိပ်

ဒေါ်အိမွန်သက်လွင် (သံစွာမွန်ပုံနှိပ်တိုက်)

အမှတ် ၁၀၆၊ တာမွေလမ်း၊ က+ခရပ်ကွက်၊

တာမွေကြီး၊ ရန်ကုန်။

❑

ပုံနှိပ်ခြင်း

ပထမအကြိမ် ၂၀၀၇ ခုနှစ်၊ မေလ

အုပ်ရေ - ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

❑

မျက်နှာဖုံးပန်းချီ

သိန်းဇော်

❑

စီစဉ်သူ

မြတ်ချိုနွယ်အောင် B.Sc(Chem:)

Dip; of Compuer Art

အိုးယွှန်းယှဉ်စာပေမှ ဖြန့်ချိပါသည်။

ဖုန်း - 09 51 66140


www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝဇာတ်ခုံကား ဤထက် ပိုဆိုးပါသည်။ တိုတောင်းပေစွ လူ့ဘဝဟုဆိုကြသော်လည်း ဤသို့သောဘဝ တိုတိုကလေးအတွင်း အချစ်၊ အကြမ်း၊ အရမ်း၊ အလွမ်းစသည့်ဇာတ်ကွက်မျိုးစုံကို ကပြချင်ကပြရတတ်ပါသည်။ တစ်ချို့မှာကား လူ့လောကတွင်ကျင်လည်ရင်း ထူးခြားဆန်းကြယ်သောဖြစ်ရပ်များနှင့်ကြုံတွေ့တတ်သကဲ့သို့ အန္တရာယ်ရန်စွယ်များကြောင့် ဘဝ၏ခါးသည်းမှု၊ ရက်စက်မှုတို့နှင့်လည်း တွေ့ကြုံရတတ်ပါသည်။

လူသားများတွင် ဘဝအမျိုးမျိုးရှိသည့်အနက် အချစ်ကြောင့် ချိုမြိန်ခြင်း၊ ကြည်နူးချမ်းမြေ့ခြင်းကို ရင်နှင့်အမျှခံစားရသော်လည်း အချို့မှာ အချစ်ကြောင့်ပင် ဝမ်းနည်းကြေကွဲခြင်း၊ နူးနစ်စွာရင်သိမ့်တုန်မျှ ခံစားရခြင်းကို တမလွန်အထိ ယူဆောင်သွားရသူများလည်း ရှိခဲ့ပါသည်။

သံယောဇဉ်ပိုးကြိုးမျှင်များဖြင့် ဖွဲ့စည်းထားသော အချစ်တစ်ခုသည် ကံကြမ္မာလေပွေရိုင်းတို့ တိုက်ခတ်မှုကြောင့် အမုန်းနှောင်ကြိုးများအဖြစ်သို့ ပြောင်းသွားသောအခါ ဒေါသဖြင့်အရာရာကိုအဆိုးဟုထင်ကာ အစိတ်စိတ်အမွှာမွှာ ပေါက်ကွဲတတ်၏။ မောဟကြောင့် အသိတရားချွတ်ယွင်းကာ အမုန်တရားကိုအမှားဟုထင်လာတတ်သည်။ ထိုအခါရက်စက်သောကြမ်းကြုတ်





သောအပြုအမူတို့ဖြင့် ရန်သူထက်ရက်စက်စွာပြုမူတတ်ကြပါသည်။

ဤသို့သော...။

လူ့ဘဝ၏ရက်စက်ကြမ်းကြုတ်မှု၊ ရင်နှင့်အမျှမချိအောင်ခံစားခဲ့ရသော ကြေကွဲဝမ်းနည်းဖွယ်ဖြစ်ရပ်များ နှလုံးသွေးစက်များနှင့်အတူ မြွေနတ်သမီးသခင်မ၏ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များလည်းပါဝင်ခဲ့ပါသည်။ ထို့အတူ မြွေနတ်သမီးသခင်မ၏ထူးခြားသောချစ်ခြင်းမေတ္တာကို ခံစားရသောကျော်ဒေဝလိုအဖြစ်မျိုးမှာ တစ်သောင်းတွင်တစ်ယောက် ရှိလိမ့်မည်မဟုတ်ပေ။

သူ (သို့မဟုတ်) ကျော်ဒေဝ

သူရောက်ရှိနေသည့်နေရာကား "ခမ်းပတ်"ဆိုသည့်ရွာကလေး...။

သည်နေရာ သည်ဌာနကို အရင်ကတစ်ခါမျှ မရောက်ခဲ့ဖူးချေ။ ရောက်လာပြန်တော့ သည်နေရာကလေးကို လေ့လာကြည့်မိသည်။ ရွာဟုသာဆိုရသော်လည်း လူနေအိမ်ခြေ အခင့်အတင့်ရှိသည်။ သူ့ရွာသူ့အခြေအနေအရ စည်ကားသည့်ရွာဟုဆိုရချေမည်။ ရွာခံလူက သိပ်မများသော်လည်း ခရီးသွား

www.burmeseclassic.com



ဧည့်သည်များ တည်းခိုရာနေရာ ဖြစ်၍ အခြားရွာများထက် စည်ကားပါသည်။ စည်ကားရသည့်ကလည်း အကြောင်းရှိပါသည်။ ခမ်းပတ်ရွာကား မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြားရှိ နယ်စပ်မြို့ကလေးဖြစ်သည့် တမူးမြို့သို့သွားရာ လမ်းကြောင်းအနီးရှိ ရွာကလေးတစ်ရွာဖြစ်သောကြောင့်ပင်။

ယခုအချိန်ကား အင်္ဂလိပ်နယ်ချဲ့တို့မြန်မာပြည်ကို အုပ်စိုးနေသည့်သက္ကရာဇ် ၁၉၃၀ ခုနှစ် ပတ်ဝန်းကျင်ဖြစ်ရကား မြန်မာလူမျိုးအများစုမှာ စီးပွားရေးလုပ်ငန်းများကို လွတ်လွတ်လပ်လပ်မလုပ်ရဘဲ အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်နေရချိန်ဖြစ်ပါသည်။ သို့သော်လည်း နယ်ချဲ့တို့နှင့် သင့်တင့်သူများကား အလုပ်လုပ်ရအဆင်ပြေလွယ်ကူပါသည်။ အထူးသဖြင့် နယ်ချဲ့တို့နှင့်သင့်တင့်သူများမှာ တမူးမြို့မှတစ်ဖက်ရှိ အိန္ဒိယနိုင်ငံသို့ ကုန်းလမ်းခရီးဖြင့်သွားကာ ကုန်စည်ကူးသန်းရောင်းဝယ်ခွင့် ရရှိပါသည်။

ထိုသူများအနက် ဦးဘထွန်းဆိုသည့်ကုန်စည်ကူးသန်းရောင်းဝယ်ရေးခေါင်းဆောင်သည် ခမ်းပတ်ရွာသားတစ်ဦးဖြစ်ပါသည်။ တစ်ဖက်နိုင်ငံသို့ ကုန်ခြောက်ပစ္စည်းများ တင်သွင်းပြီး အိန္ဒိယနိုင်ငံမှ အထည်အလိပ်၊ အမွှေးအကြိုင်၊ လူသုံးကုန်





ပစ္စည်းများကို ပြန်လည်ယူဆောင်ရောင်းချသူလည်း ဖြစ်ပါသည်။ ၄င်းတွင်အဖွဲ့သား ဆယ်ယောက်ကျော်ရှိပြီး ကျော်ဒေဝမှာ ၄င်း၏ အဖွဲ့သားတစ်ဦးဖြစ်ပါသည်။

အိန္ဒိယနိုင်ငံသို့ကုန်စည်ကူးသန်းရောင်းဝယ်ရာတွင် တမူးဂိတ်ကို ဖြတ်ကျော်ရပါသည်။ တမူးဂိတ်တွင် အင်္ဂလိပ်စစ်တပ်များ စောင့်နေပါသည်။ အိန္ဒိယဘက်သို့ သွားလိုသည့်လူများမှာ ထိုဂိတ်တွင် ဂိတ်ကြေးဖြတ်ကြရပါသည်။

ဦးဘထွန်းမှာ ခမ်းပတ်ရွာသားဖြစ်သဖြင့် တစ်ဖက်နိုင်ငံသို့ ပို့မည့်ကုန်ပစ္စည်းများကို ခမ်းပတ်ရွာတွင် စုဆောင်းထုပ်ပိုးကြပါသည်။ ပစ္စည်းများစွာ ဝယ်ယူစုဆောင်းပြီးမှ ထိုပစ္စည်းများကို မြင်းများ၊ လားများဖြင့်တင်ကာ တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ရပါသည်။

ကုန်ပစ္စည်းစုဆောင်းနေစဉ်အချိန်တွင် ငယ်သားများမှာ ခမ်းပတ်ရွာအတွင်း စောင့်ဆိုင်းနေကြရပါသည်။ ကျော်ဒေဝလည်း ခမ်းပတ်ရွာကလေးကို လျှောက်ကြည့်ခဲ့ပါသည်။ စထွက်လာစဉ်က အပျင်းပြေသဘောလမ်းလျှောက်လာခြင်း ဖြစ်ပါသည်။ တစစလျှောက်လာရင်း ခမ်းပတ်ရွာကလေး၏ အနောက်ဘက်သို့ အမှတ်မထင်လျှောက် လာခဲ့ပါသည်။ တောအုပ်ညို့ညို့



www.burmeseclassic.com

www.burmeseclassic.com



မှိုင်းကိုကြည့်ရင်း လျှောက်ကောင်းကောင်းနှင့် ဆက်လျှောက်လာရာ ခမ်းပတ်ရွာနှင့်နှစ်မိုင်ကျော်ကျော် အကွာအဝေးသို့ ရောက်ရှိခဲ့ပါသည်။ ဟိုကြည့်သည်ကြည့်နှင့် ကြာကြာမလျှောက်ရပါ။ နာရီဝက်ကျော်ကျော်ခန့်တွင် ထိုနေရာ အနီးသို့ရောက်ရှိလာခဲ့ပါသည်။

ကျော်ဒေဝသည် ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ မြို့ရိုးပျက်ကြီးတစ်ခုကို လှမ်းတွေ့လိုက်ရပါသည်။

“ဟင်…မြို့ရိုးပျက်ကြီးပါလား…ဒါ ဘာမြို့ကြီးပါလိမ့်”

၎င်း၏အတွေးထဲတွင် ဤသို့ တွေးထင်လာပါသည်။ ထိုသို့တွေးရင်း ထိုမြို့ရိုးပျက်ကြီးအတွင်းသို့ တဖြည်းဖြည်းဝင်လာခဲ့မိသည်။ ကျော်ဒေဝ၏စိတ်ကို တစ်စုံတစ်ယောက်က ထိန်းချုပ်ထားသည့်အလား အသိဉာဏ်ကင်းမဲ့သောသူ တစ်ယောက်ကဲ့သို့ တရွေ့ရွေ့ရောက်ရှိလာခဲ့ပါသည်။

ကျော်ဒေဝ… လှမ်းတွေ့လိုက်ရပါသည်။ အခက်အလက်များ ဖြာဝေနေသောညောင်ပင်ကြီးတစ်ပင်။ ညောင်ပင်ကြီး၏သက်တမ်းကား အလွန်ကြီးရင့်နေပုံရပါသည်။ ညောင်ထောက်မြစ်များအသွယ်သွယ် မြေကြီးပေါ်သို့ ကျဆင်းနေ





ပါသည်။

“အင်း…နေ့ခင်းဘက်မှာတောင် အလွန်တိတ်ဆိတ်ပြီး စိတ်ထဲမှာတစ်မျိုးပဲ၊ ညဘက်သာဆိုရင် ဒီနေရာဟာ အလွန်ခြောက်ခြားဖွယ် နေရာဖြစ်မှာပဲ”

ထိုသို့တစ်ကိုယ်တည်း တီးတိုးပြောရင်း ညောင်ပင်ကြီးအနီးသို့ သွားရောက်ခဲ့ပါသည်။ ညောင်ပင်ကြီးကား လူနှစ်ဖက်စာမကအောင် ကြီးမားလှပါသည်။ ကျော်ဒေဝသည် အပြိုင်းပြိုင်းကျနေသော ညောင်ခြေထောက်မြစ်များကို ကိုင်ကြည့်နေစဉ် ညောင်ပင်၏တစ်ဖက်တွင် လူရိပ်လိုလို သဏ္ဌာန်တစ်ခုကို တွေ့လိုက်ရပါသည်။ ထို့ကြောင့် ကျော်ဒေဝက ဦးခေါင်းကိုငုံ့ကာ ကိုယ်ကိုကိုင်းညွှတ်၍ကြည့်လိုက်သည့်အခါ…။

“ဟာ…အဘိုးကြီးတစ်ယောက်ပါလား”

၎င်းတွေ့လိုက်ရပါသည်။ တိုင်းရင်းသားအဘိုးအို တစ်ယောက်…။

သူ၏ကိုယ်တွင် ချင်းစောင်ကြီးညစ်နွမ်းနွမ်းကို ခြုံထားပါသည်။ လူသူတစ်ယောက်မျှမရှိဟုထင်ကာ အားငယ်ချင်သလိုလို ဖြစ်နေသောစိတ်တို့သည် ချက်ချင်းအားပြည့်လာသလို ခံစားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘိုး…အဘိုး"

ထိုအဘိုးကြီးသည် ထိုင်နေရာမှကျော်ဒေဝကို မော့ကြည့်လိုက်ပါသည်။

"အဘိုး…တစ်ယောက်တည်းလား"

"ဟုတ်တယ်"

"အဘိုး…ဒီမှာ ဘာလုပ်နေတာလဲ"

"မင်းရော…ဒီကို ဘာလာလုပ်တာလဲ"

"လမ်းလျှောက်လာရင်း ဒီနားကိုရောက်လာလို့ ဒီအထဲ ဝင်လာ တာပါ"

ထိုသို့ပြောရင်း ကျော်ဒေဝသည် အဘိုးကြီးဘေးနားသို့ ဝင်ထိုင်လိုက်ပါသည်။ ထို့နောက် အဘိုးအို၏ဝတ်စားပုံမှာ ချင်းအမျိုးသားနှင့် တူသဖြင့်…။

"အဘိုးက … ချင်းလူမျိုးလား"

"မဟုတ်ဘူး လူရှိုင်းပါ"

"သြော်…လူရှိုင်းလူမျိုးဟုတ်လား၊ ဒါနဲ့ ခုနင်က စကားလက်စပြတ်သွားတယ်၊ အဘိုးတစ်ယောက်တည်း ဒီမှာ ဘာလာလုပ်နေတာလဲအဘိုး"

"ဘာလာလုပ်နေတာလဲဟုတ်လား၊ အဘိုးဖြေပါ့မယ်၊





ဒီနေရာ ဟာ ရှေးလွန်ခဲ့တဲ့နှစ်ပေါင်း (၂၀၀)ကျော်က အဘိုးတို့ရဲ့ လူရှိုင်းမြို့တော် ရှေးဟောင်းခမ်းပတ်မြို့ကြီးပေါ့ကွယ်"

"ဟင် … ရှေးဟောင်းခမ်းပတ်မြို့ ဟုတ်လား"

"ဟုတ်တာပေါ့ကွယ်၊ ဟောဟိုမှာလှမ်းကြည့်စမ်း၊ ကောနေတဲ့ကျုံးနေရာပေါ့၊ တို့လူမျိုးတွေဟာ ဟိုးရှေးနှစ်ပေါင်းများစွာက ခံတပ်တွေ မြို့ရိုးတွေ ကျုံးတွေနဲ့ အခိုင်အမာနေခဲ့ကြတာပေါ့ကွယ်"

"သြော်…ဟုတ်လား"

"ဒီနေရာမှာ ငါတို့ရဲ့ ဘိုးဘွားဘီဘင်တွေရဲ့ ဇာတ်လမ်းတွေ အများကြီးရှိခဲ့ဖူးတဲ့နေရာပေါ့ကွယ်၊ ဟိုး ရှေးအဆက်ဆက်ကတည်းက မြန်မာဘုရင်များထံမှာ စစ်မှုထမ်းခဲ့ကြတယ်။ ဒီလိုပဲ မဟာဝုန်မြို့သားတို့ နွယ်ပတ်မြို့သားတို့ဟာလည်း မြန်မာဘုရင်အဆက်ဆက် စစ်မှုထမ်း ခဲ့ကြတယ်"

"သြော်…သြော်"

(မှတ်ချက် ။ ။ မဟာဝုန်မှာ ယခုအခါ မဟာပြည်တော်ဟုခေါ်၍ နွယ်ပတ်မြို့မှာ ရာဇဂြိုဟ်ဟုခေါ်ဝေါ်ပါသည်။)

တကယ်တော့ "ခမ်းပတ်"ဆိုတာ ရှမ်းစကားကဆင်းသက်လာတာ၊ မြန်မာလို "ရွှေပုတီး"လို့အဓိပ္ပာယ်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုးရှေးတုန်းက ဒီနေရာမှာရှမ်းတွေလဲအတူ နေထိုင်ခဲ့ကြတယ်။ နောက် အိန္ဒိယက ထွက်ပြေးလာတဲ့အနွယ်တွေကလည်း ဒီနေရာနဲ့မနီးမဝေးမှာရှိတဲ့ နွယ်ပတ်မှာ နေထိုင်ခဲ့တယ်။ တချို့ကလည်း ခမ်းပတ်မှာနေကြတယ်။ အဲဒီမှာ အတူနေထိုင်ရင်း ထူးခြားဆန်းကြယ်တဲ့ဖြစ်ရပ်တွေ ရှိခဲ့ဖူးတယ်''

''ထူးခြားဆန်းကြယ်တဲ့ဖြစ်ရပ် ဟုတ်လား အဘိုး''

''ဟုတ်တာပေါ့ကွယ်''

''အဘိုး...ကျွန်တော့်ကို ပြောပြပါလား''

''ပြောပြဆိုရင် သိပ်ပြီးအရှည်အဝေးကြီးရှာစရာမလိုဘူး၊ ဒီညောင်ပင်ကြီးပဲကွဲ့''

''ဒီ-ညောင်ပင်ကြီး ဟုတ်လားအဘိုး''

''ဟုတ်တာပေါ့ကွယ်၊ ဒီညောင်ပင်ကြီးဟာ အဘိုးတို့လူရှိုင်းတွေရဲ့ သစ္စာတိုင်တည်ခဲ့တဲ့ညောင်ပင်ကြီးပေါ့''

''ဘယ်လိုသစ္စာတိုင်တည်ခဲ့တာလဲ အဘိုး''

''အဘိုးတို့ လူရှိုင်းဘိုးဘွားတွေဟာ ဒီခမ်းပတ်မြို့ကြီးကို အလွန်ပဲသံယောဇဉ်ရှိခဲ့ကြတယ်။ ဒါကြောင့် ဒီမြို့ရဲ့ အလယ်ဗဟိုတည့်တည့်မှာ ဒီညောင်ပင်ကြီးကိုစိုက်တဲ့အချိန်အခါမှာ ''ဒီညောင်ပင်ကြီးကအကိုင်းများမြေကိုထိတဲ့အခါမှာ အရပ်ရပ်သို့





ပြောင်းရွှေ့နေထိုင်ကြသောလူရှိုင်းများ ဤခမ်းပတ်ရွာသို့ ပြန်ရောက်ပါစေသတည်း''လို့ သစ္စာတိုင်တည်ပြီး အဓိဋ္ဌာန်ပြုခဲ့ကြတယ်''

''သြော်...ဒီလိုလား''

''ဒါကြောင့် အဘိုးက ဒီညောင်ပင်ကြီးရဲ့အကိုင်းတွေ မြေပြင်ကိုထိမထိ စောင့်ကြည့်နေတာပေါ့ကွယ်၊ အခုအချိန်အထိတော့ မြစ်ပွားတွေသာမြေထောက်ပေမဲ့ အကိုင်းတွေကတော့ မြေကြီးနဲ့မထိသေးဘူး။ မြေကြီးနဲ့ထိတဲ့နေ့မှာ အဲဒီနေရာမှာ မြို့ကြီးတစ်မြို့ဖြစ်လာမယ်လို့ ရှေးလူကြီးတွေက ပြောတယ်''

''သြော်...ဟုတ်လား''

''အဘိုး...ဒီမှာရောက်နေတာ နောက်အကြောင်းတစ်ခုရှိသေးတယ်''

''ပြောပါအဘိုး''

''လွန်ခဲ့တဲ့ တစ်လလောက်က အဘိုးဟာ ဒီမြို့ပျက်ကြီးဆီကိုလာတဲ့လမ်းမှာ ရုပ်တုလေးတစ်ခု ကောက်ရတယ်။ အဲဒီရုပ်တုကလေးက ကြေး၊ ရွှေ၊ သံစတဲ့သတ္တုတွေနဲ့ရောစပ်ပြီး သွန်းလုပ်ထားတဲ့ အရုပ်ကလေးပဲ၊ ရုပ်တုရဲ့ပုံသဏ္ဌာန်ကလည်း တော်တော်ထူးခြားတယ်။ အမျိုးသမီးတစ်ယောက်ရဲ့ကိုယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မြွေတွေအများကြီးရစ်ပတ်နေတယ်။ အမျိုးသမီးမှာလည်း လက်တွေအများကြီးပဲ၊ ဦးခေါင်းပေါ်မှာလဲ မြွေဟောက်တစ်ကောင်ပါးပြင်းခွက်နေတဲ့ပုံကို သရဖူလိုဆောင်းထားတယ်။ အဲဒီရုပ်တုရဲ့အောက်မှာတော့ ''မြွေနတ်သမီး''လို့ ဟိန္ဒူစတန်နီဘာသာနဲ့ စာတန်းရေးထိုးထားတယ်''

''သြော်...သြော်''

ကျော်ဒေဝမှာ အဘိုးကြီးပြောစကားများမှာ ထူးဆန်းလှသည့် အတွက်''သြော်...သြော်''ဟူ၍သာ ပြောဆိုနားထောင်နေခဲ့ရပါသည်။

''ဒါနဲ့...အဘိုး...ငါ့မြေးကို အကူအညီတစ်ခု တောင်းချင်တယ်''

''ပြောပါအဘိုး၊ ကျွန်တော်ကူညီနိုင်တာဆိုရင် ကူညီပါ့မယ်''

''အဘိုးဟာ သူတပါးမကူညီနိုင်အောင် ခက်ခဲတာမျိုးကို အကူအညီမတောင်းပါဘူး၊ ကူညီနိုင်တာကိုပဲ အကူအညီတောင်းမှာပါ''

''အဘိုး ကျွန်တော်ကူညီနိုင်တာဆိုရင်ကူညီပါမယ်''

''ကောင်းပြီ...ဒါဆို ဒီရုပ်တုကလေးကို ကြည့်ပါဦး''





ကျော်ဒေဝသည် အဘိုးအိုထုတ်ပြသည့်အရာဝတ္ထုကို ကြည့်လိုက်ရာ ရွှေအိုရောင်အဆင်းရှိသည့် ရုပ်တုတစ်ရုပ်ကို မြင်တွေ့လိုက်ရပါသည်။ ထိုရုပ်တုကလေး၏အရွယ်အစားမှာ (၆) လက်မခန့်ရှိပြီး အမျိုးသမီးတစ်ယောက်ကို မြွေများရစ်ပတ်နေပြီး ၎င်း၏ကိုယ်တစ်ဖက်တစ်ချက်တွင် လက်(၃)ဖက် ပါရှိပါသည်။ စုစုပေါင်း လက်(၆)ဖက်ရှိသည့်ရုပ်တုဖြစ်ပါသည်။ ထိုအမျိုးသမီး မျက်နှာပြင်ကား လွန်စွာချောမောလှပပါသည်။ သူမ၏ ဦးခေါင်းတွင် မြွေဟောက်ပါးပြင်းခွက်နေ ဟန်ပုံရှိသည့် သရဖူတစ်ခုကိုဆောင်းထားပါသည်။ ထိုရုပ်တုကိုမြင်လိုက်သည်နှင့် ကျော်ဒေဝမှာ...။

''အဘိုး...ဒါဟာ အဘိုးကောက်ရတဲ့ မြွေနတ်သမီးရုပ်တုမဟုတ်လား''

''ဟုတ်တာပေါ့ကွယ်''

''ဒါနဲ့ ကျွန်တော်က အဘိုးကိုဘယ်လိုကူညီရမလဲ''

''အဘိုးရဲ့အိပ်မက်ကို ကူညီပါကွယ်''

''အဘိုးရဲ့အိပ်မက်ကို ကူညီရမယ်ဟုတ်လား၊ အဘိုးရဲ့စကားက အဆန်းသားပဲ''

ကျော်စိုးဝေသည် လူရှိုင်းအဘိုးအို၏စကားကို မည်သို့



www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ် ကောက်ရမှန်းမသိချေ။ ထိုအခါ လူရှိုင်းအဘိုးအိုက သူနားလည်သလို ရှင်းပြပါသည်။

“အဖြစ်က ဒီလိုပါ၊ အဘိုးဟာ အဲဒီရုပ်တုကလေးကို ကောက်ရပေမဲ့ လိုချင်မက်မောတဲ့စိတ်လည်းမရှိပါဘူး။ ရုပ်တုကလေးကလှလို့သာ ယူလာပြီး အိမ်ရှေ့ခန်းမှာထားလိုက်တယ်။ နောက်တစ်နေ့ညမှာ အဘိုးအိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ အဲဒီရုပ်တုကလေးဟာ တဖြည်းဖြည်းမီးခိုးတွေထွက်လာပြီး မီးခိုးလုံးထဲက တော်တော်ချောတဲ့ကောင်မလေး တစ်ယောက်ပေါ်လာတယ်။ အဲဒီကောင်မလေးကပြောတယ်။ ကျွန်မ အဘိုးဆီမှာ မနေချင်ဘူးတဲ့၊ ဒါနဲ့အဘိုးကပြောတယ်၊ နင် ဘယ်မှာနေချင်တာလဲလို့မေးတော့...ကျွန်မရဲ့ပိုင်ရှင်လာလိမ့်မယ်၊ အဘိုး ပေးပေးပါလို့ ပြောတယ်”

“အဲဒါဆို ပိုင်ရှင်က ဘယ်သူလဲအဘိုး”

“အဘိုးလဲ ပိုင်ရှင်ဟာဘယ်သူမှန်းမသိလို့ ဘယ်သူ့ကို ပေးရမလဲလို့မေးတော့”

“အဘိုး ခမ်းပတ်မြို့ဟောင်းက ညောင်ပင်ကြီးဆီကို သွားစောင့်နေပါ၊ ဒီရုပ်တုရဲ့ပိုင်ရှင်လာပါလိမ့်မယ်လို့ပြောတယ်။ အဲဒါနဲ့အဘိုးလည်း ဒီညောင်ပင်မှာစောင့်နေတာ တစ်လနီးပါးရှိပြီ





ဘယ်သူမှမလာဘူး၊ အရင်ဦးဆုံးလာတဲ့သူကတော့ ငါ့မြေးပဲ”

“ဩော်”

“ဒါကြောင့် အဘိုးလည်း ဒီမှာဆက်မစောင့်ချင်တော့ဘူး၊ အဘိုးရဲ့အိပ်မက်ကို ကူညီတဲ့အနေနဲ့ ဒီရုပ်တုကလေးကို ယူသွားပေးပါ”

“ဟင်”

သည်တစ်ခါတော့ ကျော်ဒေဝ အလွန်အံ့အားသင့်သွားပါသည်။

“ကျွန်တော်က ဒီရုပ်တုကိုယူပြီး ဘာလုပ်ရမှာလဲအဘိုး”

“ဒါတော့ မသိဘူးငါ့မြေးရယ်၊ သိမ်းထားချင်သိမ်းထားပေါ့၊ ဒါမှမဟုတ်ရင် သူများကို ပေးချင်ပေးလိုက်ပေါ့”

“ဒုက္ခပါပဲအဘိုးရယ်”

“ယူသွားပေးပါ ငါ့မြေးရယ်၊ အဘိုးလဲ အဲဒီအိပ်မက်အိပ်မက်မှာကို အလိုလိုကြောက်နေမိတယ်။ အိပ်မက်ထဲက ကောင်မလေးရဲ့ မျက်လုံးဟာ စူးရှပြီးတောက်ပြောင်နေတယ်။ သူ့ရဲ့မျက်လုံးမြင်တာနဲ့ အဘိုးဟာကြောက်လန့်နေတယ်၊ ဒါကြောင့် ငါ့မြေးက အဘိုးရဲ့အိပ်မက်ကိုကူညီတဲ့အနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီရုပ်တုကလေးကို ယူသွားပါနော်”

ကျော်ဒေဝလည်း မိမိ၏အဘိုးအရွယ် သက်ကြီးရွယ်အို က တောင်းတောင်းပန်ပန်နှင့် သည်ရုပ်တုကလေးကို ပေးနေသည့် အတွက် ငြင်းရခက်နေပါသည်။

အမှန်မှာမူ ဤအဘိုးအိုကား ပေးကမ်းသူ…။

အကယ်၍သာ ကျော်ဒေဝထံမှ တစ်ခုခုတောင်းခံပါ ကလည်း မိမိပေးနိုင်သည့်အရာဆိုလျှင် ပေးမိမှာအမှန်ပင်။ ထို့ကြောင့် မငြင်းသာသည့်အတွက် ရွှေအိုရောင်အဆင်းရှိသော လက်ခြောက်ဖက်ရှိ ရုပ်တုကလေးကို ကျော်ဒေဝလက်ခံခဲ့ရ ပါသည်။

“အဘိုး…တကယ်တော့ ကျွန်တော် ဒီရုပ်တုကို မယူချင်ဘူး၊ ဒါပေမဲ့ အဘိုးရဲ့အိပ်မက်ကို ကူညီတဲ့အနေနဲ့ ဒီရုပ်တုကလေးကို ကျွန်တော်လက်ခံလိုက်ပါ့မယ်”

“ကျေးဇူးအထူးတင်ပါတယ် ငါ့မြေးရယ်”

ကျော့်ဒေဝလည်း လူရှိုင်းအဘိုးအိုအား စိတ်ချမ်းသာပါ စေတော့ ဟူ၍နှလုံးသွင်းကာ ထိုရွှေအိုရောင်ရှိနေသော ရုပ်တု ကလေးကို လှမ်းယူ လိုက်ပါသည်။

ထိုသို့လှမ်းယူစဉ်တခဏ ရုပ်တုကလေးကို ကိုင်လိုက်မိ





ဉ် ကျော်ဒေဝ၏တစ်ကိုယ်လုံးမှာ ကျဉ်စက်နှင့်တို့လိုက်သည့် အလား ကျဉ်တက်သွားပါသည်။

“အလို…ဘာဖြစ်တာပါလိမ့်”

ဦးခေါင်းမှာလည်းမူးဝေလာပြီး တစ်စုံတစ်ခုကို သတိရ သလိုလို ဖြစ်သွားပါသည်။ ထို့နောက် ကျော်ဒေဝလည်း ထိုရုပ်တု ကလေးကိုပိုက်ကာ ခမ်းပတ်ရွာသို့ပြန်လာခဲ့ပါသည်။

ထိုစဉ် ရွာ၌ကျန်ခဲ့သောအပေါင်းအသင်းများဖြစ်သည့် အောင်စိန်နှင့် မိုးကျော်တို့မှာ-

“ဟော့ကောင် ကျော်ဒေဝ…မင်း တမနက်လုံးပျောက် နေလို့ တို့မှာရှာလိုက်ရတာ၊ ဘယ်သွားနေတာလဲ”

“ဘယ်မှမသွားပါဘူး၊ ဟိုနား…သည်နားပါ”

“မင်း လျှောက်လျှောက်သွားမနေနဲ့၊ ဟိုဘက်က ခမ်းပတ်မြို့ဟောင်းဟာ နတ်ကြီးတယ်လို့ ပြောသံကြားဖူးတယ်။ ငါများလည်းမခံဘူးတဲ့၊ ဟိုးတလောက ရွာထဲက ကလေး တစ်ယောက် မြို့ဟောင်းဘက်သွားပြီး အပေါ့စွန့်လိုက်မိလို့ ဖျားတာများသေလုမျောပါးပဲ”

“အေးပါ…ငါဘယ်မှမသွားပါဘူး”

ထိုသို့ပြောဆိုပြီး ၄င်းနားနေသောအခန်းထဲသို့ဝင်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



ထိုရုပ်တုကလေးကိုငှင်း၏အဝတ်အိတ်ထဲတွင်ထည့်ကာ သိမ်းထား လိုက် ပါသည်။

ထို့နောက် အခန်းအတွင်းမှပြန်ထွက်လာကာ သူငယ်ချင်း များနှင့်စကားစမြည်ပြောခဲ့ကြပါသည်။ အရင်ကဆိုလျှင် သူငယ်ချင်း များနှင့် ဝိုင်းဖွဲ့စကားပြောရာတွင် တစ်ယောက်နှင့်တစ်ယောက် ပြောင်နောက် စ,နေကျ။ ထိုသို့စနောက်နေရသည်ကိုပင် ပျော်စရာတစ်မျိုးဟု စိတ်မှ ထင်ခဲ့မိပါသည်။

ယခုမူ သူတို့က စ,နောက်ကာ ဝိုင်းဖွဲ့စကားပြော သော်လည်း ကျော်ဒေဝ၏စိတ်မှာ အခြားတစ်နေရာသို့ရောက် သွားသကဲ့သို့ ခံစားရကာ ရယ်စရာစကားများကိုလည်း မရယ်နိုင် အောင် စိတ်ပျံ့လွင့်နေပါသည်။ ထိုသို့အတွေးများပျံ့လွင့်နေသဖြ သူငယ်ချင်းများက...။

"ဟေ့ကောင် ... ကျော်ဒေဝ... ဘယ်လိုဖြစ် တာလဲ"

"ဘာမှမဖြစ်ပါဘူး"

"ဘာမှမဖြစ်ဘူးသာဆိုတယ် မင်းရဲ့စိတ်က ဘယ် ရောက်နေသလဲမသိဘူး"

"မဟုတ်မှလွဲရော မြို့ပျက်ကြီးထဲရောက်သွားပြီး တစ်





မှားယွင်းလာသလား မပြောတတ်အောင်ဘဲ"

"ဟုတ်တယ်၊ ဒီကောင်ကို ကြည့်ရတာ မရိုးဘူး"

တစ်ယောက်တစ်ပေါက် အမျိုးမျိုးပြောနေသဖြင့် ကျော်ဒေဝမှာ...။

"ဟေ့ကောင်တွေ ... ငါဘာမှမဖြစ်ဘူး"

ထိုသို့ပြောကာ ကျော်ဒေဝထွက်သွားခဲ့ပါသည်။ သူငယ် ချင်း တစ်စုမှာလည်း ကျော်ဒေဝ၏ထူးခြားသော အပြုအမူကြောင့် တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုနေကြပါသည်။

* * *

ကျော်ဒေဝတို့နေရသောအခန်းမှာ တစ်ခန်းတည်း၌ လူ (၁၀) ယောက်အတူအိပ်ရသောအခန်းဖြစ်၍ ကျော်ဒေဝသည် ထိုရုပ်တုကလေးအား သူများမြင်မည်စိုးသဖြင့် ၄င်း၏အဝတ်အိတ် ထဲတွင် စွပ်ကျယ်အင်္ကျီနှင့် ထုတ်ထားပါသည်။

ထိုရုပ်တုကလေးအား ရရှိခဲ့သည်မှာ (၃)ရက်ခန့် ရှိ ချေပြီ။

ကျော်ဒေဝတို့၏ဆရာ ဦးဘထွန်းမှာ ကုန်ပစ္စည်းများ စုဆောင်းပြီးစီးပြီဖြစ်၍ နောက်တစ်နေ့နံနက်တွင် ခရီးထွက်ရန်

www.burmeseclassic.com



စီစဉ်ထားပါသည်။ ထို့ကြောင့် ၄င်း၏ငယ်သားများအား…။

"ဆရာတို့ မနက်ဖြန်မှာ ဟိုးကျက်နိုင်ငံကိုကူးပြီး ကုန်ရောင်းသွားမယ်။ မနက် (၄)နာရီလောက်ထကြ၊ ဒါမှ မဟူရာချောင်းကိုကူးဖို့ အချိန်ရမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ကဲ … ကဲ…စောစောအိပ်ကြ"

ထို့နေ့ညက ည(၈)နာရီအချိန်လောက်တွင် စတင်အိပ်ရာဝင်ခဲ့ပါသည်။ အိပ်ရာဝင်သည်မှာ စောနေသည့်အတွက် တော်တော်နှင့် အိပ်မပျော်ပါ။ အခြားသူငယ်ချင်းများကတော့ ခေါင်းချသည်နှင့် အိပ်ပျော်သွားပြီး ဟောက်သူက ဟောက်နေချေပြီ။ ကျော်ဒေဝကား (၁၀)နာရီကျော်လောက်မှ မေးကန်အိပ်ပျော်သွားပါသည်။

ကျော်ဒေဝသည် တောအုပ်အတွင်းသို့ မြင်းကိုဒုန်းစိုင်းကာ စီးနင်းလာပါသည်။ အိပ်မက်လား…တကယ်လားဟူ၍ ဝေခွဲမရအောင် ဖြစ်မိပါသည်။ အမှန်တကယ်တော့ ကျော်ဒေဝ၏ အိပ်မက်ပုံရိပ်တစ်ခုပင်…။

ကျော်ဒေဝ၏ခန္ဓာကိုယ်တွင် လူရိုင်းအမျိုးသားများကဲ့သို့ ဝတ်ဆင်ထားပါသည်။ ဦးခေါင်းတွင် လူရိုင်းဦးထုပ်ဆောင်း





ထားပြီး ခန္ဓာကိုယ်အောက်ပိုင်း၌ အညိုရောင်ဘောင်းဘီပွကြီးကို ဝတ်ဆင်ထားပါသည်။ ၄င်း၏ခါးတွင် အနီရောင်ခါးစည်းကြိုးကို စည်းထားပါသည်။ ထို့နောက် အရှေ့ဘက်သို့ ပြေးနေမိပါသည်။

ထိုစဉ် မြင်းခွာသံများကိုကြားရပြီး မြို့တစ်ခုလုံး မီးလောင်နေပါသည်။ လူဆိုးများကား မီးလောင်၍ ပစ္စည်းများထမ်းကာ ထွက်ပြေးနေသူများထံမှ ပစ္စည်းများကို လုယက်ယူငင်နေကြပါသည်။

ထိုသို့လုယက်သည့်အထဲတွင် အမျိုးသမီးတစ်ယောက်ကို လူဆိုးတစ်သိုက်မှ မြင်းပေါ်သို့ဆွဲတင်နေပါသည်။ အမျိုးသမီးကလည်း ရုန်းကန်နေသဖြင့် အခြေအနေရှုပ်ထွေးနေပါသည်။

ဤတွင်ကျော်ဒေဝမှာ…။

"ဒီမိန်းကလေးကို အနိုင်အထက်ပြုကျင့်နေတာ ငါလက်ပိုက်ပြီး ကြည့်မနေနိုင်ဘူး၊ ဝင်ကယ်မှပဲ"

ထိုသို့တွေးကာ လူဆိုးများရှိရာသို့ပြေးသွားပြီး မျက်နှာကို လက်သီးနှင့်ထိုးလိုက်ပါတော့သည်။

"ခွပ်"

"ခွပ်"

ဤတွင် လူဆိုးတစ်ဦးမှာ မြင်းပေါ်မှကျသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အခြေအနေရှုပ်ထွေးနေစဉ် အခြားလူဆိုးတစ်ဦးက ကျော်ဒေဝအား ဓားဖြင့်ခုတ်လိုက်ရာ ဓားချက်ကိုရှောင်တိမ်းကာ ဓားကိုလုယူပြီး ထိုလူဆိုးကို ပြန်ခုတ်လိုက်ပါသည်။

ကျော်ဒေဝ၏ဓားချက်ကြောင့် လူဆိုးသည် သွေးများ ဖြာကနဲကျလာပြီး မြင်းပေါ်မှ ပြုတ်ကျသွားပါတော့သည်။ အခြား လူဆိုးတစ်ဦးကမူ အနောက်ဖက်ရှိလူဆိုးအုပ်စုထံသို့ သွားရောက် အကြောင်းကြားသည်ဖြစ်ရာ ကျော်ဒေဝလည်း ထိုအမျိုးသမီးကို မြင်းပေါ်သို့ဆွဲတင်ကာ ဘေးလွတ်ရာသို့မြင်းစီးကာ ထွက်ပြေး ခဲ့ပါသည်။

ကျော်ဒေဝသည် သူမကို ရင်ခွင်ထဲတွင်ထားကာ မြင်းစီး လာစဉ် သူမ၏နွေးထွေးသောရင်ငွေ့၏ အထိအတွေ့ကို ပူနွေးစွာ ခံစားလိုက်ရပါသည်။ ၎င်းသည် နောက်သို့လှည့်ကြည့်ရာ ၎င်းတို့ နောက်သို့ ရန်သူများလိုက်လာသည်ကို တွေ့လိုက်ရပါ တော့သည်။

ထို့ကြောင့် ကျော်ဒေဝသည် မြင်းကိုဒုန်းစိုင်းကာ စီးနင်းခဲ့ပါသည်။ မြင်းကား ရိပ်ကနဲ…ရိပ်ကနဲ …ပြေးနေဆဲ…။ ရန်သူများက လည်းနောက်မှလိုက်နေဆဲ…။

ထိုသို့ဖြင့် ၎င်းတို့နှစ်ဦးသည် မြင်းကိုဒုန်းစိုင်းစီးရင်း





မကြာမီ မြို့ပြင်သို့ရောက်ရှိလာခဲ့ပါသည်။ မြင်းခွာသံများကလည်း ၎င်းတို့၏ နောက်မှထပ်ချပ်မကွာ လိုက်ပါသံကြားနေရပါသည်။ ဤအတိုင်း ပြေးနေလျှင် လွတ်မြောက်နိုင်မည်မဟုတ်မှန်း ကောင်းစွာသိလိုက်ပါသည်။

"ကျွန်တော်တို့ ဒီအတိုင်းဆက်ပြေးနေရင် လွတ်မှာ မဟုတ်ဘူး"

"ဒါဆို ဘယ်လိုလုပ်မလဲ"

"ကျွန်တော်တို့ ဒီခြုံပုတ်ထဲမှ ဝင်ပုန်းမှဖြစ်မယ်"

သူတို့နှစ်ဦး မြင်းပေါ်မှခုန်ချကာ ခြုံပုတ်အတွင်းသို့ အမြန် ဝင်ပုန်းလိုက်ပါသည်။ ခြုံပုတ်မှာ လူတစ်ယောက် ပုန်းအောင်းရန်နေရာသာရှိသဖြင့် လူဆိုးများမမြင်နိုင်ရန် ထိုအမျိုး သမီး ဝပ်၍ပုန်းနေပါသည်။

ကျော်ဒေဝသည် မိန်းမပျိုတစ်ယောက်နှင့် ဤသို့ နီးကပ်စွာ နေရသည့်အတွက် ရင်ဝယ်တဒိတ်ဒိတ်ခုန်နေပါသည်။

ဤတွင် ၎င်းတို့၏အနားသို့ရန်သူများရောက်ရှိလာခဲ့ပါပြီ။

၎င်းတို့နှစ်ဦး ခြုံပုတ်ထဲတွင်ရှိမှန်းသိသဖြင့်…။

"ဟိုကောင်နဲ့ ကောင်မ ထွက်ခဲ့စမ်း၊ မထွက်လို့ကတော့ အသေပဲ"



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးတစ်သိုက်မှာ မိုက်ရိုင်းစော်ကားသည့်စကားကို ဆိုကာ ခြုံပုတ်ထဲမှ ထွက်ခိုင်းခဲ့ပါသည်။ ဤတွင် မိန်းမပျိုကလေး သည် တစ်စုံတစ်ခုကိုရွတ်ဆိုလိုက်ရာ မြွေများစွာထွက်ပေါ်လာပြီး လူဆိုးများကို ကိုက်သဖြင့် ထိုလူဆိုးများ ထွက်ပြေးကြပါသည်။ ထို့နောက် ကျွန်တော်တို့နှစ်ဦးသည် လေးညို့မှပစ်လွှတ်လိုက်သော မြားတစ်စင်း၏အရှိန်အဟုန်ကဲ့သို့ မြင်းတစ်စီးဖြင့် အပြင်းနှင်လာ ရာ တောအုပ်တစ်ခုအတွင်းသို့ ရောက်ရှိခဲ့ပါသည်။

"အမောင် … ရန်သူတွေရဲ့လက်ထဲက ကယ်တင်ခဲ့တဲ့ အတွက် အမောင့်ရဲ့ကျေးဇူးကို တစ်သက်မမေ့နိုင်ပါ"

"ကယ်သင့်၍ကယ်ရသည်ဟု မှတ်ပါတယ်"

ထိုသို့ပြောပြီး လှည့်အထွက်တွင် …။

"အို…အမောင် … အမောင့်ကို သတိပေးရဦးမယ်"

"ပြောပါ"

"အမောင်ဖြတ်သန်းမယ့်မဟူရာချောင်းကို ကြည့်လိုက် စမ်းပါ။ ရေတွေအလွန် တက်နေပါတယ်။ ဒီချောင်းကို နံနက်ပိုင်း မှာ ဖြတ်မကူးပါနဲ့၊ နေ့ခင်း နှစ်ချက်တီးကျော်မှကူးပါအမောင်"

"ကောင်းပါပြီ"

မြင်းဇက်ကြိုးကိုဆွဲကာ မဟူရာချောင်းကို ဖြတ်မကူး





နိုင်ဘဲ ငေးကြည့်နေစဉ် လန့်နိုးလာခဲ့ပါတော့သည်။

"ဩော်…ငါအိပ်မက်တွေ မက်နေတာပါလား"

"ဒီလိုအိပ်မက်မျိုးတစ်မခါမှ မမက်ဘူးပါဘူး"

"အိပ်မက်ထဲက မိန်းကလေးဟာ ဘယ်သူနဲ့တူသလဲ မသိဘူး၊ ဒါပေမဲ့ ဒီမိန်းကလေးကို ရင်းရင်းနှီးနှီးမြင်ဖူးသလိုလိုပဲ"

"ငါကလည်း ဘယ်မိန်းကလေးနဲ့မှ ရင်းရင်းနှီးနှီး မနေဘူးပါဘူး"

ထိုသို့စဉ်းစားရင်း ထိုမိန်းကလေး၏အကြောင်းကို စဉ်းစားနေမိပါသည်။ အတန်ကြာ စဉ်းစားမိသောအခါ …။

"သိပြီ …သိပြီ … ဒီမိန်းကလေးဟာ လူရိုင်းအဘိုးအို ပေးတဲ့ရုပ်တုထဲက မိန်းကလေးနဲ့တူတာကိုး"

ရုပ်တုရှင်နှင့်အတော်ဆင်တူကြောင်းစဉ်းစားခဲ့မိပါသည်။

"ဩော် … ငါဟာ ရုပ်တုကလေးကို စိတ်စွဲပြီး အိပ်မက် မက်တာနဲ့တူတယ်"

ဟူ၍ တစ်ကိုယ်တည်းတွေးရင်း ပြန်အိပ်ခဲ့ပါသည်။

နံနက် လေးနာရီထိုးခဲ့လေပြီ။

ခရီးသွားရမည်ဖြစ်၍ အားလုံးထကာ မျက်နှာသစ် သွားတိုက်၊ အသင့်ပြင်သူပြင်နှင့် ခရီးအတွက် ပြင်ဆင်နေကြပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပစ္စည်းများကို မြင်းပေါ်တင်ပြီး နံနက် (၅) နာရီတွင် ဤနေရာမှ စတင်ထွက်ခွာခဲ့ ပါသည်။

မကြာမီ တမူးဂိတ်သို့ ရောက်ခဲ့ပါပြီ။

တမူးဂိတ်တွင် အင်္ဂလိပ်စစ်သားများ စောင့်နေပါသည်။ ဦးဘထွန်းသည် တစ်ဖက်နိုင်ငံကူးရန် ဂိတ်ကြေးပေးခဲ့ပါသည်။ အင်္ဂလိပ်စစ်သားများသည် ကုန်ပစ္စည်းများကိုရှာဖွေပြီးနောက် ဂိတ်ဖြတ်ခွင့်ပြုလိုက်ပါသည်။

ကျော်ဒေဝတို့အားလုံး ချောင်းတစ်ခုနားသို့ ရောက်လာခဲ့ပါသည်။ ထိုချောင်းကလေးကို မြင်တွေ့လိုက်ရသည်နှင့် အိပ်မက်ထဲမှ ချောင်းကလေးနှင့်အလွန်တူကြောင်း သတိပြုမိပါသည်။ ကျော်ဒေဝမှာ ထိုနေရာသို့ ယခုမှရောက်ဖူးသူဖြစ်၍ ဤချောင်းကလေး၏အမည်ကို မသိပါ။ ထို့ကြောင့် ၎င်းတို့၏ ဆရာကြီးဖြစ်သူ ဦးဘထွန်းအား ...။

"ဆရာကြီး...ဒီချောင်းက ဘာချောင်းလဲ"

"ဒါ...'မဟူရာ'...ချောင်းပေါ့"

"ဗျာ"

မဟူရာချောင်းဟုပြောလိုက်သည့်အသံကို ကြားရသောအခါ ကျော်ဒေဝတစ်ယောက် လွန်စွာအံ့ဩသွားပါသည်။





"ဒါ...အိပ်မက်ထဲကချောင်းရဲ့နာမည်ပဲ၊ အခုလဲ အိပ်မက်ထဲကလို ရေကြီးနေတယ်၊ မြင်းတွေဖြတ်နိုင်ပါ့မလား မသိ"

ယိုသို့တွေးနေစဉ် ဆရာကြီးဦးဘထွန်းမှ...။

"မဟူရာချောင်းမှာ ရေတွေပြည့်နေတယ်၊ ငါ့မြင်းတွေ ဒီချောင်းကိုဖြတ်မှဖြတ်နိုင်ပါ့မလား" ဟူ၍ ကျော်ဒေဝ၏ဘေးနားတွင် ညည်းညည်းညူညူပြောလိုက်ပါသည်။ ဤတွင် ကျော်ဒေဝမှ ကောက်ကာငင်ကာ လွှတ်ကနဲပြောလိုက်ပါသည်။

"ညနေနစ်ချက်တီးကျော်ရင် ရေကျသွားလိမ့်မယ်၊ ဒီတော့မှကူးပါ"

"ဟေ ... မင်းက ဒီနေရာကို တစ်ခေါက်မှမရောက်ဖူးဘဲနဲ့ ရေဘယ်အချိန်ကျမယ်ဆိုတာ ပြောနိုင်တာလဲ"

"ကျွန်တော် ... ကျွန်တော်"

မည်သို့ပြောရမှန်းမသိအောင် ဖြစ်နေပါသည်။ နောက်မှ

"ကျွန်တော်တို့ရွာက ချောင်းကလေးကို အမှတ်ရလို့ပါ။ အဲဒီ ချောင်းကလေးက ညနေဆိုရင် ရေကျသွားတတ်လို့ပါ"

"အေး...ဖြတ်ကူးလို့မရတဲ့အတူတူ ရေကျအောင် စောင့်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် ထိုနေရာတစ်ဝိုက်တွင် ခေတ္တထိုင်ကာ စောင့်နေခဲ့ပါသည်။ နေမွန်းတည့်ချိန်တွင် တဖြည်းဖြည်းရေကျလာပါသည်။ ညနေနှစ်ချက်တီးကျော်ကျော်တွင် မြင်းများဖြတ်ကူးနိုင်သည့်အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။

ဤတွင် ဆရာကြီးဦးဘထွန်းမှ …။

"ကဲ…ကျော်ဒေဝရေ…မင်းပြောသလိုပဲ အခုမှ ရေကျသွားတယ်၊ မင်းရဲ့ဗိုက်ထဲမှာ ပုဏ္ဏားလေးရှိတယ်ထင်တယ်"

"ဟာ…ဆရာကြီးကလဲ…ကျွန်တော့်ပါးစပ်က လွှတ်ကနဲ ထွက်သွားတာပါ"

"ကဲ…ကဲ…ဟိုဘက်ကမ်းကို ကူးကြမယ်ဟေ့"

"ဟုတ်ကဲ့…ဟုတ်ကဲ့"

ကုန်ပစ္စည်းများကို မြင်းပေါ်တင်ပြီး မဟူရာချောင်းကို ဖြတ်ကူးခဲ့ကြပါသည်။ မဟူရာချောင်းကား များစွာမကျယ်လှပါ။ မကြာမီ ဤချောင်းကိုဖြတ်ကာ အိန္ဒိယနိုင်ငံဘက်ကမ်းသို့ ရောက်ရှိလာပါသည်။ ဤတွင်ဆရာကြီး ဦးဘထွန်းမှ‥။

"ဟော ဟိုမှာတွေ့ရတာ…မိုးရေးမြို့ပေါ့"

မိုးရေးမြို့တွင် အိန္ဒိယလူမျိုးများနှင့် ကုန်သည်မြန်မာလူမျိုးအချို့ကို တွေ့ရပါသည်။





ဆရာကြီးဦးဘထွန်းတို့အုပ်စု မိုးရေးမြို့ထဲသို့ ရောက်ရှိ…ခဲ့ပါသည်။

"တို့အုပ်စု မိုးရေးမှာ တစ်ညအိပ်မယ်၊ ရှေ့တစ်ပြ…ဆက်သွားရင် တို့တည်းခိုမယ့်နေရာကို ရောက်ပြီ"

ထိုသို့ဖြင့် အနည်းငယ်ဆက်၍သွားရာ တည်းခိုမည့်…ရာသို့ ရောက်သွားပါသည်။ ဦးဘထွန်းတို့အုပ်စုသည် ထိုနေရာ…တစ်ညတာနားခိုခဲ့ကြပါသည်။ ဤသို့နားနေရင်း ဦးဘထွန်းက…း‌ပြောပါသည်။

"ဒီနေရာက နယ်စပ်မြို့ကလေးဆိုတော့ ငါတို့ရဲ့…န်တွေကို ဈေးနှိမ်ပြီးဝယ်တယ်၊ ပြီးရင် "အင်ဖာမြို့"ကို…းရောင်းတာ၊ ဈေးက နှစ်ဆကွာတယ်၊ ဒီတော့ ငါတို့ကလည်း…န်ပစ္စည်းတွေကို ဒီမှာမရောင်းဘူး၊ အင်ဖာအထိ တက်ရောင်း…ယ်၊ ဟိုမှာ ငါ့သူငယ်ချင်းသူဌေး မစ္စတာကူးမားဆိုတာရှိတယ်၊ …င်ဖာဈေးထဲမှာ ဆိုင်ကြီးကို ဖွင့်ထားနေတာပဲ၊ အဲဒီမှာရောင်းမယ်"

"ဟုတ်ကဲ့ ဆရာကြီး"

"ကဲ … မိုးရေးမှာတစ်ညအိပ်ပြီးတာနဲ့ မနက်ဖြန်မှာ…င်ဖာကို သွားကြမယ်"

ထိုနေ့ညက မိုးရေးမြို့တွင် တစ်ညအိပ်ခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်တွင် စတင်ခရီးထွက်ခဲ့ကြပါသည်။ ကုန်ပစ္စည်း အထုပ်အပိုးများ သယ်ဆောင်လာသည့် ကျွန်တော် အဖွဲ့မှာ တဖြည်းဖြည်းအင်ဖာမြို့ဆီသို့ ရောက်ရှိလာပါသည်။

အင်ဖာမြို့သည် မိုးရေးမြို့ထက် ပိုကြီးပြီး တိုက် အဆောက်အဦတွေ များပါသည်။ များသောအားဖြင့် ထိုမြို့ရှိတိုက် များမှာ တစ်ထပ်တိုက်ပုကလေးများဖြစ်ပြီး အမိုးကား ပြင်ညီ အမျိုးအစားဖြစ်ပါသည်။ ထိုပြင်ညီခေါင်မိုးတွင် ညနေ မိသားစုများအပန်းဖြေထိုင်ရာနေရာ ဖြစ်ကြောင်း နော သိရပါသည်။ အချို့သောမြို့စွန်ရှိတိုက်များမှာ ထိုပြင် ခေါင်မိုးပေါ်တွင် စပါးများလှမ်းထားကြပါသည်။

အိမ်တိုင်းလိုလို အိမ်ရှေ့တွင် နွားချေးကို အခြောက်လှ ထားသည်ကိုတွေ့မြင်နိုင်ပါသည်။ ထိုနွားချေးခြောက်အပြ ကလေးများမှာ လောင်စာအဖြစ်အိမ်ရှင်မများက အသုံးပြု သည်။

ဦးဘထွန်းတို့အုပ်စုမှာ အင်ဖာမြို့တွင်းတစ်လျှော ဝင်လာရင်း သူဌေးကူးမား၏အိမ်သို့ ရောက်ရှိလာခဲ့ကြပါသည်။ သူဌေးကူးမား၏ နေအိမ်ကား ကျယ်ဝန်းလှပါသည်။ ဝင်းနှင့်ခြံ ကျယ်ဝန်းလှသည့်အပြင် ၎င်းနေထိုင်သည့် တိုက်ကြီး၏အနော တွင် ဧည့်သည်များတည်းခိုရန်အတွက် တိုက်တစ်လုံး ဆောက် ထားပါသည်။ ကုန်ပစ္စည်းများထားရန် ဂိုထောင်များလည်းရှိသဖြင့် ဦးဘထွန်းတို့အုပ်စုအတွက် များစွာအဆင်ပြေလှပါသည်။ ရေမီး စ အားလုံးပြည့်စုံသည့်အဆောက်အဦတွင် တည်းခိုခဲ့ကြ ပါသည်။

ကျော်ဒေဝတို့၏ဆရာကြီးဖြစ်သူ ဦးဘထွန်းမှာ ဟိန္ဒူ စတန်နီစကားကို ကောင်းစွာပြောတတ်သကဲ့သို့ ကျော်ဒေဝတို့ အုပ်စုမှာလည်း ထိုစကားကို အတော်အတန်ပြောနိုင်ပြီး သူတို့ စကားကို ကောင်းစွာနားလည်ပါသည်။ အိန္ဒိယဘက်သို့ ပစ္စည်းထိန်းများအဖြစ် လိုက်ပါရမည့်သူများကို ဦးဘထွန်းမှ အိန္ဒိယနိုင်ငံတွင် အသုံးများသည့် ဟိန္ဒူစတန်နီစကားကို ကောင်းစွာသင်ပေးပါသည်။

ဦးဘထွန်းနှင့် သူဌေးကူးမားတို့ တွေ့ခဲ့ကြပါပြီ။ ကျွန်တော်တို့အထင်တွင် ဟိန္ဒူစတန်နီဘာသာဖြင့် ပြောဆိုကြ မည်ဟု ထင်မှတ်ထားခဲ့ပါသည်။ သို့သော် ၎င်းတို့နှစ်ဦးတွေ့ဆုံစဉ် သူဌေးကူးမားမှာ ဦးဘထွန်းကိုဖက်ပြီး...။

"ဘထွန်း...မင်းကိုတွေ့ရတာ ငါအရမ်းဝမ်းသာတာပဲ" ဟုပြောသဖြင့် ကျော်ဒေဝတို့လူသိုက်မှာ အံ့သြခဲ့

www.burmeseclassic.com



ရပါသည်။

ဤတွင်ဦးဘထွန်းကလည်း သူဌေးကူးမားအား ပြန်ဖ…

ထားရင်း…။

"မင်းကိုအလွန်တွေ့ချင်လို့ လာခဲ့တာပေါ့ကွာ"

"လာပါသူငယ်ချင်း ဘထွန်း၊ မင်းဒီမှာ ကြိုး…

သလောက် နေပါ"

"ငါ့မှာ ကုန်ပစ္စည်းတွေပါလာတယ်၊ အဲဒါ မင်း…

ဖြတ်ပြီးယူပါ"

"ကုန်ပစ္စည်းတွေကို ငါရောင်းပေးပါ့မယ်၊ မင်းတို့…

ဒီမှာ တစ်လတန်သည်၊ နှစ်လတန်သည်နေပါ"

"အေးပါကွာ၊ တစ်လလောက်တော့ နေပါမယ်၊ …

ပစ္စည်းလက်ကျန်နည်းသွားမှ တစ်ခေါက်ပြန်မယ်"

"သိပ်ကောင်းတာပေါ့ သူငယ်ချင်းရယ်"

၎င်းတို့နှစ်ယောက်မှာ လွန်စွာရင်းနှီးနေသည့်အတွ…

ကျန်လူများမှာ နားလည်ရန်ခက်လှပါသည်။ ဤတွင် သူ…

ကူးမားက ရှင်းပြပါသည်။

"သူငယ်တို့…ငါနဲ့ မင်းတို့ရဲ့ဆရာဟာ အရမ်းရင်းနှီး…

တဲ့အတွက် အံ့ဩနေသလား၊ မအံ့ဩပါနဲ့၊ သူနဲ့ငါ…





မြန်မာပြည်မှာထဲက အလွန်ခင်တဲ့သူငယ်ချင်းတွေပဲ၊ ငါဟာ မြန်မာပြည်မှာမွေးတာ၊ ဘထွန်းနဲ့ ငယ်ငယ်လေးထဲက သူငယ်ချင်းပဲ"

"ဪ"

"နောက်မှ မြန်မာပြည်ကနေ တို့ရဲ့အမျိုးများရှိရာ အင်ဖာကို ပြောင်းလာရင်း ဒီမှာအိမ်ထောင်ကျတယ်၊ ဒီမှာ ဆိုင်ခန်းတွေနဲ့ စီးပွားရေးလုပ်ခဲ့ရတယ်၊ မြန်မာပြည်ကို မပြန်ရတော့ မြန်မာပြည်ကို လွမ်းမိတယ်။ ဒါပေမဲ့ ငါဟာ မပြန်နိုင်သေးတဲ့ဘဝမို့ အခုလို မိတ်ဆွေဟောင်းတွေနဲ့တွေ့ရတာ လွန်စွာ ဝမ်းသာနေမိတယ်"

ကျွန်တော်တို့အုပ်စုမှာလည်း သူဌေးသာဆိုသည့် မာန်မာနကင်းစင်ကာ နွေးထွေးသောစကားများဖြင့် ဧည့်ခံကြိုဆိုသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။

ကျော်ဒေဝနှင့် သူငယ်ချင်းတစ်စုမှာ အင်ဖာမြို့တွင် ရောက်တုန်းရောက်ခိုက် နားနားနေနေ နေခဲ့ကြပါသည်။ ကုန်ပစ္စည်းများကုန်အောင် ရောင်းရမည်ဖြစ်၍ အင်ဖာမြို့တွင် တစ်ပတ်နှစ်ပတ်ခန့် နေရဦးမည်။ ကျွန်တော်တို့အား ထိုနေရာ ထိုဒေသ၏နေရာအနှံ့အပြားကို လိုက်လံ ပြသပေးခဲ့ပါသည်။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)
## အနွယ်ရာယ်ဂူမှ ချစ်ကဲ့ခေသူများ

အင်ဖာမြို့ကား များစွာမကျယ်ဝန်းလှပါ။ ဈေးကြီး၊ ကျောင်း၊ ဆေးရုံ၊ ဂါတ်တဲတို့ဖြင့် မြို့အင်္ဂါနှင့်ညီညွတ်သောမြို့တစ်မြို့ဖြစ်ပါသည်။ ထိုမှဆက်သွားသော မြို့ပြင်နှင့်အနည်းငယ်ဝေးကွာသော ကျေးရွာများဆီသို့ရောက်ပေမည်။ ထိုရွာများ၏အမည်ကား အိန္ဒိယအမည်များ ဖြစ်ပါသည်။

ကျေးရွာနားသို့ကျော်လွန်သွားသောအခါ တောင်တန်းများနှင့် လိုဏ်ဂူများရှိပါသည်။ ၎င်းတို့ကို လိုက်လံပို့ဆောင်ပေးသော မူးနားဆိုသည့် ကောင်ကလေးက ဤတောင်တန်းများနှင့် လိုဏ်ဂူအကြောင်း ရှင်းပြပါသည်။

"ဒီလိုဏ်ဂူမှာ ရာဇဝင်ရှိပါတယ်"

"ဘယ်လိုရာဇဝင်ရှိလဲဆိုတာ ရှင်းပြပါဦးမူးနား"

"ဟိုး ဘက်ကိုဆက်သွားရင် ရာဇဂြိုဟ်ဆိုတဲ့မြို့ရှိတယ်"





"အေး...အဲဒီ ရာဇဂြိုဟ်ဆိုတဲ့မြို့ကို တို့ကြားဖူးတယ်"

"အဲဒီရာဇဂြိုဟ်မှာ ဗိမ္ဗိသာရမင်းကြီး အုပ်ချုပ်မင်းလုပ်တယ်၊ သူ့ရဲ့သားတော်က အဇာတသတ်ပေါ့"

"အေး...အဲဒီရာဇဝင်ကိုလည်း တို့ကြားဖူးတယ်"

"အဇာတသတ်က ထီးနန်းကိုလိုချင်တော့ ဗိမ္ဗိသာရမင်းကြီးကို သတ်ပြီးမင်းပြုတယ်၊ အဇာတသတ်ရဲ့ သားတော်ကလည်း အဇာတသတ်ကိုသတ်ပြီး မင်းပြုပြန်တယ်၊ အဇာတသတ်မျိုးရိုးတွေဟာ ဖအေကိုသတ်ပြီးမင်းပြုကြတဲ့အတွက် တိုင်းသူပြည်သားတွေက မခံမရပ်နိုင်ဖြစ်ပြီး တော်လှန်တဲ့အတွက် နောက်ဆုံးမင်းဆက်ဟာ ရာဇဂြိုဟ်က နေပြီး ထွက်ပြေးခဲ့ရတယ်၊ အဲဒီလိုထွက်ပြေးတဲ့အခါ ဒီဂူကြီးမှာ တထောက်နားခဲ့ကြတယ်၊ နောက်လိုက်တဲ့ တိုင်းသူပြည်သားတွေက လည်း အဇာတသတ်မျိုးရိုး နောက်ဆုံးမင်းကို ရှာမတွေ့လို့ပြန်သွားခဲ့တယ်၊ တိုင်းသူပြည်သားတွေပြန်သွားမှ နောက်ဆုံးမင်းဆက်ဟာ အဲဒီကနေပြီး မြန်မာပြည်ထဲကို ပြေးဝင်ခဲ့တယ်၊ အဲဒီမင်းနဲ့အတူ ဆွေတော်မျိုးတော်တွေလည်း ပါသွားတယ်၊ မြန်မာပြည်မှာ နွယ်ပတ်မြို့ကို တည်ထောင်ပြီး နေခဲ့ကြကယ်"

"ဟုတ်တယ်၊ အဲဒီနွယ်ပတ်မြို့ကို ကျုပ်တို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်ဖူးပါတယ်''

''ဒါတင်မကသေးဘူး၊ ဒီကျောက်ဂူကြီးဟာ နောက်ထပ် သံယောဇဉ်ဇာတ်လမ်းတစ်ပုဒ် ရှိသေးတယ်''

''သံယောဇဉ်ဇာတ်လမ်းတစ်ပုဒ် ဟုတ်လား ပြောစမ်းပါဦး မူးနားရယ်''

''ဒီကျောက်ဂူကြီးဟာ ထူးဆန်းတဲ့တန်ခိုးရှိတယ်လို့ ဒီဒေသခံ လူအများက ယုံကြည်ထားကြတယ်''

''ဘယ်လိုထူးဆန်းတဲ့တန်ခိုးလဲ''

''ရန်သူတွေကို မမြင်နိုင်အောင် ကာကွယ်ထားနိုင်တဲ့ အစွမ်းသတ္တိတဲ့''

''သြော် ... ဟုတ်လား...''

''ဒီဂူကြီးဟာ ရှေးနှစ်ပေါင်းများစွာတုန်းက သူခိုးကြီး အုပ်စုဟာ ဒီဂူကြီးထဲမှာ တိုက်ရာပါပစ္စည်းတွေ သိမ်းဆည်းထားတာပေါ့၊ အဲဒီသူခိုးကြီးနာမည်က အာမက်တဲ့၊ အလီဘာဘာ ပုံပြင်ထဲက နာမည်နဲ့တူတယ်၊ အဲဒီတုန်းက ဒီနေရာဟာ တောကြီးဆိုပဲ''

''ဟုတ်မှာပေါ့၊ အခုတောင် သစ်ပင်ကြီးတွေ တွေ့နေရတာပဲ''





''တစ်နေ့မှာ သူခိုးကြီးဟာ အသက်နှစ်ဆယ်လောက် ကောင်မလေးတစ်ယောက်ကို ချစ်ကြိုက်ပြီး အဲဒီဂူကြီးထဲကို ခိုးယူလာခဲ့တယ်၊ ကောင်မလေးကငယ်ငယ်၊ သူခိုးကြီးအာမက်ဟာ အသက်လေးဆယ်ကျော်ကျော် လူကြမ်းစိတ်ကြမ်းကြီးဆိုတော့ ရုပ်ရည်ကလဲမလှဘူး၊ ကောင်မလေးကလည်း သူ့ကိုမကြိုက်ဘူး၊ ဒီလိုနဲ့ကောင်မလေးကို ဒီဂူထဲမှာပေါင်းဖော်ခဲ့တယ်၊ ကောင်မလေးကိုလည်း သူခိုးကြီးဟာ အရမ်းကိုချစ်ကြိုက်သွားခဲ့တယ်၊ သူခိုးကြီးက ချစ်ကြိုက်လေလေ၊ ကောင်မလေးက ဒေါသထွက်လေလေပေါ့၊ ဒီလိုနဲ့ သူခိုးကြီးအိပ်ပျော်နေတုန်းမှာ ဟောဟိုက မြင်ရတဲ့ တောင်တန်းပေါ်ကို တက်သွားခဲ့တယ်၊ သူခိုးကြီးလဲ အိပ်ရာက နိုးရော ကောင်မလေးကိုမတွေ့တော့ လိုက်ရှာတာ ကောင်မလေးဟာ တောင်ထိပ်ပေါ်ကိုရောက်နေပြီ။ ဒါနဲ့ ကောင်မလေး နောက်ကို အပြေးလိုက်ပြီး တောင်ထိပ်ကိုတက်သွားတဲ့အခါမှာ ကောင်မလေးက တောင်ထိပ်ကနေ အောက်ကိုခုန်ချလိုက်သတဲ့၊ သူခိုးကြီးကလည်း လှမ်းဆွဲတာပဲ၊ ဒါပေမဲ့ မမီတော့ဘူး၊ နောက်ကျသွားပြီ၊ ကောင်မလေးဟာ တောင်အောက်ကိုကျပြီး သေဆုံးသွားခဲ့တယ်၊ ဒီတော့မှ စိတ်ကြမ်းလူကြမ်းနဲ့နေခဲ့တဲ့ သူခိုးကြီးရဲ့ရင်ထဲမှာ အချစ်ဆိုတာကို ပေါက်ဖွားနေမှန်းသိတော့



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီထဲက သူခိုးကြီးဟာ ဘာလုပ်လုပ် စိတ်မပါတော့ဘူး၊ တစ်နေ့တစ်နေ့ ဒီကောင်မလေးကိုပဲ စွဲလန်းပြီး စိတ်မကောင်းဖြစ်နေတယ်၊ သူဟာ သူခိုးအလုပ်ကိုလည်း မလုပ်တော့ဘဲ တောင်ထိပ်မှာပဲသွားပြီး ထိုင်စောင့်နေတယ်၊ နောက်တော့ သူဟာ ဝမ်းနည်းကြေကွဲမှုကို မခံနိုင်တဲ့အဆုံးမှာ သူ့ကိုယ်သူဓားနဲ့ ထိုးပြီး သတ်သေသွားခဲ့တယ်''

''အင်း…သနားစရာပဲနော်''

''ဒီလိုနဲ့ အဲဒီသူခိုးကြီးသေဆုံးသွားတဲ့အခါမှာ ဥစ္စာပစ္စည်းတွေဟာ ဒီဂူထဲမှာ ကျန်ရစ်ခဲ့တယ်၊ သူခိုးကြီးကတော့ ပစ္စည်းဥစ္စာကို စွဲလန်းပြီး မကျွတ်မလွတ်ဖြစ်ပြီး အမြဲခြောက်လှန့်ခဲ့တယ်၊ ဒါကြောင့် ဒီဂူကြီးကို ''အာမက်သိုက်''လို့ ခေါ်ခဲ့ကြတယ်၊ တစ်ချို့ကလည်း အန္တရာယ်ဂူလို့ ခေါ်ကြတယ်''

''ဩော်…အန္တရာယ်ဂူ (သို့မဟုတ်) အာမက်သိုက်ဆိုတာ ဒါကိုး''

''နောက်တော့ နှစ်ပေါင်းများစွာကြာတဲ့အခါမှာ အဲဒီနားမှာ လူနေတဲ့တဲကလေး လေးငါးလုံးခန့်ဆောက်ပြီး နေလာခဲ့ကြတယ်။ အဲဒီမှာနေတဲ့လင်မယားမှာ ချစ်စရာကောင်းတဲ့ သမီးကလေးတစ်ဦး မွေးဖွားခဲ့ကြတယ်။ အဲဒီကလေးမလေးဟာ





တောနဲ့မတန်အောင် တော်တော်ချောတယ်တဲ့၊ ကောင်မလေးဝင်စားတာလို့ပြောကြတယ်၊ အဲဒီကောင်မလေးချောတဲ့အတွက် ဘုရင်ခံကတော်ဖြစ်မယ်လို့ ပြောကြတယ်၊ ဒီလိုနဲ့နှစ်ပေါင်းများစွာကြာတဲ့အခါ မဂိုလူမျိုးတွေနဲ့ ဟိန္ဒူလူမျိုးတွေ စစ်ဖြစ်ခဲ့ကြတယ်''

တစ်နေ့မှာတော့ …။

မဂိုလူမျိုးတွေကို ဟိန္ဒူလူမျိုးတွေက လျှပ်တပြက်တိုက်ခိုက်မှုကြောင့် မဂိုလူမျိုး မြို့စားကြီးတစ်ဦးဟာ ထွက်ပြေးပုန်းရှောင်ရင်း သူရဲ့ ရဲမက်တွေနဲ့လည်း ကွဲသွားပြီး ညဥ့်အမှောင်ထဲမှာ အဲဒီကောင်မလေးနားကို ရောက်လာခဲ့ပါသည်။

''ဟင် … မှောင်မှောင်မည်းမည်းထဲမှာ ဒီတဲထဲကို ဝင်ပုန်းရင် ကောင်းမယ်နဲ့တူတယ်''

ထိုသို့စိတ်ကူးနှင့်အတူ တဲတံခါးကိုဖွင့်ပြီး အိပ်ခန်းအတွင်းသို့ ဝင်လာပါသည်။

ထိုမိန်းကလေးကလည်း မမျှော်လင့်ဘဲ လူတစ်ယောက်ဝင်လာသည့်အတွက် လွန်စွာအံ့အားသင့်ပြီးအော်ရန်ပြစဉ်တွင် ထိုမိန်းကလေး၏ပါးစပ်ကို ထိုလူက လက်ဖြင့်အုပ်လိုက်ပါသည်။

''မအော်ပါနဲ့၊ ငါ လူဆိုးမဟုတ်ဘူး၊ လူကောင်းပါ''



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးမှာ မျက်လုံးအဝိုင်းသားနှင့် အံ့သြစွာကြည့်နေပါသည်။ အမှန်တကယ်တော့ ထိုမိန်းကလေးမှာ ဟိန္ဒူလူမျိုး…။

ယခုရောက်လာသည့် လူစိမ်းဧည့်သည်မှာ အဝတ်အစားကိုကြည့်ရုံနှင့် မဂိုလူမျိုးအရာရှိအရာခံ တစ်ယောက်ဖြစ်သည်ကို ဝတ်စားဆင်ယင်ပုံကိုကြည့်သည်နှင့် သိလိုက်ပါသည်။

ထိုစဉ်က မဂိုအင်ပါယာထူထောင်ကာ အုပ်ချုပ်နေသော အချိန်အခါဖြစ်၍ မဂိုအရာရှိမှာ ၄င်းတို့အား အုပ်ချုပ်သူဖြစ်နေ၍ စိုးရွံ့တုန်လှုပ်နေပါသည်။

"မကြောက်ပါနဲ့ မိန်းကလေး၊ ကျေးဇူးပြုပြီး မင်းရဲ့ မီးအိမ်ကို ငြိမ်းပြီး တိတ်တိတ်ကလေးနေပေးပါ"

"ဟုတ်…ဟုတ်ကဲ့"

ထိုမိန်းကလေးကား ကြောက်ရွံ့တုန်လှုပ်စွာ မီးကို မှုတ်လိုက်ပါသည်။ ဤတွင်ရန်သူများမှာ ထိုတဲနားသို့ရောက်ရှိလာခဲ့ပါသည်။

"မဂိုမြို့စားဘယ်ရောက်သွားပြီလဲ…"

"ရှာကြ…ရှာကြ…ဒီနားတင်ပျောက်သွားတာ"

"ဒီနားက တဲထဲများ ဝင်သွားသလား မသိဘူး"

ထိုစဉ် လူစိမ်းဧည့်သည်မှာ တုန်လှုပ်သွားပြီး "သူမ"ကို





သူမ်းဖက်ထားပြီး သူမ၏လည်ပင်းကို ၄င်း၌အသင့်ပါလာသည့် ဓားမြှောင်ဖြင့်ထောက်ကာ…။

"မင်းကိုမေးရင် …ဘယ်သူမှမလာဘူးလို့ ပြောလိုက်၊ ပြောရင် အသေပဲ" အလွန်တိုးသောလေသံဖြင့်ပြောလိုက်သည့် ထိုမြို့စားကြီး၏အသံ…။

"ဟုတ်…ဟုတ်…ဟုတ်ကဲ့"

လေသံဖျော့ဖျော့ကလေးနှင့် ပြောတဲ့သူ့စကား…။

ထို့နောက် သူတို့နှစ်ဦးစလုံး အသက်ပြင်းပြင်းမရှူရဲအောင် ငြိမ်သက်နေပါသည်။ ထိုစဉ်…။

"ခေါက်"

"ခေါက်"

တဲ၏တံခါးကလေးကိုခေါက်သံ ပေါ်ထွက်လာပါသည်။

အပြင်ဘက်က လူများကတံခါးခေါက်ကာ အော်ဟစ်ခေါ်နေပါသည်။

"ဒီတဲထဲမှာ လူတစ်ယောက် ရောက်နေလား"

ထိုအမျိုးသမီးကလေး မည်သို့ဖြေရမှန်းမသိ။

ဤတွင် သူမအားဖက်ထားသည့်လူစိမ်းမှ…။

"ဘယ်သူမှ မရောက်ဘူးလို့ဖြေလိုက်"ဟု လေသံ



www.burmeseclassic.com

www.burmeseclassic.com



သဲ့သဲ့ကလေးဖြင့်ပြောရာ သူမလည်း ကြောက်ကြောက်လန့်လန့် ဖြင့်...။

"ဘယ်သူမှမရောက်ဘူး"

"ရန်သူတစ်ယောက် ဒီဘက်ထွက်ပြေးလာလို့ တွေ့ရ လှမ်းအော်လိုက် ကြားလား"

အပြင်ဘက်မှ လူများ၏အပြောကြောင့် လူစိမ်း အော်မည်စိုး၍ ပိုမိုတင်းကြပ်စွာ ဖက်ထားပါသည်။

"လုံး၀...ရှိတယ်လို့ မပြောနဲ့နော်"

"ဟုတ်ကဲ့"

၄င်းတို့နှစ်ယောက်၏ရင်တွင် ကြောက်လန့်မှုကြောင့် သောမသိ၊ ရင်ခုန်သံများ မြန်ဆန်လှပါသည်။ နှစ်ဦးသား၏ နွေးထွေးသောရင်ငွေ့တို့ဖြင့် ရစ်သိုင်းနေသော အတွေ့အထိသည် သာယာသောပီတိအသွင်သို့ ပြောင်းလဲသွားခဲ့လေပြီ။

ရန်သူများ တဖြည်းဖြည်းဝေးသွားခဲ့လေပြီ။

သည်တော့မှ ထိုမိန်းကလေးက ရင်တွင်းမှရုန်းထွက် လိုက်ပါ သည်။ ဤတွင် မဂိုမြို့စားကြီးမှ ...။

"ကျေးဇူးတင်ပါတယ် မိန်းကလေး... ကျုပ်ဟာ မဂို မြို့စားတစ်ဦးပါ။ တစ်နေ့မှာ မင်းဆီကို ကျေးဇူးဆပ်ဖို့ ပြန်လာ





ခဲ့မယ်"

ထိုမိန်းကလေးသည် ကြောက်ရွံ့စွာခေါင်းငြိမ့်ပြ လိုက်ပါသည်။

"ကဲ ... ကျုပ်သွားပြီ မိန်းကလေး"

ထိုသို့ပြောပြီး အမှောင်အတွင်း ပြေးဝင်ပျောက်ကွယ်သွား ပါသည်။ အပျိုမလေးမိန်းကလေး၏ရင်တွင် တဒိတ်ဒိတ်ခုန်ကာ ကျန်ရစ်ခဲ့ပါသည်။

ထိုသို့ မဂိုလူမျိုးများနှင့် ဟိန္ဒူလူမျိုးများ၏စစ်ပွဲ ပြီးဆုံးသွားပြီး မဂိုလူမျိုးတို့က အနိုင်ရသွားပါသည်။

မကြာမီ ... ထိုမိန်းကလေး၏တဲဆီသို့ မဂိုတပ်သား များ ရောက်ရှိလာပါသည်။

ရောင်စုံအလံများ ဤတဲရှေ့တွင် စိုက်ထူလိုက်ပါသည်။ အဓိပ္ပာယ်မှာမူကား ဤမိန်းကလေးကို မဂိုမြို့စားကြီး၏ ကြင်ယာ တော်အဖြစ် တင်မြှောက်မည့်နိမိတ်ပုံပင်...။ မဂိုမြို့စားကြီးကား ကြင်ယာတော်မရှိသေးသည့် တစ်ကိုယ်တည်းသမားဖြစ်ပြီး ရုပ်ရည်ရူပကာ ချောမောသူတစ်ဦးဖြစ်ပါသည်။

မဂိုမြို့စားကြီးသည် အမှတ်တမဲ့ တဲအတွင်းသို့ဝင်မိ တွင် မီးရောင်မှိန်မှိန်ကြားမှ လျှပ်တပြက် မြင်တွေ့လိုက်ရသော



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး၏အလှတွင် မူးယစ်သွားစေခဲ့သည်။ စစ်ကိုသာ အနိုင်တိုက်နေရသော်လည်း အမှတ်မထင်တွေ့ခဲ့သည့် မိန်းကလေး၏မျက်နှာကို တစိမ့်စိမ့်တွေးရင်း ပြန်လည်မြင်ယောင်လာပါသည်။

မိန်းကလေး၏ နူးညံ့သောအထိအတွေ့သည် တွေးမိတိုင်း သူ၏ရင်ကို နွေးထွေးသွားခဲ့ပါသည်။ အချိန်တိုင်းလိုလို လွမ်းမိုးနေသော မိန်းကလေးကို သူမည်သို့မျှ မမေ့နိုင်တော့ပေ။ စစ်နိုင်သည်နှင့်တပြိုင်နက် သည်မိန်းကလေးအိမ်သို့ လက်ထပ်မည့် သင်္ကေတများကို ပို့လွှတ်ခဲ့ပါသည်။ ချစ်မြတ်နိုးမိသူ၏ မျက်နှာကလေးကို အမြန်ဆုံးတွေ့လိုလှပြီဖြစ်၍ ရွှေငွေရတနာများ စီခြယ်ထားသော လက်ဝတ်ရတနာအမျိုးမျိုးနှင့် သတို့သမီးအင်္ကျီကို လူယုံတော်များဖြင့် ပို့လွှတ်ခဲ့ပါသည်။

မင်္ဂလာရက်ကိုလည်း သတ်မှတ်ခဲ့ပြီးလေပြီ။ မကြာမီ ခင်ပွန်းတော်ရမည့်မြို့စားမင်း၏မျက်နှာကို မသိမသာ သူမခိုးကြည့်မိပါသည်။ လူချောလူလှတစ်ဦးမို့ သူမလည်း ရင်ခုန်စွာ ချစ်ခဲ့မိပါသည်။

သို့သော် သူတို့နှစ်ဦးကြားတွင် လူမျိုးရေးဟူသည့် မြစ်တစ်စင်းခြားခဲ့ပါပြီ။ မဂိုမြို့စားကတော်ဘဝဖြင့် ချမ်းသာစွာ





နေရမည်ဖြစ်သော်လည်း ၄င်းတို့မျိုးရိုး၏သစ္စာဖောက်တစ်ဦးအဖြစ် နောင်သားစဉ်မြေးဆက် နာမည်ဆိုးကျန်ရစ်ပေမည်။ အချစ်နှင့် အမျိုးဂုဏ်ကြားတွင် ဝေခွဲမရ ဖြစ်နေပါသည်။

ထိုနေ့ကား သတို့သမီးဝတ်စုံကို ဝတ်ဆင်ကာ မြို့စားမင်းသာခေါ်မည့် မြင်းဖြူလေးကောင်ဆွဲသည့်ရထားလုံးဖြင့် မြို့စားမင်းဆီသို့ သွားရပေတော့မည်။ မြို့စားမင်း၏ ခြွေရံသင်းပင်းအပျိုတော်များက ထိုမိန်းကလေးကို လှပသောသတို့သမီးဝတ်စုံကို ဆင်မြန်းပေးပါသည်။ လက်ထပ်ပွဲကား နာရီအနည်းငယ်မျှသာ သို့ပါတော့သည်။ သတို့သမီး ဝတ်စုံလည်း အဆင်သင့် ဝတ်ဆင်ခဲ့ပြီးပြီ။ မြင်းဖြူလေးကောင်ဆွဲသည့် ရထားလုံးကြီးလည်း မြို့စားမင်းအိမ်တော်မှ မိန်းကလေး၏တဲဆီသို့လာနေစဉ် ထိုမိန်းကလေးသည် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချလိုက်ပါသည်။

ဤသည်ကား အချစ်တစ်ခုဖြင့် ၄င်း၏မျိုးရိုးဂုဏ်သိက္ခာကို မလဲနိုင်ပြီ။ ထို့ကြောင့် ရံရွေတို့အား…

"–ရှင်တို့ ဒီမှာ ခဏနေခဲ့ပါ၊ ကျွန်မတို့ရိုးရာအရ ဟိုဆောင်ပေါ်သို့တက်ပြီး ရိုးရာနတ်ကို ကန်တော့ရန် ခေတ္တသွားပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ သွားပြီးကန်တော့ပါ၊ ကျွန်မတို့ စောင့်ပါမယ်"

ထိုမိန်းကလေးကား ညို့ညို့မှိုင်းမှိုင်းနှင့် မြင့်မားသောတောင်ပေါ်သို့ တက်သွားပါသည်။ ထို့နောက်တောင်ထိပ်ပေါ်သို့ဆက်တက်သွားပြီး တောင်ထိပ်ပေါ်သို့ရောက်ကာနီးတွင် မြေကြီးပေါ်တွင် သစ်ကိုင်းခြောက်တစ်ခုဖြင့်

"အချစ်အတွက်ဖြင့် မျိုးရိုးဂုဏ်သိက္ခာကို မဖျက်နိုင်ပြီ"

ဟူ၍ ဤသို့ရေးသားလိုက်ပါသည်။ ထို့နောက် မြင့်မားသော တောင်ထိပ်မှလွှားကနဲ တောင်အောက်သို့ခုန်ချလိုက်ပါတော့သည်။ အဖြစ်အပျက်အလုံးစုံကို အစအဆုံးကြည့်နေသော ရံရွေတော်များသည် များစွာအထိတ်တလန့်ဖြစ်ကာ တောင်ခြေသို့အပြေးလာကာ ထိုမိန်းကလေးကိုပွေ့ယူပြီး ရထားလုံးပေါ်သို့တင်ဆောင်ကာ မြို့စားမင်းထံ သို့ မြင်းကိုအပြေးမောင်းခဲ့ပါသည်။ မြို့စားမင်းကား မြင်းရထားလာသည်ကို တွေ့သောအခါ သတို့သမီးပါသည်ဟုထင်ကာ ဝမ်းပမ်းတသာ ကြိုဆိုနေပါသည်။

မြင်းရထားဆိုက်သောအခါ သွေးအလိမ်းလိမ်းနှင့် အသက်မြှော့မြှော့သာရှိသော ထိုမိန်းကလေးကို မြင်တွေ့ရသဖြင့် သွန်းစွာအံ့အားသင့်သွားကာ…။





"ကြင်ယာတော်လောင်း … ဘယ်လိုဖြစ်ရတာလဲ"

မိန်းကလေးကို ပွေ့ပိုက်ထားရင်း လှုပ်နိုးကာမေးလိုက်ပါသည်။

"အရှင် … အရှင့်ကိုစတွေ့စမှပင် ရေးဘဂ၏ရေစက်အဟုန်ကြောင့် ကျွန်မအရှင့်ကို မြင်လျှင်မြင်ချင်း [illegible]ကြိုက်ခဲ့ရပါတယ်။ တကယ်တော့ [illegible]င်ဟာမကိုမြို့စားမဖြစ်ဘဲ သာမာန်ဆင်းရဲသားတစ်ယောက်ဖြစ်ခဲ့ရင် ကျွန်မမည်မျှပျော်ရွှင် လိုက်လေမလဲ၊ အခုတော့ အရှင်ဟာ ကြီးမြတ်လှသောအရှင်တစ်ပါးဖြစ်ပြီး ကျွန်မသည် မျိုးမတူဇာတ်ခြားသောအနွယ်ဘွားတစ်ဦး ဖြစ်ခဲ့ပါသည်။ အရှင့်အတွက် တောင်ထိပ်နားတွင် စာရေးသားထားခဲ့ပါသည်။ အပြစ်ရှိက ခွင့်လွှတ်ပါအရှင်"

ကိုသို့[illegible] ပျော့ခွေ[illegible] သေဆုံးသွားခဲ့ပါသည်။

ဤတွင် [illegible]မြို့စားမင်းလည်း လွမ်း[illegible] လာ[illegible] မကိုင်မိဖြစ်ကာ [illegible]ထိပ်ပေါ်သို့[illegible] [illegible] လိုက်ပါသည်။

"အချစ်အတွက်ဖြင့် မျိုးရိုးဂုဏ်သိက္ခာကို မဖျက်[illegible]"

ဟုတ်လားမိန်းကလေးရယ်၊ အမျိုးကိုချစ်လို့ ကျုပ်ကိုမယူနိုင်ဘူးလို့ တစ်ခွန်းပြောလိုက်ပါလား၊ ကျုပ်အားလုံးစီစဉ်



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ့မယ်၊ အခုတော့ အားလုံးဆုံးရှုံးရပြီ၊ ဒါပေမဲ့ တခါတွေ့ရတဲ့ အနိုက်မှာ မင်းရဲ့အချစ်ကိုရလိုက်မှန်း ဒီစာအရ ငါသိရတဲ့အတွက် ဝမ်းနည်းပေမယ့် ဖြေသာပါတယ်''

မကိုမြို့စားမင်းလည်း မချိတင်ကဲဖြင့်ပြောရင်း မျက်ရည်များ ဝေ့ဝိုင်းလာပါသည်။ ထို့နောက် ကြင်ယာတော်မဖြစ်လိုက်ရသော်လည်း အားလုံးက သတ်မှတ်ထားသည့်အတွက် ထိုတောင်ခြေတွင် မိန်းကလေး၏အုတ်ဂူကို ပြုလုပ်ပေးခဲ့ပါသည်။

ရွာသားများမှာကား လွန်ခဲ့သောနှစ်ပေါင်းများစွာကလည်း ဤ နေရာမှ သူခိုးကြီး၏ဇနီးသည် ခုန်ချကာ သတ်သေသွားခဲ့ပြီး ယခုတဖန် ထိုသူကြီးကြီး၏ဇနီးသည်မှ လူဝင်စားကာ ထိုမိန်းကလေးလည်း ဤနေရာတွင်ပင် သေပွဲဝင်ခဲ့လေသည်ဟု အဆိုရှိပါသည်။

မြို့စားကြီးကိုလည်း သူခိုးကြီးသေဆုံးပြီး ပြန်လည်ဝင်စားသည်ဟုယုံကြည်ခဲ့ကြပါသည်။ ထိုဂူကြီး၏အတွင်းပိုင်း၌ကား သူခိုးကြီးဘဝက သိမ်းဆည်းသိုဝှက်ထားသည့် ရတနာများစွာ ယခုအထိရှိသည်ဟု မှတ်ယူထားပါသည်။

သို့သော်လည်း ထိုဂူကြီးအတွင်းပိုင်းသို့ဝင်ရောက်သူများကား 'အဝင်သာရှိပြီး အထွက်ပြန်လမ်းမရှိသည့်အတွက်





ရတနာများရှိသည်ဟု သိသော်လည်း မည်သူမျှ ထိုဂူကြီးအတွင်းသို့ မဝင်ရဲချေ။

တစ်ခါတစ်ရံ မှောင်လွန်းသောညများတွင် ထိုဂူကြီးထဲမှ ထူးဆန်းသောအသံအမျိုးမျိုးကြားရတတ်ပါသည်။ ၎င်းတို့ကြားရသည်မှာ တစ်ညနှင့်တစ်ညမတူပေ။ တစ်ခါတစ်ခါ မိန်းမပျိုကလေး၏ ကြေကွဲ ဝမ်းနည်းဘွယ်ကောင်းသည့်သီချင်းသံများကို ကြားရတတ်ပါသည်။ ဂူကြီးအနီးသို့သွားရောက် နားထောင်သောအခါ အဝေးမှလိုလို ကြားရတတ်ပါသည်။ ထို့အတူ မိုးခြိမ်းသံကဲ့သို့ထစ်ချုန်းသောအသံများ၊ မြင်းခွာသံများ၊ ဓား...ဓားချင်းခုတ်သံများလည်း ကြားရသည်ဟု အဆိုရှိပါသည်။

ထိုသို့ဖြင့် ၄ ကဲ့သို့ထူးခြားဆန်းကြယ်ပြီး ရာဇဝင်အမျိုးမျိုးဖြစ်တည်ခဲ့သည့် ကျောက်ဂူကြီး၏အကြောင်းကို စုံလင်စွာ သိခဲ့ရပါသည်။

ထိုမှအပြန်တွင် လာလမ်းမှမပြန်ဘဲ...။

''ဒီဘက်လမ်းကအလာတုန်းက ရောက်ပြီးပြီ၊ အပြန်ကို ဟိုဘက်ရွာထဲကဖြတ်ပြီးပြန်ရအောင်''

''ကောင်းသားပဲ''

တောင်ခြေမှရွာကလေးဆီသို့ ဦးတည်ပြီး လျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါသည်။ စိမ်းစိုနေသောခြုံပုတ်များတွင် အဝါရောင်၊ ခရမ်းရော
ပန်းပွင့်နေသောနွယ်ပင်များကို တွေ့မြင်ရပါသည်။ ရှေ့သို့ဆက်
သွားသော် ကြာပင်များနှင့် ပြည့်နှက်နေသော ကန်ကြီးတစ်ကန်က
တွေ့ရပါသည်။ ထိုကန်ကြီးအတွင်းရှိ ပဒုမ္မာကြာပန်းများမှာ
ဖူးသည်ကဖူး၊ ပွင့်သည်ကပွင့်နှင့်၊ လွန်စွာပဏာတင့်လှပါသည်
ရေမြေတောတောင်၏ အလှအပကား လူသားတို့၏စိတ်နှလုံးကို
အေးချမ်းအောင် ဖမ်းစားနိုင်လွန်းလှဘိ။

ကျော်ဒေဝလည်း ထိုသို့သောတောတောင်ရေမြေ
အလှတရားကို မြင်ရသောအခါ နယ်နိမိတ်ချင်းထိစပ်နေသည်
မြန်မာပြည်ကို လွမ်းမိသလိုလို သတိရနေမိပါသည်။ ထိုသို့
အေးချမ်းပျော်ရွှင်စွာ စိတ်လွတ်ကိုယ်လွတ်လျှောက်လာစဉ် ရေအိုး
ပါ ဟာသည့် အိန္ဒိယရွာသူကလေးများကို တွေ့လိုက်ရပါသည်
ကန်နှင့်ရွာမှာ များစွာမနီးလှပေ။ တစ်မိုင်ကျော်ကျော်ခန့်
ပါသည်။ ထို့အပြင် ရေကန်နှင့် ရွာ အကြားတွင်ထန်းတော
ရှိသေးသည်။ ဤရေ ဤမြေ၏သဘာဝသည် မြန်မာ
၏မြေလတ်ပိုင်းဒေသနှင့် ခပ်ဆင်ဆင်တူပါသည်။

ကျော်ဒေဝတို့အုပ်စုလည်း ရေကန်မှကျော်လွန်က
ထန်းတော အစပ်သို့ရောက်လာခဲ့ပါသည်။ ၄င်းတို့လည်း





ထန်းတောအကွေ့ကလေးဆီသို့ မျက်စေ့ရောက်သွားသော
အခါ…။

"နင်တို့ ငါသွားမယ့်လမ်းမှာ ဘာဖြစ်လို့ပိတ်ရပ်ထား
တာလဲ"

"နင့်ကို ချစ်လို့ပေါ့"

"နင်တို့ ငါ့ကိုမတရားမလုပ်နဲ့"

"ချစ်လို့ လုပ်တာပါ၊ မတရားလုပ်တာ မဟုတ်ပါဘူး"

"နင်တို့ လမ်းဖယ်မလား၊ မဖယ်ဘူးလား"

"မဖယ်ဘူး"

ကုလားတစ်သိုက်နှင့် ကောင်မလေးတစ်ယောက်…။

ကြမ်းကြမ်းတမ်းတမ်းချစ်ရေးဆိုနေသည့် မြင်ကွင်း…။

သည်မြင်ကွင်းမှာ လူပျိုပေါက်… အပျိုပေါက်တို့၏
ဖြစ်နေကျမြင်ကွင်းမျိုးဖြစ်၍ ထိုနေရာဆီသို့ ဆက်လျှောက်လာ
ခဲ့ပါသည်။

သို့သော်အခြေအနေမှာ ပျော်ပျော်ပြောင်းပြောင်း
မဟုတ်တော့ပေ။ ချက်ချင်းဆိုသလို ပုံစံပြောင်းလဲသွားပါသည်။

ကောင်မလေး၏ရေအိုးကို ဆွဲသူကဆွဲသည်။ တစ်
ယောက်ကလည်း ကောင်မလေး၏လက်ကိုဆွဲသည်။ ကြမ်းကြမ်း



www.burmeseclassic.com

www.burmeseclassic.com



တမ်းတမ်း ချစ်ရေးဆိုသည့်အခြေအနေမျိုး…။

တကယ်တော့ ဤနေရာကား လူပြတ်သည့်နေရာ…။

အချိန်ကလည်း ညနေစောင်း…။သည်ထက်ပိုပြီး အချိန်ကြာသွားပါက အမှောင်ရိပ်သန်းပေတော့မည်။ ကျားတစ်ကောင်နှင့် နွားတစ်သိုက်ပင်လျှင် ကျား၏အန္တရာယ်ကို နွားများက ကြောက်ရပါသည်။ ယခုမူ ကျားတစ်သိုက်နှင့် နွားမဒန်းကလေးတစ်ကောင်ပုံစံမျိုး ဖြစ်နေပါသည်။ အခြေအနေကား ကျားသနားမှ နွားချမ်းသာမည့်အခြေအနေ…။

နွားသည် ကျား၏သားကောင်ဖြစ်ပါသည်။

အစာဖြစ်သည့်သားကောင်ကို သနား၍လွှတ်သော ကျားသူတော်ဆိုသည်မှာ ရာဇဝင်ထဲတွင်ပင် စာတင်ရန်မရှိပါ။ ကျားစေ၊ဦးလဲ၏ ကောက်ကျစ်ပုံအမျိုးမျိုးသာ တွေ့ရှိရပေသည်။

ယခုလည်း ကိုယ့်ရပ်ကိုယ့်ရွာမဟုတ်သော ဤနေရာတွင် ကျားစေဦးလဲများနှင့် နွားမဒန်းမလေးတို့၏ ပစ္စက္ခတ်အခြေအနေကို တွေ့မြင်လိုက်ရပါသည်။

သည်ပြဿနာကို ရင်ဆိုင်ရမည်လော…။

ရှောင်လွှဲသွားရမည်လော…။

တစ်ဦးကိုတစ်ဦးမျက်စပစ်ပြီးအသံတိတ်မေးလိုက်ပါသည်။





— မတရားသည်ကို မခံချင်သည့် ကျော်ဒေဝက သူ့လူတစ်သိုက်ကို မျက်စပစ်ပြလိုက်ပါသည်။ ထိုစဉ်ကောင်မလေးကလည်း သူမကို အတင်းဝင်ဆွဲနေသည့်အတွက်…။

"နင်တို့ ငါ့လက်ကိုလွှတ်နော်"

"မလွှတ်ဘူး"

"လွှတ်နော် … ခွေးကျင့်ခွေးကြံ မကြံနဲ့"

ကောင်မလေးကလည်း ဤသို့အော်ရင်း ရုန်းကန်နေပါသည်။ ကျော်ဒေဝမှာ ၎င်း၏စိတ်ကို မည်သို့မျှထိန်းမရတော့ဘဲ…။

"ဟေ့ကောင်တွေ … ကောင်မလေးကို လွှတ်လိုက်"

ဟူ၍ ဟိန္ဒူစတန်နီဘာသာဖြင့် အော်ပြောလိုက်ပါသည်။ ဤတွင် ဂင်တိုတို အရပ်ပုပု ဝဖိုင့်ဖိုင့်ကုလားမှာ ကျော်ဒေဝအား လက်သီးနှင့်လှမ်းထိုးလိုက်ပါသည်။ ကျော်ဒေဝက ၎င်း၏လက်သီးကို လှလှပပရှောင်ကာ ဂင်တိုတိုကုလားပု၏မျက်နှာကို လက်သီးနှင့် ထိုးလိုက်ပါသည်။

"ခွပ်"

"ခွပ်"

"ခွပ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်နှင့်တစ်ဖက် ရန်ပွဲဖြ ကာ တချီတမောင်း ပွဲကြီးပွဲကောင်းကား စလေပြီ။ လမ်းပြလိုက်လာသော မူနားသည် မည်သူ့ကို ဆွဲရမှန်းမသိအောင် ကြောက်လန့်နေပါသည်။ မူနားသည် ဤအရပ်မှ ကုလားဆိုးသွမ်းလူငယ်များကို သိထားသူ ဖြစ်ပါသည်။ ထိုဆိုးသွမ်း လူငယ်များမှာ ရမ်းကားမှုနှင့်ထောင်သို့ ဝင်လိုက်ထွက်လိုက် လုပ်နေသူမှန်းသိသည့်အတွက် မိမိခေါ်သွားသူများအား သတိပေးလိုက်ပါသည်။

"ကျွန်တော်တို့ သူတို့နဲ့ ရန်မဖြစ်ပါနဲ့၊ ရန်ပွဲတွေ ရပ်ပါ"

ထိုစဉ် ထိုကုလားဆိုးသွမ်းလူငယ်များမှာ ကျော်ဒေဝတို့အုပ်စု၏ထိုးနှက်မှုကို မခံနိုင်သည့်အဆုံး ရွာထဲသို့ပြေးဝင်သွားပါသည်။ ဤတွင် ရေခပ်ဆင်းသည့် အိန္ဒိယပျိုဖြူမှ...။

"အစ်ကိုတို့ကိုကျေးဇူးတင်ပါတယ်ရှင်"

ဟူ၍ မြန်မာသံပီပီသသပြောသဖြင့် ကျော်ဒေဝတို့အုပ်စုမှာ အံ့အားသင့်သွားပါတော့သည်။

"မင်းက မြန်မာလိုပြောတတ်တယ် ဟုတ်လား"

"မြန်မာလိုပြောတတ်ဆို ကျွန်မရဲ့အမေက မြန်မာပါ၊ အဖေက ဟိန္ဒူဆိုတော့ ကျွန်မဟာ မြန်မာကပြားပါ၊ နောက်ပြီး ကျွန်မဟာ တမူးဘက်မှာ အကြာကြီးနေခဲ့တော့ မြန်မာစကား





ကောင်းကောင်း ပြောတတ်ပါတယ်။ အဖေက ဒီရွာကိုပြောင်းလာပြီး ဒီရွာမှာ စီးပွားရေးလုပ်တဲ့အတွက် ကျွန်မတို့ဒီရွာမှာ နေကြတာပါ"

"သြော်...သြော်"

"အစ်ကိုတို့အုပ်စုကို ကျွန်မ အလွန်ပဲကျေးဇူးတင်ပါတယ်ရှင်"

"ရပါတယ် ကျွန်တော်တို့က အားနွဲ့သူကို အနိုင်ကျင့်တာ မကြိုက်လို့ဝင်ကူတာပါ"

"အစ်ကိုတို့က ဧည့်သည်တွေနဲ့တူတယ်"

"ဟုတ်ပါတယ်၊ အင်ဖာမြို့က ကုန်သည်ကြီး မစ္စတာကူးမားရဲ့ဧည့်သည်တွေပါ"

"ဟုတ်ကဲ့ပါ"

"ကဲ...ကျွန်တော်တို့ကိုလည်း ခွင့်ပြုပါ"

"ကောင်းပါပြီရှင်"

ထိုသို့နှုတ်ဆက်ကာ အင်ဖာမြို့သို့ ပြန်လာခဲ့ပါသည်။

ကုန်သည်ကြီးမစ္စတာကူးမားနှင့် ခေါင်းဆောင်ကြီး ဦးဘထွန်းတို့သည် မစ္စတာကူးမား၏တိုက်ရှေ့တွင် စကားပြောနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“မူနား … ညှော်သည်တွေကိုကောင်းကောင်း လိုက်ပို့ရဲ့လား”

“ဟုတ်ကဲ့”

မူနားကား ဤသို့သာပြောလိုက်ရသည်၊ မျက်နှာမှာ မကောင်း။

ထို့ကြောင့် မူနား၏အမူအရာကိုကြည့်ပြီး မစွတာကူးမားက…

“မူနား…မင်းတို့တစ်ခုခုဖြစ်လာကြသလား”

“ဟုတ်ကဲ့ပါ သခင်ကြီး”

ဤသို့ဆိုကာ ဖြစ်သမျှအကြောင်းကို ရှင်းပြခဲ့ပါသည်။

ဤတွင် မစွတာကူးမားမှာ…။

“တို့လူတွေက သူတို့ကို သွားစော်ကားတာမှမဟုတ်တာ၊ မူနား ပြောတဲ့လူဆိုးကောင်တွေဟာ ဆန်ရျေးတို့အုပ်စုဖြစ်မယ်၊ ကိစ္စမရှိပါဘူး။ သူတို့ဟာ ငါ့ကိုမတော်လှန်ရဲပါဘူး”

မစွတာကူးမားမှာ အင်ဖာတွင်နေသော်လည်း ကုန်သည်သူဌေးတစ်ယောက်ဖြစ်၍ ထိုအနီးအနားတစ်ဝိုက်မှ လူများသည် ၄င်းအားမသိသူမရှိအောင် နာမည်ဂုဏ်သတင်းကျော်ဇောသူတစ်ဦးဖြစ်ပါသည်။





ထိုအဖြစ်အပျက်ကို ဆရာကြီးဦးဘထွန်းကြားသိသောအခါ ၄င်း၏တပည့်များအား ခေါ်ကာဆူမည်ပြုစဉ် မစွတာကူးမားမှ…။

“မဆူပါနဲ့ ဦးဘထွန်း၊ လူမျိုးချင်းမတူပေမယ့် ကိုယ်ကျင့်တရားကတော့အတူတူပါပဲ၊ အားနွဲ့သူကို ကူညီတာယောကျ်ားကောင်းတွေရဲ့ လုပ်ရပ်ပါပဲ၊ တကယ်လို့ အားနွဲ့သူကို မကူညီဘဲ ဒီအတိုင်းထားခဲ့ရင်သာ ကျုပ်စိတ်ဆိုးမိမှာအမှန်ပါပဲ”

“ဒါပေမဲ့ ကျုပ်တပည့်တွေဟာ တခြားရပ်ရွာမှာလာပြီး ရန်ဖြစ်တယ်ဆိုတာတော့ မကောင်းဘူးပေါ့ဗျာ”

“ခင်ဗျားစိတ်အနှောင့်အယှက်မဖြစ်ပါနဲ့၊ကျုပ် ကျေနပ်ပါတယ်”

မည်သို့ပင်ဖြစ်စေ ကျော်ဒေဝတို့အုပ်စုမှာ ဆရာကြီးဦးဘထွန်းအား နောင်ဤကဲ့သို့မဖြစ်တော့ပါဟူ၍ တောင်းပန်ခဲ့ရပါသည်။

“ဆရာကြီးရယ် နောက်နောင်ကို ဒီလိုမဖြစ်စေရပါဘူး၊ ကျွန်တော်တို့ တောင်းပန်ပါတယ်”

“နောက်နောင်ကို ရန်မဖြစ်ပါနဲ့၊ တို့ဟာကုန်ပစ္စည်းတွေ မကုန်မချင်း ဒီမှာအကြာကြီးနေရဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ကျွန်တော်တို့လုပ်ရပ်ကို နောင်ဆိုရင် ဆင်ခြင်ပါ့မယ် ဆရာကြီး"

ထိုသို့အဆူခံပြီးတစ်ညအိပ်ခဲ့ရပါသည်။ ကျော်ဒေဝသည် အိပ်ရာပေါ်တွင် နဖူးပေါ်လက်တင်ကာ…။

"မိန်းကလေးတစ်ယောက်ကို ကယ်မိတာ … ငါမှားသလား"

"တကယ်တော့ ငါတို့ဟာ ဆရာမျက်နှာပျက်အောင် မလုပ်သင့်ဘူး"

ထိုသို့စဉ်းစားရင်း ၄င်းတို့ကယ်တင်ခဲ့သည့် မိန်းကလေး၏ မျက်နှာကလေးရေးရေးပေါ်လာပါသည်။ သူမသည် ကပြားဟုဆိုသော်လည်း မြန်မာအမျိုးသမီးနှင့် ပို၍တူပါသည်။ ဖြူစင်ရိုးသားသောမျက်နှာကလေးမှာ တစ်ခါမြင်ရုံနှင့် မမေ့နိုင်သည့် မျက်နှာမျိုးပင်။ သို့သော် ကျော်ဒေဝတို့ ကယ်တင်ခဲ့သည်မှာ သူမ၏အလှအပကြောင့် မဟုတ်ပါ။

"အင်း … ကယ်သင့်ကယ်ထိုက်တယ်ထင်လို့ ကယ်လည်းပြီးပြီ၊ ဆရာကြီးက ဆူသင့်ဆူထိုက်တယ်ထင်လို့ ဆူပြီးပြီ"

ထိုသို့စဉ်းစားရင်း အိပ်ပျော်အောင် အိပ်လိုက်ပါသည်။

* * *





နံနက် (၆) နာရီခန့် အချိန်တွင်…။

"ကျော်ဒေဝ…ကျော်ဒေဝ"

"ဘာလဲ"

"မင်းကို ဆရာကြီးနဲ့ မစ္စတာကူးမားက တွေ့ချင်လို့တဲ့"

ကျော်ဒေဝသည် စောစောစီးစီး မိမိအားတွေ့ချင်သည်ဆိုသည့်အတွက် အကြောင်းထူးတစ်ခုခုရှိမည်ဟု တွက်ဆလိုက်ပါသည်။

ထို့ကြောင့် ၄င်းတို့၏အိပ်ခန်းဆောင်မှ မစ္စတာကူးမားနေထိုင်သော တိုက်အိမ်ကြီးဆီသို့သွားခဲ့ပါသည်။ အိမ်ရှေ့ဧည့်ခန်းတွင် ဧည့်သည်များရောက်နေသည်ကို တွေ့လိုက်ရပါသည်။ ကျော်ဒေဝလည်း ဧည့်ခန်းဆောင်အတွင်းသို့ ဝင်လိုက်သည်နှင့် အပြိုင်နက် မစ္စတာကူးမားမှ…။

"ဒါဟာ ခင်ဗျားတို့တွေ့ချင်တယ်ဆိုတဲ့ မောင်ကျော်ဒေဝပါပဲ"

ကျော်ဒေဝသည် ဘုမသိ ဘမသိနှင့်ကြည့်လိုက်ရာ…။

"ဟာ…မနေ့က ငါကယ်ခဲ့တဲ့ကောင်မလေးပါလား"

ကျော်ဒေဝ ချက်ချင်းမှတ်မိလိုက်ပါသည်။ ၄င်း၏နဘေးတွင် သူမ၏ဖခင်ဟု ထင်ရသည့်လူကြီးတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဒေဝကို ငေးကြည့်ကာ…။

"မနေ့က မင်းဦးဆောင်ပြီးသမီးကို ကယ်ခဲ့တယ် ပြောတယ်၊ ဦးတို့က မင်းနာမည်လဲမသိဘူး၊ မစ္စတာကူးမား ညှို့သည်တွေလို့ မနေ့က မင်းပြောခဲ့လို့ အခုလိုလိုက်လာ မင်းရဲ့ပုံပန်းသဏ္ဌာန်ကို ပြောပြမှမောင်ကျော်ဒေဝလို့သိရတ သမီးရဲ့အရှက်နဲ့သိက္ခာကို ကယ်တင်တဲ့အတွက် မောင်ကျော် ကို အထူးပဲကျေးဇူးတင်ပါတယ်။ ဒါကြောင့် ခြံထွက်ပစ္စည်း သမီးက လာကန်တော့တာပါ"

"ရပါတယ်ခင်ဗျာ"

၄င်းတို့သားအဖမှာ ၄က်ပျောခိုင်များနှင့် နွားနို့အိုးများ ယူဆောင်လာပြီး ကျော်ဒေဝတို့အုပ်စုကို ပေးလိုက်ပါသည ထို့နောက် မိန်းမပျိုကလေးမှာ ကျွန်တော်တို့အုပ်စုအား ကန်တော့ခဲ့ပါသည်။

ကျော်ဒေဝမှာ မည်သို့မျှ မျက်နှာမထားတတ်အော ထူပူသွားပါတော့သည်။ ထိုစဉ် မိန်းမပျိုကလေး၏ဖခင်က ၄ သမီးနှင့် မိတ်ဆက်ပေးပါသည်။

"သူက ကျုပ်သမီးပါ၊ နာမည်က 'မာရီး'ပါ၊ မော တို့အုပ်စု မပြန်ခင်မှာ ကျုပ်အိမ်မှာထမင်းဖိတ်ကျွေးချ

တစ်ရက်လောက် လာခဲ့ပါခင်ဗျာ"

မာရီး၏အဖေသည် တမူး၌နေထိုင်ဖူးသူဖြစ်၍ မြန်မာ စကားကို ကျွမ်းကျင်စွာပြောလိုက်ပါသည်။

၄င်းတို့သားအဖ၏ ဖိတ်ခေါ်မှုကို ကျော်ဒေဝတို့အုပ်စု ည်သို့ တုန့်ပြန်ရမည်မသိပါ။ ဤတွင် မစ္စတာကူးမားမှာ ၄င်းတို့ ရှိရာ ထုံးတမ်းစဉ်လာကို သိသူဖြစ်၍ ဤသို့ဖိတ်ခေါ်ပါက ငြင်းကောင်းမှန်း သိရှိသူဖြစ်၍…။

"ခင်ဗျားဖိတ်တဲ့ရက်ကို ကျုပ်လူတွေ ပို့ပေးပါမယ်၊ င်ဗျားရဲ့ ဖိတ်ခေါ်မှုကို ကျုပ်လက်ခံပါတယ်"

"ဒါဆို ကျုပ်အရမ်းဝမ်းသာပါတယ်၊ မနက်ဖြန်မနက်မှာ ကိုလာခဲ့ပါ၊ တစ်နေ့စာ ကျုပ်ကျွေးမွေးပါရစေ"

"ကောင်းပါပြီ"

ထိုဖိတ်ခေါ်ပွဲကိစ္စပြောပြီးနောက် သူတို့သားအဖ ရွာသို့ သွားကြပါသည်။ သူတို့ပြန်သွားတော့မှ မိန်းမပျိုကလေး၏ ည်မှာ 'မာရီး'ဟု သိလိုက်ရပါသည်။ ကျော်ဒေဝမှာ မာရီးတို့ တ်ခေါ်မှုကြောင့် ၄င်းတို့ရွာသို့သွားရမည်ဆိုသည့်အတွက် မာရီး င်ထပ်မံတွေ့ရန် အခွင့်အရေးရမည့်အတွက် စိတ်ဝယ်ပျော်ရွှင် းခဲ့ပါတော့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

## မာရီးနှင့် သူ၏ရန်သူများ

"ဗုံ…ပတ်…ပတ်…ဗုံ…ဗုံ"

နောက်တစ်နေ့နံနက်၌ မာရီးတို့ရွာသို့ရောက်သောအ
အခမ်းအနားသဖွယ် ကုလားဗုံတိုကလေးတီးကာ ကြိုဆိုမှုကြော
အံ့သြရပါသည်။ သူ့အရပ်နှင့် သူ့ဓလေ့…။ ကျေးဇူးတရား
အလေးထားသည့် မိသားစုတစ်စုပင်…။

သူတို့ရွာ၏ထုံးစံအရ ဧည့်သည်ကောင်းတို့ကို ထမင်းစာ
ဖိတ်ရင်း ဗုံတိုကလေး….တာပလာသံကလေးနှင့် ဧည့်ခံလေ့
ပါသည်။ မာရီးတို့အဖေမှာ ထိုရွာ၌ ငွေကြေးပြည့်စုံသော
မိသားစုဟု ဆိုရပေမည်။ လယ်ဧက အသင့်အတင့်ပိုင်ဆိုင်
နိုင်းနွားနို့စားနွားများ မွေးမြူထားသည့်အတွက် ငွေကြေ
အသင့်အတင့်ပြည့်စုံပါသည်။

ကျော်ဒေဝတို့လာသောအခါ ခရီးဦးကြိုဆိုခဲ့ကြပါသည်





"ဧည့်သည်တော်တို့ ကြွပါ…ကြွပါ"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

အလွန်နွေးထွေးသော ဖော်ရွေမှုနှင့် ကြိုဆိုခဲ့ကြပါသည်။
စားဖွယ်သောက်ဖွယ်များချကျွေးကာ ဧည့်ခံခဲ့ပါသည်။
၄င်း၏ဇနီး ဒေါ်ဖွားခင်ကလည်း မြန်မာအမျိုးသမီးဖြစ်၍
မြန်မာအုပ်စုကို အလေးပေးကာ ဆက်ဆံခဲ့ပါသည်။

"အခုလို အခြားတိုင်းပြည်မှာ ကိုယ့်မြန်မာအချင်းချင်း
တွေ့ရတာ အဒေါ်ကလည်း ဝမ်းသာတယ်၊ ကျေးဇူးလည်း တင်ပါ
တယ်၊ နောက်ပြီး ကိုယ့်မြန်မာတွေကိုတွေ့ရတော့ ဆွေမျိုးတွေ
ပြန်တွေ့ရသလိုပါပဲ"

"ဟုတ်ကဲ့ပါ"

"အဒေါ်တို့ကိုလည်း ဆွေမျိုးလိုခင်ပါ၊ နောက်တစ်ခါ
ဒီင်ဖာကို လာရင်လည်း အဒေါ်တို့ဆီမှာ လာတည်းပါ"

"ဟုတ်ကဲ့ပါ"

"ကဲ…ကဲ…ထမင်းသုံးဆောင်ပါဦး"

မာရီးကလည်း ပြုံးရွှင်စွာကြိုဆိုပြီး ထမင်းဝိုင်းပြင်ပေး
သဖြင့် ကျော်ဒေဝတို့အုပ်စုလည်း အားရပါးရ စားသောက်ခဲ့ကြပါ
သည်။ တွေ့ရသည့်အချိန်မှာ တိုတောင်းသော်လည်း မြန်မာလူမျိုး



www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်းတွေ့ရသဖြင့် ဆွေမျိုးများသဖွယ် ရင်းနှီးသွားပါသည်။

ထမင်းစားပြီးချိန်တွင် ဗုံတိုဝိုင်းဖြင့်ဧည့်ခံသဖြင့်ပို ပျော်ရွှင်ဖွယ် ဖြစ်လာပါသည်။

ဤတွင် မာရီး၏ဖခင်မှ …။

“ကျုပ်တို့ရွာက ရေရှားတယ်၊ အဲဒီနေ့ကလည်း သမီးကို ရေခပ်မနိုင်းပါဘူး။ သမီးက အလိုက်သိသိနဲ့ ရေသွားခပ်တာ ဟိုဘက်ရွာက လူဆိုးသွမ်းကောင်တွေနဲ့တွေ့ပြီး သမီးဘဝပျက်မလို့ မောင်ရင်တို့နဲ့ တွေ့ပေလို့သာပေါ့”

“ဟုတ်ပါတယ် ဦးရယ်”

“မောင်ရင်တို့ … သုံးဆောင်ပါ”

မာရီး၏ဖခင်မှာ စေတနာဗလပွနှင့် ကျွေးမွေးခဲ့ပါသည်။

ထိုနေ့ညနေ … ညစာစားပြီးမှ ပြန်လာကြပေသည်။ မာရီးတို့ရွာ၌ တစ်နေကုန်နေရသဖြင့် မာရီးနှင့်လွန်စွာရင်းနှီးခဲ့ပါသည်။ မာရီး၏ မျက်လုံးကိုကြည့်ရုံနှင့် ကျော်ဒေဝအပေါ် စေတနာရှိကြောင်း သိနိုင်ပါသည်။

ပြန်ကာနီးတွင် …မာရီးမှ…။

“အစ်ကို မြန်မာပြည်ကို မပြန်ခင် လာခဲ့ပါဦးနော်”





“ဟုတ်ကဲ့…လာပါ့မယ် မာရီးရယ်”

ထိုသို့နှုတ်ဆက်ပြီး မာရီးတို့ရွာမှ ပြန်လာခဲ့ပါသည်။ …ခဲ့လမ်းတွင် ပြုံးပျော်နေသော်လည်း ဂုဏ္ဍေသိက္ခာ စောင့်ထိန်း…ရသည့် မာရီး၏မျက်နှာကလေးကို မြင်ယောင်မိပါသည်။

အချစ်ဆိုသည်မှာ ဘာမှန်းမသိခဲ့သော ကျော်ဒေဝ၏ …လုံးသားတွင် မာရီးဆိုသည့်ကောင်မလေးက နေရာဝင်ယူခဲ့ချေ…။ ချစ်သူမရှိသေးဖူးသော လူပျိုရိုင်းကလေး ကျော်ဒေဝ၏ …ဝတွင် ချစ်သူမမည်သော ချစ်သူအဖြစ် မာရီးက ဝင်ရောက် …ခဲ့ပါသည်။

ကျော်ဒေဝမှာ တဖက်သတ်တိတ်တခိုးအချစ်တို့ ဖြာဝေ…ခဲ့ပါသည်။ မာရီး၏အသည်းနှလုံးတွင် မည်သို့ကမ္ပည်းတင် …ည်မှန်း မသိသော်လည်း…။

“မာရီးရယ်…ဘယ်လိုမှန်းပြောလို့မရအောင် ရင်ထဲမှာ …စ်မျိုးကြီးပဲခံစားရပါတယ်၊ အဲဒါကို အချစ်လို့ဆိုရင် မာရီးကို …ချစ်တော်ချစ်မိသွားပြီထင်ပါရဲ့”

ထိုသို့စဉ်းစားရင်း အင်ဖာရှိ မစ္စတာကူးမား၏အိမ်သို့ …န်လာခဲ့ပါသည်။ ဤတွင် ဆရာကြီးဦးဘထွန်းက ဝမ်းသာစွာ …ကြိုဆိုရင်း…။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...မင်းတို့အတွက် သတင်းကောင်းပဲဟေ့"

"ဘယ်လိုသတင်းကောင်းလဲ ဆရာကြီး"

"တို့ကုန်ပစ္စည်းတွေကို မြို့ကြီးကကုန်ဒိုင်က ဆင်းပြီး လာဝယ်လို့ အားလုံးရောင်းရတယ်၊ ပစ္စည်းတွေအားလုံးကုန်ပြီ တစ်ရက်နှစ်ရက်ဆိုရင် ငါတို့ပြန်ကြတော့မယ်"

"ဟာ...ဒါဆိုသိပ်ကောင်းတာပေါ့ဆရာကြီး"

အားလုံးကပြန်ကြရမည်ဟုဆိုသဖြင့် ပျော်ရွှင်ကြပါ သည်။ မပြန်ချင်သူက ကျွန်တော်ပါ။ ယခုမှပင် မာရီးနှင့်ခင်မင် ရင်းနှီးရုံသာ ရှိပါသေးသည်။ ယခုပင် ခွဲရမည်ဆိုတော့ ပုထုဇဉ် တို့သဘာဝ မခွဲခွာချင်ပေ။

သို့သော်လည်း မမျှော်လင့်ဘဲ ကံတရားကြောင့်တွေ့ဆုံ ခွင့်ရခဲ့ပါသည်။ ယခုလို ရုတ်တရက်ပင် ကံတရားကြောင့် ခွဲခွာရ ပေဦးမည်။ မြန်မာပြည်သို့ပြန်လျှင် ကုန်စုဆောင်းခြင်းနှင့် အဝင်အထွက်မှာ အနည်းဆုံးတစ်လခန့် ကြာပေမည်။

တကယ်ပင် မာရီးနှင့်မခွဲလိုပါ။ ဆရာကြီးက ပြန်မည်ဟု ပြောသည့်အတွက် ပြန်ရပေဦးတော့မည်။ ထို့ကြောင့် သန်ဘက်ခါ ခွဲခွာရမည့်ကိစ္စကို မနက်ဖြန်တွင် အကြောင်းကြားရင်း နှုတ်ဆက် ခဲ့ပါသည်။





"မာရီး...ကျွန်တော် မြန်မာပြည်ကို ပြန်ရတော့မယ်"

"အစ်ကို မြန်မာပြည်မှာ ဘယ်လောက်ကြာမှာလဲဟင်"

"အနည်းဆုံး တစ်လလောက်တော့ကြာမယ်"

"အစ်ကိုနဲ့ကျွန်မနဲ့ အခုမှသိတယ်၊ အခုပြန်မယ်ဆိုတော့ ကျွန်မစိတ်မကောင်းဘူး၊ တကယ်ဆိုရင် အစ်ကိုနဲ့တစ်ပတ် နှစ်ပတ်လောက် အတူနေရဦးမယ်လို့ စိတ်ကထင်နေတာ"

"ကျွန်တော်လည်း အနည်းဆုံးတစ်ပတ်လောက်နေရမယ် အောင်းမေ့တာ၊ ဒါပေမဲ့ ကုန်ဒိုင်ကလူတွေလာဝယ်သွားလို့ ကုန် တွေ ချက်ချင်းကုန်သွားတော့ ကျွန်တော်တို့ ပြန်ကြရမှာပေါ့"

"အစ်ကို ပြန်လာဖို့ လွယ်ပါ့မလား၊ အင်္ဂလိပ်အစိုးရ ကလည်း ဂိတ်ကို ပိတ်လိုက်ဖွင့်လိုက်နဲ့"

"အဲဒါလည်း ဟုတ်ပါတယ်၊ ဒါပေမဲ့ ဘယ်နည်းနဲ့မဆို ကျွန်တော် ရောက်အောင်ပြန်လာခဲ့ပါမယ်"

"အစ်ကို ... ဆက်ဆက်ပြန်ခဲ့ပါနော်"

"ကောင်းပါပြီ"

မည်သို့ပင်ဖြစ်စေကာမူ ကျော်ဒေဝသည်လည်း မာရီး အပေါ် သံယောဇဉ်ငြိတွယ်ခဲ့လေပြီ။

သည်လိုနှင့်ပင် ဆရာကြီးဦးဘထွန်း ဦးဆောင်သော



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အဖွဲ့သည် မြန်မာပြည်သို့ ပြန်လာခဲ့ကြပါသည်။ အားလုံးမှာ ဦးဘထွန်း၏ခမ်းမတ်ရှိနေအိမ်တွင် ခေတ္တနားနေရပါသည်။

ဦးဘထွန်းမှာ ကုန်ဝယ်ရန်အတွက် မြို့သို့တက်သွားပါသည်။ ကျော်ဒေဝတို့အုပ်စုမှာ အလုပ်မရှိ၍ အားလပ်နေပါသည်။ အားလပ်လေလေ မာရီးကို သတိရလေလေပင်။

အလုပ်လုပ်ရန်ကိစ္စများမရှိ၍ အဝတ်အစားများကို လျှော်ဖွပ်ရန် သတိရလာပါသည်။ ထို့ကြောင့် အဝတ်အစားများကို လျှော်ဖွပ်ပြီး ထိုအခန်း၌ထားခဲ့သော အဝတ်အိတ်အတွင်းသို့ ထည့်ရန်အိတ်ကိုဖွင့်လိုက်စဉ် အိတ်အတွင်းမှ မြွေနတ်သမီးရုပ်တုကလေးကိုတွေ့လိုက်ရပါသည်။

"ဟင်...မြွေနတ်သမီးရုပ်တုကလေးက ဘယ်လိုဖြစ်သွားပါလိမ့်"

ကျော်ဒေဝ တိုးတိုးကလေးပြောလိုက်ပါသည်။ ဟုတ်ပါသည်။ ကျော်ဒေဝပြောမည်ဆိုလည်း ပြောစရာပင်။ ထိုအရုပ်ကလေးမှာ ကြေးညှိများတက်သကဲ့သို့ စိမ်းမဲမဲဖြစ်နေပါသည်။

"ဘာဖြစ်လို့ မျက်နှာက မဲ့ရတာလဲ၊ ကိုယ်အဝေးကြီးသွားနေလို့ မကျေနပ်လို့လား"





"ကိုယ်အခုပြန်လာပြီလေ၊ မင်းမျက်နှာကလေးကို ဝင်းလက် သွားအောင် ချေးချွတ်ဆေးနဲ့တိုက်ပေးမယ်"

ဘာရယ်မဟုတ်...။ မာရီးကိုသတိရမိ၍ တစ်ယောက်တည်း ပြောချင်သလိုပြောကာ ထိုရုပ်တုကလေးကို ချေးချွတ်ဆေးနှင့်တိုက်ကာ ဆေးကြောသန့်စင်ပေးလိုက်ပါသည်။

မကြာမီ အမဲကွက်များပျောက်သွားပြီး ရွှေအိုရောင်ပြန်ပေါ်လာပါသည်။

"အခုတော့ ...အချစ်က ...လှသွားပြီ"

"သေသေချာချာကြည့်တော့ အချစ်က ...မာရီးထက်တောင် လှသေးတယ်"

ကျော်ဒေဝဆိုသည့်လူငယ်တစ်ယောက်သည် ရုပ်တုကလေးအားကြည့်ရင်း ငှင်းပါးစပ်ထဲရှိရာ ပြောနေပါသည်။

"နောက်တစ်ခါဆိုရင် အချစ်ကိုမထားခဲ့ဘူး၊ ဘယ်သွားသွား ခေါ်သွားမယ်နော်၊ ဒါမှ မျက်နှာမမည်းမှာ"

"အဝတ်အိတ်ထဲမှာနေရတာ အချစ်မွန်းကြပ်နေမှာပဲ၊ ကိုယ့်ဘေးနားက စင်မြင့်မှာနေနော်"

ထိုသို့ပြောပြီး ငှင်းအိပ်သည့်ဘေးရှိစင်မြင့်ပေါ်သို့တင်ထားလိုက်ပါသည်။ ထို့နောက် ထိုနေရာကလေးကို စက္ကူအမာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကာထားလိုက်ပါသည်။ ကျွန်တော့်၏စိတ်တွင် ထိုရုပ်တုကလေးကို ၄င်း၏သူငယ်ချင်းများ မမြင်စေလိုပေ။ အကယ်၍ မြင်ပါက ဟိုမေးသည်စမ်းလုပ်မည်ကို ကြိုတင်သိထားသောကြောင့်ပင်။

ထို့အပြင် ရှေးဟောင်းခမ်းပတ်မြို့မှ ရယူထားသည့်ရုပ်တုမှန်း ဆရာကြီးသိလျှင်လည်း နတ်ကြီးသည်ဟု အယူရှိသဖြင့် ယူရမည် မဟုတ်ပေ။

ထိုသို့ဖြင့် ခမ်းပတ်၌ ပျင်းရိစွာ ဆရာကြီးဦးဘထွန်းကို စောင့်နေခဲ့ရပါသည်။ တစ်လနီးပါးကြာမှ ဆရာကြီး ပြန်ရောက်လာပါသည်။ ကုန်ပစ္စည်းများမှာ နယ်ချဲ့ကအစိုးရ၏ တင်းကြပ်စွာတားဆီးမှုကြောင့် ယခင်ကကဲ့သို့ လွယ်ကူစွာဝယ်မရခြင်း၊ ဈေးနှုန်းကြီးမြင့်ခြင်း၊ မိုးရာသီ ဥတုဖြစ်ခြင်း စသည့်အကြောင်းများကြောင့် ပထမအခေါက်ကဲ့သို့ အဆင်ပြေခြင်းမရှိလှပေ။ သို့သော်လည်း ကုန်ပစ္စည်းစုံပြီမို့ စတင်ခရီးထွက်ခဲ့ပါပြီ။ ဤအခေါက်၌ မြွေနတ်သမီးရုပ်တုကလေးကို အဝတ်အိတ်ထဲသို့ ထည့်လာပါသည်။ ထို့နောက် နယ်စပ်ဂိတ်ကို ဖြတ်ခဲ့ပါသည်။ ဂိတ်ကလည်း အဝင်အထွက်ကို စိစစ်ထားသဖြင့် ဂိတ်ဖြတ်ရန်





လည်း မနည်းကြိုးစားပြီး ဖြတ်သန်းခဲ့ရပါသည်။

ထိုထက်ဆိုးသည်ကား…မဟူရာချောင်း…။

မဟူရာချောင်းကား…နွေရာသီတွင် ခြေလျင်ဖြတ်လျှင်ပင် ဖြတ်လို့ရပါသည်။ ခါးဆစ်လောက်မှ ခြေသလုံးလောက်သာ ရေအမြင့်ရှိပါသည်။ ယခုကဲ့သို့ မိုးများသည့် မိုးရာသီတွင် မဟူရာချောင်းကား ရေများပြည့်လျှံကာ မြစ်အသွင်သဖွယ် ဖြစ်နေပါသည်။ မဟူရာချောင်းရေသည် အရှိန်ပြင်းစွာ စီးဆင်းနေသည့်အတွက် ကျော်ဒေဝအဖို့…။

"ကိန္နရာချောင်းခြားသလိုဖြစ်နေပါပေါ့လားမာရီးရယ်"

"ဒီနေရာရောက်တာတောင် တစ်ဖက်ကမ်းကိုဖူးဖို့ မလွယ်ပါလား"

ရေပြင်ကြီးကိုကြည့်ကာ စိတ်ညစ်နေပါသည်။ ဆရာကြီးဦးဘထွန်းကား ထိုနေရာသို့ဖြတ်သန်းသွားလာနေကြသဖြင့် တစ်ဖက်ကမ်းရှိ အိန္ဒိယလူမျိုးတို့၏လှေကို လှမ်းခေါ်ပြီး ကုန်ပစ္စည်းများတင်ကာ…

"ဟိုဘက်ကမ်းကိုရောက်အောင် ကောင်းကောင်းလှော်ပေးပါ၊ လှေမှောက်ရင် ကုန်ဘိုးလျှော်ရမယ်၊ ဟိုဘက်ကမ်း



www.burmeseclassic.com

www.burmeseclassic.com



ကိုရောက်ရင် ငွေစကောင်းကောင်းပေးမယ်''

''ဟုတ်ကဲ့ ... ဘရားဆပ်''

ဤသို့ပြောကာ ကုန်ပစ္စည်းများကို တင်ခဲ့ပါသည်။

အိန္ဒိယလှေသမားများလည်း ဆုံးရှုံးလျှင်လျော်ရမည်ဟု ဆိုသဖြင့် ဂရုတစိုက်လှော်ခတ်ခဲ့ရာ တစ်ဖက်ကမ်းသို့ ချောမောစွာ ရောက်ရှိလာပါသည်။

တစ်ဖက်ကမ်းသို့ ကျွန်တော်တို့အုပ်စုလည်း လှေတစ်စီးဖြင့် လိုက်ပါလာခဲ့ကြပါသည်။ ထို့နောက် လှေပေါ်မှ ကုန်ပစ္စည်းများကို ကျော်ဒေဝတို့အုပ်စုမှထမ်း၍ချရပါသည်။ သည်တစ်ချီတော့ ကျော်ဒေဝတို့အုပ်စုမှာ ခွန်အားကိုအသုံးပြုရသည့်အတွက် အလွန်ပင် ပင်ပန်းပါသည်။ အားလုံးမှာ ပင်ပန်းနေသော်လည်း ကျော်ဒေဝမှာ ပင်ပန်းသည်ဟုမထင်ပါ။ မကြာမီ မာရီးနှင့် တွေ့ရမည်ဖြစ်၍ တက်ကြွနေပါသည်။

''ဟူး...မောလိုက်တာ...ဒီတစ်ခါတော့ ငါတို့မစားသာဘူး''

''တစ်ခါတလေလဲ ဒီလောက်တော့ အပင်ပန်းခံပါဦး''

သူငယ်ချင်းများ၏ပြောစကားကို ကျော်ဒေဝက





ဤသို့ပြန်ပြောလိုက်ပါသည်။ ဤတွင် သူငယ်ချင်းတစ်ယောက်မှာ

''မင်းကတော့ ပြောအားရှိတာပေါ့၊ ဘယ်လောက်ပင်ပန်းပင်ပန်း မာရီးကိုတွေ့တာနဲ့ အမောပြေသွားမှာ...ငါတို့သာ အမောမပြေတာ''

''မင်းတို့လဲ အမောပြေချင်ရင် မာရီးတို့အိမ်ဘေးနားကို သွားပေါ့''

''အိမ်ဘေးသွားပြီး ဘာလုပ်ရမှာလဲ''

''သူတို့အိမ်ဘေးနားကအိမ်မှာ ကောင်မလေးချောချော တွေရှိတယ်လို့ပြောမလို့ပါ''

''တော်သေးတာပေါ့''

လူငယ်ပီပီ မောသော်လည်း ဤသို့အပြောကလေးများဖြင့် အမောပြေခဲ့ကြပါသည်။ ထို့နောက် မစ္စတာကူးမားအိမ်သို့ နောက်တစ်ခေါက် ရောက်လာခဲ့ပါသည်။

မစ္စတာကူးမားသည် အစဉ်အမြဲပြုံးရွှင်သော မျက်နှာထားနှင့် လွန်စွာဖော်ရွေလှသူဖြစ်ပါသည်။ ယခုအခေါက်တွင် သူ၏မျက်နှာမှာ မရွှင်ပြချေ။ ဤတွင်ဆရာကြီးဦးဘထွန်းမှ...။

''သူငယ်ချင်း...မျက်နှာလည်း မကောင်းပါလား''

''ဟုတ်တယ်၊ မင်းတို့ရောက်လာတာနဲ့အတော်ပဲ၊ မာရီး

www.burmeseclassic.com



အဖေ ဦးရာဂျူး အသတ်ခံရလို့ ဆုံးပြီ''

''ဘယ်တုံးကလဲ''

''လွန်ခဲ့တဲ့ တစ်ပတ်လောက်ကပဲ၊ ငါတောင်မင်းဆီကို အကြောင်းကြားမလို့၊ မင်းရောက်တော့မယ်လို့ထင်လို့ စောင့်နေတာ''

''ဘယ်သူတွေက သတ်သွားတာလဲ''

''ဘယ်သူတွေလဲဆိုတာတော့ တရားခံကို မမိသေးဘူး''

''ဘယ်မှာအသတ်ခံရတာလဲ''

''မာရီးကို တစ်ခါက ကယ်ခဲ့တဲ့ ထန်းတောထဲမှာ''

''ဒါဆို''

ဦးဘထွန်းက စဉ်းစားပြီး ဤသို့ပြောလိုက်စဉ်…

''ငါကလဲ မာရီးနဲ့ပြဿနာဖြစ်တဲ့ လူဆိုးသွမ်းကလေးတွေအုပ်စုလို့ပဲထင်တယ်၊ ဒါပေမဲ့ တရားခံမမိသေးတော့ အတတ်ပြောလို့မရဘူး''

''သူငယ်ချင်းရယ် … ငါစိတ်မကောင်းလိုက်တာ၊ တကယ်ပဲ''

ဦးဘထွန်းက မစ္စတာကူးမားအား ပြောလိုက်ပါသည်။





''ငါလဲ တော်တော်စိတ်မကောင်းဖြစ်တယ်၊ ဦးရာဂျူး အသတ်ခံရတယ်လို့ သူ့ဇနီးလာပြောတုန်းကဆိုရင် ဘယ်လိုမှ စိတ်ထိန်းလို့မရဘူး၊ ဦးရာဂျူးဟာ အလွန်စိတ်ကောင်းရှိတယ်၊ သူနဲ့ကျုပ်နဲ့ဟာ အလွန်ရင်းနှီးတဲ့မိတ်ဆွေတွေပဲ''

မစ္စတာကူးမားက တစ်ခွန်းချင်းရှင်းပြပါသည်။

''ကျုပ်လဲ စိတ်မကောင်းပါဘူးဗျာ၊ ကလေးတွေနဲ့ တိုသက်ပြီး သိက္ခမ်းခင်မင်ရတဲ့သူဟာ မမျှော်လင့်ဘဲ အသတ်ခံရတယ်ဆိုတော့ တကယ်ပဲ စိတ်ထိခိုက်မိပါတယ်''

''ခင်ဗျားတို့ရောက်တုန်း သတင်းမေးသွားရင် ကောင်းမယ်''

''ကျုပ်တို့ မနက်ဖြန်မှာ ဦးရာဂျူးအိမ်ကို သွားမယ်''

ဤသတင်းကို ကြားလိုက်ရသော ကျော်ဒေဝတစ်ယောက်မှာ ယခုပင် မာရီး၏အိမ်ကို အပြေးသွားလိုက်ချင်ပါသည်။

နောက်တစ်နေ့တွင် ဦးဘထွန်းတို့အုပ်စု သတင်းမေးသွားခဲ့ကြပါသည်။

မာရီးတို့အိမ်သို့အရောက်တွင် မျက်ရည်လည်ရွဲနှင့် ပြေးထွက်လာသူမှာ မာရီးပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“အစ်ကိုတို့ … တစ်ခေါက် ပြန်လာတာလား”

“ဟုတ်ပါတယ် မာရီး”

“ပါပါး မရှိတော့ဘူးအစ်ကို”

ထိုသို့ပြောရင်း ချုံးပွဲချငိုကြွေးလိုက်ပါသည်။ဤတွင် ဦးဘထွန်းမှာ -

“ဦးလေးတို့လဲ ဒီသတင်းကြားကြားချင်းလာခဲ့တာပဲ”

ထိုစဉ် မာရီး၏အမေသည် အိမ်ထဲမှ ထွက်လာပြီး…။

“ဧည့်သည်တွေပါလား … အိမ်ထဲဝင်ပါ”

ထိုသို့ဖိတ်ခေါ်သဖြင့် ဦးဘထွန်းတို့အုပ်စု အိမ်ထဲသို့ ဝင်ထိုင်ခဲ့ကြပါသည်။

“မစ္စတာကူးမားကပြောလို့ လာခဲ့တာပဲ၊ ဘယ်လို ဖြစ်တာလဲ ပြောပါဦး”

“မနက်စောစော လယ်ကွင်းဆီကိုသွားမယ်ဆိုပြီး ထွက်သွားတာ ညနေအထိပြန်ရောက်မလာဘူး၊ ဒါနဲ့ ဘယ်ရွာမှာသွားပြီး အလုပ်ရှုပ်နေသလဲလို့ ထင်မိတယ်၊ မနက်ကျမှ ထန်းတောထဲမှာ သူ့အလောင်းကိုတွေ့တယ်လို့ပြောမှ လိုက်သွားရတယ်”

“ဘယ်သူတွေ သတ်သွားတယ်ဆိုတာရော သိလား”

“ဂတ်ကိုတော့ တိုင်ထားပါတယ်၊ တရားခံတော့ မမိ





သေးဘူး”

“ကျွန်တော်တို့လဲ အလွန်စိတ်မကောင်း ဖြစ်မိပါတယ်၊ စ်မကြီးဟာ မြန်မာအမျိုးသမီးတစ်ယောက်မို့ ကျွန်တော်တို့ ကူညီရမလဲ၊ လိုတာပြောပါ”

“ကိစ္စမရှိပါဘူး၊ ပြည့်စုံပါတယ်”

လူကြီးများအိမ်ပေါ်၌ စကားပြောနေစဉ် အိမ်ဘေးတွင် ဒေဝနှင့် မာရီးတို့နှစ်ယောက်သား စကားပြောဖြစ်ခဲ့ပါသည်။

“မာရီးရဲ့အဖေကိုသတ်တာ ဘယ်သူလို့ ထင်သလဲ”

“မာရီးထင်တာကတော့ မာရီးကိုလိုက်နှောက်ယှက်တဲ့ ာက်ရွာက ကောင်တွေအုပ်စုလို့ပဲ ထင်တယ်။ ပါပါးမသေခင် ပတ်လောက် အလိုတုန်းက သူတို့အုပ်စုနဲ့ ပါပါးတွေ့တော့ ါးကို မခံချင်အောင်လုပ်ပြလို့ ပါပါးနဲ့ရန်နည်းနည်းဖြစ် းတယ်”

“ဒါဆို အဲဒီကောင်တွေအကြောင်းပုလိပ်မတိုင်ဖူးလား”

“တိုင်တာပေါ့၊ ဒါပေမဲ့ အဲဒီကောင်တွေ ပြေးကုန်ပြီ၊ ယောက်မှ မရှိတော့ဘူး၊ နယ်ချဲ့တွေအုပ်ချုပ်တဲ့ခေတ်ဆိုတော့ းစီးမလုပ်ကြဘူး”

(မှတ်ချက်။ ။ ထိုစဉ်ကအိန္ဒိယပြည်သည်လည်း



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်နယ်ချဲ့၏လက်အောက်သို့ကျရောက်ခဲ့သည့် ကိုလိုနီနိုင်ငံ ဖြစ်ပါသည်)

"ဖြစ်မှဖြစ်ရလေ ... မာရီးရယ်"

"အစ်ကိုရယ်၊ အစ်ကိုပြန်သွားကတည်းက ကျွန် အမြဲစောင့်မျှော်နေပါတယ်၊ အစ်ကိုသာပြန်လာရင် ကျွန်မအ ပျော်မှာပဲလို့ တွေးထင်ခဲ့တာ အခုတော့ ကျွန်မဝမ်းအနည်း အချိန်မှ အစ်ကို့ကိုတွေ့ရတာ တကယ်စိတ်မကောင်းပါ အစ်ကိုရယ်"

ဒီစကားက ကျွန်တော်ကပြောရမှာပါ။ ဒီလိုစိ မကောင်းစရာတွေဖြစ်တာ ကျွန်တော့်ကြောင့်များလား မာရီး"

"အို ... အစ်ကို့ကြောင့်မဟုတ်ပါဘူး၊ ဒီကောင်တွေ ကတစ်ယောက်က မာရီးကိုလိုချင်လို့ ပါပါးဆီမှာလာ ကမ်းလှမ်းဖူးတယ်၊ သူဟာ ငွေကြေးချမ်းသာပေမယ့် မူး သောက်စားပြီး မိန်းကလေးတွေနဲ့ နာမည်ပျက်ရှိလို့ ပါပါး ငြင်းလိုက်တယ်၊ ဒါကြောင့် မာရီးကို ထန်းတောထဲမှာ လိုက် တာလေ၊ အဲဒီကတည်းက မာရီးရေခပ်မသွားတော့ဘူး၊ အိမ် နေတယ်၊ ရွာထဲမှာကျတော့ ကျွန်မကို ခေါ်ထုတ်ဖို့မလွယ်ဘူး ပါပါးကတော့ အလုပ်ရှိတော့ သွားလုပ်ရတာပေါ့၊ ဒီတော့ ပါ





ကိုင်းပြီးသတ်လိုက်တာနေမှာ"

"ဖြစ်မှဖြစ်ရလေ မာရီးရယ်"

"အစ်ကိုရယ် ကျွန်မတို့သားအမိဟာ ငွေရေးကြေးရေး ချမ်းသာပေမယ့် အသင့်အတင့်စားနိုင်ပါတယ်။ ဒါပေမဲ့ ပါပါး ရှိတော့ ဘယ်လိုနေရမှန်းမသိအောင် ဖြစ်မိတယ်"

"ဟုတ်ပါတယ်၊ မိန်းမသားနှစ်ယောက်ထဲ အခြား တိုင်းပြည်မှာ ဘယ်လိုနေရမလဲဆိုတာ ကိုယ်ချင်းစာပါတယ်၊ မြန်မာပြည်ကို ပြန်မှာလား၊ ဒါမှမဟုတ် မာရီးဘာလုပ်ချင်သလဲ ပြောပါ၊ ကျွန်တော်အတတ်နိုင်ဆုံးကူညီပါ့မယ်"

"မာရီးနဲ့အမား မဆုံးဖြတ်ရသေးဘူးအစ်ကို၊ တစ်ခုခု ကိုတော့ ကျွန်မတို့သားအမိ ဆုံးဖြတ်ရမှာပဲ"

ကျော်ဒေဝမှာ မာရီးတို့သားအမိနှစ်ဦး၏အဖြစ်ဆိုးကြောင့် လွန်စွာစိတ်မကောင်းဖြစ်မိပါသည်။

"တကယ်တော့ ဒီဓာတ်လမ်းမှာအပြစ်ရှိသူကကျွန်တော် များ ဖြစ်နေမလား မာရီးရယ်"

"ကျွန်တော်တို့က အလင်းထဲကလူပါ၊ ကျွန်တော်တို့ ဘာလုပ်လုပ် သူတို့ကသိနိုင်ပါတယ်၊ သူတို့ကတော့ အမှောင်ထဲ အတွင်းက ချောင်းကြည့်နေသူများပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို အရေးပေးမှန်းသိတော့ မစားရတဲ့အမဲသဲနဲ့ပက်ဆိုတာမျိုးလို မာရီးကို မပိုင်ဆိုင်ရတော့ တမင်တကာ မာရီးရဲ့ပါပါးကို သတ်လိုက်တာများလား"

သည်စကားလုံးများကား မာရီးကို မပြောရက်၍ ရင်ထဲတွင် ကြိတ်၍ပြောနေမိသည်။

"အစ်ကိုကို တွေ့လိုက်ရတော့ ကျွန်မအားတွေရှိလာတယ်၊ အစ်ကိုတို့မပြန်ခင် ကျွန်မတို့ရွာကို မကြာခဏ လာလည်ပါအစ်ကို"

"အစ်ကိုလာခဲ့ပါ့မယ်"

မာရီးမှာဝမ်းနည်းလွန်း၍ မျက်ရည်များ တပေါက်ပေါက်ကျလာပါသည်။ မာရီး၏ပါးပြင်ပေါ်မှ မျက်ရည်စများကို ကျော်ဒေဝက သုတ်ပေးရင်း...။

"ဝမ်းမနည်းပါနဲ့ မာရီးရယ်၊ ကျွန်တော် ဒီမှာရှိတုန်း မကြာမကြာလာခဲ့ပါ့မယ်"

"အစ်ကို ... လာခဲ့ပါနော်"

အမှန်တကယ်တော့ ၎င်းတို့နှစ်ဦးသားတွင် အသည်းနှလုံးချင်း သိနားလည်ခဲ့ကြပါသည်။ ချစ်သူမမည်သေးသော ချစ်သူကို ဤသို့ အပူဖုံးလွှမ်းနေချိန် အချစ်ကိုမည်သို့





ဖွင့်ပြောရမည်နည်း။

အချစ်သည် နှုတ်မှဖွင့်ဟမှ သိသာသည်မဟုတ်...။

အချစ်မျက်ဝန်းနက်တစ်စုံ၏စူးရှသောအကြည့်သည် အချစ်၏အတိမ်အနက်ကို သိပြီးဖြစ်ပေသည်။

၎င်းတို့နှစ်ဦးမှာ ဖွင့်မပြောဖြစ်သေးသော်လည်း ချစ်သူတို့၏ ချစ်ခြင်းမေတ္တာတို့ဖြင့် ရစ်ပတ်နှောင်ဖွဲ့ခဲ့လေပြီ...။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

ဖကီးကျိန်စာ

မာရီးတို့သားအမိမှာ ဖခင်ကြီးမရှိတော့သည့်အတွက် လုပ်ငန်းခွင်များ မနိုင်မနင်းဖြစ်နေပါသည်။ မစ္စတာကူးမားနှင့် ဆရာကြီးဦးဘထွန်းသည် ၄င်းတို့သားအမိပေါ်တွင် စာနာထောက်ထားသည့်အနေနှင့် ကျော်ဒေဝအား ၄င်းတို့မိသားစု၏ စောင့်ရှောက်ရန်စေလွှတ်ခဲ့ပါသည်။

ထို့ကြောင့် ကျော်ဒေဝမှာ မာရီးတို့သားအမိအား စောင့်ရှောက်ရန် ထိုရွာ၌ခေတ္တရောက်ရှိနေပါသည်။ ၄င်းတို့သားအမိမှာလည်း ကျော်ဒေဝလာရောက်ပြီး ကူညီလုပ်ကိုင်ပေးသည့်အတွက် လွန်စွာဝမ်းမြောက်ဝမ်းသာရှိလှပါသည်။ ကျော်ဒေဝအား မိသားစုသဖွယ် တိုင်ပင်ခဲ့ပါသည်။ မာရီးသည် ၄င်း၏ဖခင်ကြီး အသတ်ခံရသည်ကို လွန်စွာမကျေမနပ်ဖြစ်မိပါသည်။ ထို့ကြောင့် ၄င်းဖခင်ကြီးရှိစဉ်က ကိုးကွယ်ဆည်းကပ်ခဲ့သော ဖကီးကြီးထံ သွားရောက်လိုလှသည့်အတွက်ကျော်ဒေဝအား တိုင်ပင်ခဲ့ပါသည်။





"အစ်ကို ကျွန်မရဲ့ဖခင်ရှိစဉ်က ကိုးကွယ်တဲ့ဆရာ ဖကီးကြီးဆီကို သွားချင်တယ်။ ပါပါးဆုံးသွားတဲ့အကြောင်းလည်း ပြောပြချင်တယ်၊ ပါပါးအတွက် အလှူအတန်းလည်း ပြုပေးချင်တယ်။ အဲဒါ အစ်ကိုလိုက်ပို့ပေးပါ"

"မာရီး သွားချင်တယ်ဆိုရင် အစ်ကိုလိုက်ပို့ပေးပါမယ်"

မာရီးသွားလိုသည်ဆိုသဖြင့် ၄င်း၏မိခင်ကြီးထံ ခွင့်ပန်ကာ ဘုမိသဘမသိ လိုက်လံပို့ဆောင်ပေးခဲ့ပါသည်။ ထိုနေရာသို့ သွားရာခရီးတွင် မည်သည့်ပြဿနာမှ ရောက်လာမည်ဟု မထင်ခဲ့ပေ။ သို့သော်လည်း ကျော်ဒေဝတို့သွားသောခရီးတွင် မမျှော်လင့်ဘဲ ပြဿနာနှင့်ရင်ဆိုင်တွေ့ခဲ့ရပြန်သည်။

မာရီးခေါ်ဆောင်ရာသို့လိုက်ပါသွားရင်း ထိုမြို့၏ တောင်ဘက်ရှိရွာများကို တစ်ရွာပြီးတစ်ရွာဖြတ်သန်းကာ တောင်ခြေတစ်ခုသို့ ရောက်လာခဲ့ပါသည်။ တောင်ခြေတွင် တဲရှည်ကြီး တစ်လုံးကို အဝေးကပင် မြင်နိုင်ပါသည်။ တဲဟုဆိုသော်လည်း အတော်ကလေးကြီးပါသည်။ တဲမှာ ပေ (၅၀)ခန့်ရှည်လျားသည့် တဲကြီးတစ်လုံးဖြစ်ပါသည်။

"အစ်ကို ...ဟောဟိုက တဲကြီးဟာ ဖကီးကြီးရဲ့နေရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သြော်…တဲကတော့ တော်တော်ကြီးတာပဲနော်"

"ဟုတ်တယ် အစ်ကို"

"လူတွေလဲ အများကြီးရောက်နေတာ တွေ့ရတယ်၊ သူတို့ ဘာလာလုပ်ကြတာလဲ"

"ဒီဖကီးကြီးဟာ အလွန်အံ့သြလောက်အောင် သမာဓိ အား ကောင်းတယ်၊ လူတစ်ယောက်ကို ကြည့်ပြီး ဟောရင်လည်း အရမ်းမှန်တယ်၊ ဒုက္ခရောက်သူများကိုလည်း ဒုက္ခတွင်းက လွတ်မြောက်အောင် ဆုတောင်းပေးတယ်၊ ဒါကြောင့် လူတွေက သူ့ဆီကိုလာပြီး လှူဒါန်းကြတယ်"

"သြော်…ဒါကြောင့် လူများတာကိုး"

ထိုသို့ပြောရင်း တဲကြီးအနီးသို့ ရောက်လာခဲ့ပါသည်။ ...ရီးတို့ကဲ့သို့ အဝေးမှလာသူ အများအပြားကိုတွေ့ရှိရပါသည်။ တစ်ချို့က တဲကြီးအတွင်း၌ ထိုင်နေကြပြီး တစ်ချို့မှာ တဲအပြင် ဘက်၌ ဟိုဟိုသည်သည် လမ်းလျှောက်နေကြပါသည်။

ဤတွင် မာရီးမှ…။

"ဆရာဖကီးကြီးဟာ အခု လောက်ဆိုရင် တရား အားထုတ်နေတုန်းဖြစ်မယ်၊ ဒါကြောင့် လူတွေက စောင့်နေကြ တာလေ"





"သြော် ဟုတ်လား"

ထိုသို့ပြောရင်း တဲအတွင်းသို့ ၄င်းတို့နှစ်ဦး ဝင်လိုက်ပါ သည်။ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသော ဖကီးကြီးတစ်ဦး သည် ပရိသတ်ကိုကျောပေးကာ တရားထိုင်နေသည်ကို တွေ့ရ ပါသည်။

၄င်း၏ဘေးရှိ စင်မြင့်ပေါ်တွင် အသီးအနှံမျိုးစုံ၊ ပန်းမျိုးစုံ တင်ထားပြီး ၄င်းအားလှူဒါန်းထားသည်ကို တွေ့ရှိရပါသည်။ မာရီးလည်း ၄င်းယူဆောင်လာသော သစ်သီးများနှင့် ပန်းများကို စင်မြင့်ပေါ်သို့တင်ကာ လှူဒါန်းမှု ပြုခဲ့ပါသည်။ ဖကီးကြီးကား တင်ပလ္လင်ခွေထိုင်ကာ တရားထိုင်နေဆဲ…။

ထိုတဲအတွင်း၌ အိန္ဒိယအမျိုးသား အမျိုးသမီးများသည် ဖကီးကြီး၏ တရားဖြုတ်မည့်အချိန်ကို စောင့်ဆိုင်းနေပါသည်။ လူများသည့်အတွက် ငြီးစီစီဖြစ်လာသဖြင့်…။

"မာရီး…အစ်ကို တဲအပြင်ဘက်ကို ခဏထွက်လိုက် ဦးမယ်၊ ခေါင်းထဲမှာ ငြီးစီစီဖြစ်နေလို့"

ဤသို့ ပြောလိုက်ပါသည်။

"ကောင်းပါပြီအစ်ကို…အဝေးကြီးကိုလျှောက်မသွားပါနဲ့၊ ဆရာကြီးတရားဖြုတ်တဲ့အချိန်ကျမှ တွေ့ရမှာမို့ ကျွန်မ စောင့်နေပါ့



www.burmeseclassic.com

www.burmeseclassic.com



မယ်''

ထိုသို့ဖြင့် ကျော်ဒေဝလည်း တဲအပြင်သို့ထွက်ကာ ပတ်ဝန်းကျင်လေ့လာရေးပြုခဲ့ပါသည်။ ဤနေရာကား တောင်ခြေဖြစ်၍ လှမ်းမျှော်ကြည့်လျှင် ညို့ညို့မှိုင်းမှိုင်းနှင့် တောင်ကြီးကာရံထားသကဲ့သို့ လှမ်းတွေ့ရပါသည်။ ထိုသို့ ငေးမျှော်ကြည့်ရှုနေစဉ် အိန္ဒိယလူငယ်တစ်စုကို လှမ်းမြင်လိုက်ရသည်။ ထိုလူများသည် ကျော်ဒေဝအား မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ပုန်းလျှိုးဖုက်လျှိုးဖြစ်ကာ ရှောင်ပုန်းသွားပါသည်။ ဖြုန်းကနဲတွေ့လိုက်ရသည့်အတွက် မည်သူမည်ဝါမှန်းမသိချေ။

ကျော်ဒေဝကား ထိုမြင်ကွင်းကို တွေ့လိုက်ရသည့်အတွက် စိတ်ထဲတွင်တစ်စုံတစ်ခုသောအကြောင်းအရာနှင့် ရင်ဆိုင်ရတော့မည်မှန်း သိလိုက်ပါသည်။

''သူတို့က ဘယ်သူတွေပါလိမ့်''

''ငါ့ကို ဘာကြောင့်ရှောင်ပုန်းတာလဲ''

ထိုသို့ဖြင့် အမျိုးမျိုးတွေးမိပါသည်။

မကြာမီ ကျော်ဒေဝလည်း တဲကြီးပေါ်သို့ တက်လာခဲ့ပါသည်။ ၄င်းတို့၏ဆရာ ဖကီးကြီးကား တရားဖြုတ်ပြီးနောက် တဲကြီးအရှေ့တွင် မတ်တပ်ရပ်လိုက်ပါသည်။ ၄င်း၏ဝတ်စား





ဆင်ယင်ပုံမှာ ထူးထူးခြားခြား တွေ့လိုက်ရပါသည်။

ဖကီးကြီးအား အသက်မည်မျှရှိပြီဖြစ်ကြောင်း ခန့်မှန်းရန်မလွယ်ကူချေ။ ၄င်း၏မျက်နှာတွင်အရေးအကြောင်းများစွာနှင့် အသားများမှာ တွန့်နေပါသည်။

၄င်း၏ခန္ဓာကိုယ်တွင် အဝတ်ဖြူအရှည်ကြီး ဝတ်ဆင်ထားပြီး လက်ထဲတွင် တောင်ဝှေးတစ်ချောင်း ကိုင်ဆောင်ထားပါသည်။ ၄င်း၏ရှုပ်ထွေးတွန့်လိမ်နေသော ဆံနွယ်ဆံစတို့သည် ပခုံးထက်၌ ပြုံဝဲနေပါသည်။ ၄င်း၏လည်ပင်းတွင် အလွန်ကြီးမားသည့် မည်းနက်နေသောပုတီးကြီးတစ်ကုံးကို ဆွဲထားပါသည်။

၄င်းသည် ပရိသက်ဖက်သို့လှည့်ကာ တစ်စုံတစ်ခုကို ရွတ်ဆိုနေပါသည်။

ဤသည်ကို မာရီးက အဓိပ္ပာယ်ပြန်ဆိုပါသည်။

''ဆရာဖကီးကြီးဟာ အားလုံးကိုမေတ္တာပို့နေတယ်''

ထိုသို့အသံကျယ်လောင်စွာ တစ်စုံတစ်ခုကိုရွတ်ဆိုပြီးနောက် ရေတခေါင်းအိုးကလေးထဲသို့ သစ်ခက်တစ်ခက်ထည့်ကာ ၄င်းရှေ့ရှိ လူအများအား ထိုရေဆွတ်ထားသည့်သစ်ခက်ဖြင့် ရိုက်ကာ ဆုတောင်းပေးပါသည်။

ဤတွင် မာရီးမှ…။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ … အခုလာတဲ့သူတွေကို ကျန်းမာအောင် ရေစင်တော်နဲ့ ရိုက်ပေးနေတာပါ"

ဖကီးကြီး၏ သစ်ခက်နှင့် ရိုက်သည်ကိုခံယူလိုလှသဖြင့် ပရိသတ်များရှေ့သို့တိုးကာ ခံယူကြပါသည်။ ထို့နောက် ၎င်းရှေ့သို့ ရောက်နေသူတို့အား အနာဂတ်ကိုဟောပြောခြင်း၊ ဆုတောင်း ပေးခြင်း ပြုပေးခဲ့ပါသည်။

မကြာမီ မာရီးအလှည့်သို့ရောက်လာပါသည်။ ၎င်းတို့ နှစ်ဦးမှာ ဟိန္ဒူစတန်နီစကားနှင့် ပြောနေသဖြင့် ကျော်ဒေဝမှာ အတော်အတန် နားလည်ပါသည်။

"ဖခင်ကြီးဟာ ထန်းတောထဲမှာ အသတ်ခံရတာ တစ်ပတ်ကျော်ခန့်ရှိသွားပါပြီ၊ ဖခင်ကြီးအတွက် လှူဒွယ်ပစ္စည်း များနဲ့ လာရောက်လှူဒါန်းပါတယ်၊ ဖခင်ကြီးကောင်းရာဘုံဘဝသို့ ရောက်အောင် ဆုတောင်းပေးပါ"

"ကောင်းပါပြီ၊ ကျွန်ုပ်ဆုတောင်းပေးပါမည်။ အသင်ရဲ့ ဖခင် ကြီးသည် လွန်စွာစိတ်ကောင်းရှိသူဖြစ်ပြီး အလှူအတန်းကို လည်း သာမန်လူတွေထက်ပိုပြီး လှူဒါန်းပါသည်။ တစ်ပါးသူ အား ကြင်နာသနားပြီး တိရစ္ဆာန်များ၏အသက်ကိုပင် သတ်သူ မဟုတ်ပါ။ ထို့ကြောင့် ကောင်းရာဘုံဘဝသို့ရောက်ပါလိမ့်မည်"





"ဖခင်ကြီးအားသတ်သူများကိုလည်း တရားခံမပေါ်ပါ၊ အရှင်၏ကြင်နာမှုကြောင့် တရားခံများကို အမြန်ဆုံးပေါ်အောင် ဆုတောင်းပေးပါ"

"မကောင်းမှုပြုသူသည် ဆိတ်ကွယ်ရာမရှိပါ၊ တခဏ သာ ဖုံးကွယ်နိုင်မည်ဖြစ်၏။ မကြာမီ အမှန်တရား ပေါ်ပေါက်လာ ပေမည်၊ ကျွန်ုပ်လည်း ဆုတောင်းပေးပါမည်"

ထိုသို့ပြောစဉ် လူအုပ်ထဲမှ အသံတစ်ခု ထွက်ပေါ်လာ ပါသည်။

"အရှင် … ဆုတောင်းမပေးပါနှင့်၊ ဤကိစ္စကား လူမှုရေးကိစ္စ ဖြစ်ပါတယ်"

လူအုပ်ထဲမှ အိန္ဒိယအမျိုးသားတစ်ဦးက ဤသို့ပြောလိုက် ပါသည်။ ထို့နောက် လူရွယ်လေးဦးထွက်လာပြီး…။

"ဖကီးကြီး … ကိုယ့်အလုပ်ကို ကိုယ်လုပ်ပါ"

"ကျွန်ုပ်သည် ကိုယ့်အလုပ်ကို ကိုယ်လုပ်ပါသည်၊ ဘုရားသခင်သည်အမှန်တရားဘက်၌ ရပ်တည်သည်။မကောင်းမှု ပြုသူအတွက် ပြစ်ဒဏ်သည်အသင့်ရှိချေပြီ၊ ကျွန်ုပ်နှင့် အသင်တို့ အကြားတွင် အမုန်းတရားမရှိပါ၊ သို့သော် အမှန်တရားသာ ရှိပါသည်"



www.burmeseclassic.com

www.burmeseclassic.com



"ဖကီးကြီး ... အခြားစကားတွေ လျှောက်မပြောပါနှင့်၊ သင့်ကိုယ်သင် တန်ခိုးရှင်လိုလို လိမ်ညာပြောဆိုပြီး အလှူခံနေတာ ကျုပ်တို့မသိဘူးလို့ ထင်နေလား"

"လူကလေး ...အသင်တို့ရဲ့အပြစ်ကို ဖုံးကွယ်လိုတဲ့ စိတ်နဲ့ ဖြူစင်သူအားမပြစ်မှားသင့်၊ ကျုန်ုပ်က သည်းခံသော်လည်း အပြစ်က မနေပါ"

"ကျုပ်တို့အား ခြိမ်းခြောက်စကားဆိုသော်လည်း ကျုပ်တို့ မကြောက်၊ သို့သော်လည်း အမှုပတ်လာမည့်စကားဖြစ်က ကျုပ်တို့အား အဆိုးမဆိုလင့်"

ထိုသူများကိုကြည့်ရင်း မာရီးမှာ အံ့အားသင့်နေပါသည်။ ထိုလူတစ်စုမှာ ၎င်းအားထန်းတောအတွင်း မတရားပြုမူရန် ကြံစည်ခဲ့သူများပင်ဖြစ်ပါသည်။ ပုလိပ်များ လာရောက်စစ်ဆေးသည့်အချိန်တွင် ၎င်းလူတစ်စုမှာ ထွက်ပြေးတိမ်းရှောင်နေပါသည်။

ယခုမှ မာရီးနှင့် ကျော်ဒေဝတို့သည် ဖကီးကြီးထံသို့ လာချိန်တွင် ၎င်းတို့နောက်မှလိုက်လံချောင်းမြောင်းပြီး လိုက်လာပုံရပါသည်။ ဖကီးကြီးအား အကြားအမြင်ရသူဟူ၍လည်းကောင်း၊ အမှန်တရားဘက်တော်သား သူတော်စင်ဟူ၍လည်းကောင်း၊





ခါဝေါ်ကြသည့်အတွက် ဖကီးကြီးက တစ်ခုခုပြောမည်ကိုစိုး ဖြင့် လိုက်လာခြင်းဖြစ်ပေမည်။ ၎င်းတို့သည် ကျေးရွာသားများ ပြီး ပညာအရည်အချင်းလည်း များစွာမပြည့်ဝသည့်အတွက် ကီးကြီးက ၎င်းတို့အမည်များကို ပြောလိုက်မည်ကို စိုးရိမ်ပုံ ပါသည်။

ထိုရွာသားများနှင့် ဖကီးကြီးတို့ အကြိတ်အနယ်ပြောနေ ဖြင့် အခြားသူများကလည်း အံ့သြစွာနားထောင်နေကြပါသည်။ ချို့ကလည်း မိမိတို့ ကိုးကွယ်သောသူတော်စင်အား ဤသို့ပြော ဖြင့် မကျေနပ်ချေ။

တစ်ချို့ကလည်း အတုအယောင် သူတော်စင်လောဟူ၍ မျိုးမျိုးတွေးထင်ကြပါသည်။ ဖကီးကြီး၏အကြောင်းသိသူများ မှ ထိုလူငယ်တစ်စုမှာ တစ်နည်းမဟုတ်တစ်နည်း ဒဏ်ခတ်ခံရ ည့်သူများဟူ၍ ခပ်တိုးတိုးပြောနေကြပါသည်။

အိန္ဒိယနိုင်ငံတွင် အမှုတစ်ခုဖြစ်လျှင် သက်သေခိုင်လုံစွာ နိုင်မှသာအပြစ်ပေးလေ့ရှိပါသည်။၎င်းတို့အုပ်စုအား ထင်ကြေး ်ဖမ်း၍မရပေ။ သို့သော် သူတော်စင်ကြီးကား ထိုလူစုကို စကား ကက်ပြောလိုက်ပါသည်။

"အသင်တို့ ... ပြောလိုသည့်ကိစ္စ ပြောပြီးပြီ၊ ဤနေရာ



www.burmeseclassic.com

www.burmeseclassic.com



မှ ထွက်ခွာသွားပါလော့"

"ကျုပ်တို့အား ကတိပေးပါ၊ အသင်၏လိမ်ညာမှု ဆက်၍ မပြုလုပ်ပါနှင့်၊ ရပ်တန်းကရပ်ပါ"

"လူကလေး ... အသင်တို့သည်မိုက်မဲသောအမှု တစ်ခုပြီးတစ်ခု ဆက်တိုက်ကျူးလွန်ခဲ့လေပြီ၊ ဤအပြစ်အတွက် ကျွန်ုပ်ကျိန်ဆိုပါသည်။ အသင် ...."

ဖကီး၏ရှေ့၌ရှိသောလူရွယ်လေးဦးအနက် အစွန်ဆုံး သူအား...

"လေ"ဟုဆိုကာ လက်ညှိုးကိုထိုးကာ ၎င်း၏ တောင်ဝှေးကြီးကို "ဒုန်းကနဲ"နေအောင် ဆောင့်ချလိုက်ရာ ပရိသတ်များပင် လန့်သွားပါသည်။ ထို့နောက် ဒုတိယလူရွယ် အား လက်ညှိုးငေါက်ငေါက်ထိုးကာ...

"မြေ"ဟုဆိုပြီး တောင်ဝှေးကြီးကိုထပ်မံဆောင့်ချ လိုက်ပါသည်။ ထို့နောက် တတိယလူရွယ်အား...။

"ရေ"ဟုလည်းကောင်း၊ နောက်ဆုံးတစ်ဦးအား ...

"မီး"ဟူ၍လည်းကောင်း ပြောဆိုပြီး တောင်ဝှေးကြီးကို တဒုန်းဒုန်းမည်အောင် ဆောင့်လိုက်ပါသည်။

ဖကီးကြီး၏အကြောင်းကို သိသူများကမူ...။





"ဟာ...ဖကီးကြီး စိတ်ဆိုးသွားပြီ၊ ဒီကောင်တွေတော့ ဖကီးကြီးရဲ့ကျိန်စာသင့်တော့မှာပဲ"

ထိုသို့ပြောဆိုကြပါသည်။

၎င်းလူရွယ်လေးဦးကမူ ထိုသို့ကျိန်စာသင့်မည့်အကြောင်း ပြောဆိုသူအား

"ရေ...မြေ...လေ...မီး ဆိုတာ ကျိန်စာလား"

"ကျိန်စာနဲ့ ရေ...မြေ...လေ...မီးဟာ ဘာဆိုင်လို့လဲ၊ ဟား...ဟား...ဟား"

"ဖကီးကြီးဟာ စိတ်ရှူးပေါက်တိုင်း လျှောက်ပြော နေတာ"

"ကဲ ... ကျုပ်တို့သွားမယ်"

ထိုသို့ပွဲဖျက်ကာ တဲကြီးအတွင်းမှ ထွက်ခွာသွားခဲ့ပါ သည်။ ၎င်းတို့အုပ်စုသည် လေ၊ မြေ၊ ရေ၊ မီးဆိုသည်မှာ သဘာဝတရားများကို ပြောတာဖြစ်၍ ကျိန်စာနှင့်မဆိုင်ကြောင်း ပြောကာ ရယ်မောရင်း ပြန်သွားခဲ့ကြပါသည်။

ကျော်ဒေဝမှာ လေ၊ မြေ၊ ရေ၊ မီးဟူသောအသံကို ကြားလိုက်သည်နှင့်တပြိုင်နက် မြန်မာဘာသာအရ ဓာတ်ကြီး လေးပါးဖြစ်ကြောင်း စဉ်းစားမိပါသည်။ ထို့ကြောင့် ဖကီးကြီး၏



www.burmeseclassic.com

www.burmeseclassic.com



ကျိန်စာနှင့် ဓာတ်ကြီးလေးပါးတို့မှာ မည်သို့ဆက်နွယ်မှု ရှိပါသနည်းဟု စဉ်းစားနေမိပါသည်။

ထိုဆိုးသွမ်းလူငယ်များကြောင့် ဖကီးကြီး၏ပတ်ဝန်းကျင်ရှိ ပရိသတ်မှာ လှုပ်လှုပ်ရှရှဖြစ်နေပါသည်။ တစ်ချို့ကလည်း ဖကီးကြီးအား ဤသို့စော်ကားသည့်အတွက် မကျေနပ်ရှေ... ဖကီးကြီးမှာ ကျန်လူများကို ဆုတောင်းပေးခြင်း၊ အနာဂတ် ဟောပြောခြင်းများဆက်၍ လုပ်ကိုင်ခဲ့ပါသည်။

မြန်မာလူမျိုးဖြစ်သဖြင့် အာရှတိုက်သားချင်းဖြစ်သော အိန္ဒိယယောဂီများနှင့် ဖကီးများအကြောင်းကို ဘိုးဘွားမိဘများပြောဖူးသဖြင့်သိထားပါသည်။ ယခုကျိန်ဆိုသော ဖကီးကြီး၏ ကျိန်စာမှာ အန္တရာယ်ဆိုးများနှင့်တွေ့ပါစေဟု မကျိန်ဆိုဘဲ အဘယ်ကြောင့် ''လေ၊ မြေ၊ ရေ၊ မီး''ဟူသည့် ဓာတ်ကြီးလေးပါးအားရွတ်ဆိုသဖြင့် ဤဓာတ်ကြီးများနှင့်အန္တရာယ်တစ်ခုခု တစ်နည်းမဟုတ် တစ်နည်းပတ်သက်နေလိမ့်မည်ဟု တွေးထင်မိပါသည်။

ဤကိစ္စနှင့်ပတ်သက်ပြီး ဖကီးကြီးအားမေးချင်သော်လည်း ပရိသတ်များအလယ်တွင် ဖြေမည်မဟုတ်ကြောင်း သိနားလည်ခဲ့ပါသည်။ ဤသို့တွေးနေစဉ် မာရီးမှာ ...။





''အစ်ကို...ဒီလူဆိုးကောင်တွေ ကျွန်မတို့နောက်ကို ...ကောက်ယောင်ခံလိုက်နေတယ်နဲ့တူတယ်''

''အစ်ကိုလဲ အဲဒီလိုပဲထင်တယ်''

''ကျွန်မစိတ်ထဲမှာ သိနေတယ်၊ ခုနက လူဆိုးလေး...ယောက်ဟာ ကျွန်မအဖေကို သတ်တဲ့လူတွေလို့ ထင်တယ်''

''ဒါဆိုပုလိပ်ကို အကြောင်းကြားလိုက်ရင် မကောင်းဘူး...ား''

''သူတို့ကို ကျွန်မ မသင်္ကာဘူးလို့တော့ တိုင်ထားတာပဲ၊ ဒါပေမဲ့ သက်သေအထောက်အထား အပြည့်အစုံမရှိဘဲနဲ့ ဖမ်းလို့ ရဘူး''

''ဖကီးကြီးရှေ့မှာပြောတဲ့စကားအရကတော့ သူတို့ကိုယ်သူတို့ စိတ်မလုံလို့ ဖကီးကြီးကို အနာဂတ်မဟောနိုင်အောင် ...ာနှောက်ယှက်တာလို့ အစ်ကိုထင်တယ်''

''ကျွန်မလဲ ဒီလိုပဲထင်တယ်အစ်ကို၊ နောက်တစ်ခုက ကျွန်မက မိန်းမသားဖြစ်နေတော့ သက်သေဘယ်မှာသွားရှာ...နိုင်မလဲအစ်ကို၊ ဒါပေမဲ့ ဆရာဖကီးကြီးကို ဒီကိစ္စပြောပြီးပြီဆိုတော့ စိတ်ထဲမှာ တော်တော်ပေါ့သွားတယ်''

''ဘာဖြစ်လို့လဲမာရီး''



www.burmeseclassic.com

www.burmeseclassic.com



"ဖကီးကြီးက ဘုရားသခင်ဆီမှာ ဆုတောင်းပေးတယ် လေ၊ မကြာခင်အမှန်တရား ပေါ်လာမှာပဲ"

"ဒါနဲ့ နေပါဦး၊ ဖကီးကြီးက သူတို့ကို လေ၊ မြေ ရေ၊ မီး လို့ဘာဖြစ်လို့ပြောတာလဲ"

"ဒါတော့ ကျွန်မလည်း မသိဘူး၊ ဖကီးကြီးရဲ့ကျိန် ဟာ ဆန်းကြယ်တာတော့ အမှန်ပဲ၊ သူ့အဓိပ္ပာယ်နဲ့သူရှိလိမ့်မယ် ဘာမှ မပူပါနဲ့၊ အချိန်အခါက အမှန်တရားကို ဖော်ထုတ်သွား မှာပါ"

"ဟုတ်ပါတယ်၊ အစ်ကိုတို့ဟာ အဲဒီအမှန်တရားကို စောင့်ကြည့်ရမှာပဲ"

ထို့နောက် ကျော်ဒေဝနှင့် မာရီးတို့နှစ်ဦးသား ဖကီးကြီး ဆီမှ ပြန်လာခဲ့ပါသည်။ အိမ်သို့ပြန်ရောင်သောအခါ ၄င်း မိခင်ကြီးကို အကြောင်းစုံရှင်းပြရာ မိခင်ကြီးမှ…။

"သူတို့ဟာ သက်သေဖျောက်ထားလို့ ပုလိပ်အဖမ်းမခံ ပေမဲ့ သဘာဝတရားရဲ့ ဆုံးဖြတ်ချက်ကို မကြာမီ ခံရလိမ့်မယ်"

* * *





ထိုနေ့က အင်ဖာသို့ မာရီးနှင့်အတူဈေးဝယ်ရန် သွား ရောက်ခဲ့ပါသည်။ ဆရာကြီးဦးဘထွန်းနှင့် မစ္စတာကူးမားတို့ကို ဈေး၌ ပြန်လည်တွေ့ဆုံခဲ့ပါသည်။ မစ္စတာကူးမားကား မာရီးတို့ မိသားစုကို ကူညီလုပ်ကိုင်ပေးသည့်အတွက် ကျော်ဒေဝကို သဘောကျနေပါသည်။ ဆရာကြီးဦးဘထွန်းကလည်း ကျော်ဒေဝ အား ပြုံးရွှင်စွာနှုတ်ဆက်ခဲ့ပါသည်။

ဤတွင် ကျော်ဒေဝမှ ဆရာကြီးဦးဘထွန်းအား…။

"ဆရာကြီး ကုန်ပစ္စည်းတွေ ရောင်းရရဲ့လား"

"အေး…တော်တော်ရောင်းရတယ်၊ ကုန်ကာနီးနေလို့ နောက်တစ်ပတ်လောက်ဆိုရင် ပြန်ရတော့မယ်"

"ဒါဆို ကျွန်တော် ဘယ်လိုလုပ်ရမလဲဆရာကြီး"

"မစ္စတာကူးမားရဲ့ဆန္ဒအတိုင်းလိုက်နာရမှာပေါ့၊ သူ့ကို မေးကြည့်ရမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

မာရီးမှာ အင်ဖာမြို့ထဲရှိဈေးအတွင်း ကုန်ဝယ်နေသဖြင့် မစ္စတာကူးမားတို့ဆိုင်တွင် ထိုင်စောင့်နေပါသည်။ တဖြည်းဖြည်း အချိန်ကြာလာသည့်အတွက် ကျော်ဒေဝလည်း ဈေးအတွင်း လျှောက်၍ ကြည့်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဈေးအတွင်းလျှောက်ကြည့်ရင်း ကျွန်တော်မှာ ....
တစ်ဦးကို သတိရနေသကဲ့သို့ခံစားရပါသည်။ ထို့နောက် ခြေလှမ်း
များသည် ဈေးအတွင်းမှဖြတ်ကာ ခြေဦးတည့်ရာလမ်းချိုးကလေး
တစ်ခုအတွင်းသို့ ဝင်ရောက်သွားပါသည်။

၎င်းသည် စိတ်ညို့ခံထားရသူပမာ ခေါင်းငိုက်စိုက်ချပြီး
ဘေးဘီပင်မကြည့်ဘဲ ငိုက်စိုက်ငိုက်စိုက်ဖြင့် လမ်းချိုးတစ်ခု
အတွင်းရှိ အဆောက်အဦဟောင်းကြီးတစ်ခုထဲသို့ ဝင်သွားပါ
တော့သည်။

ထိုသို့အဆောက်အဦဟောင်းကြီးအတွင်းသို့ ဝင်လိုက်
သည်နှင့်တပြိုင်နက် ခန်းမကြီးအလယ်တွင် ထိုင်နေသူတစ်ဦးကို
ဘွားကနဲတွေ့မြင်လိုက်ရပါသည်။

"ဟင် ... ဖကီးကြီးပါလား"

ကျွန်တော် လွန်စွာအံ့သြသွားပါသည်။ မကြာသေးမီ
ရက်ပိုင်းအတွင်းက မာရီးနှင့်သွားရောက်စဉ် လူဆိုးလေးဦးအား
ကျိန်စာဆိုသွားသည့်ဖကီးကြီးဖြစ်နေသောကြောင့်ပင်။ ထိုဖကီး
ကြီးနှင့် မည်သို့အကြောင်းဆက်ရှိ၍ ဤမျှတိုက်တိုက်ဆိုင်ဆိုင်
တွေ့ဆုံရပါသနည်းဟု တွေးမိစဉ် ...။

"လူကလေး ... အံ့သြနေသလား၊ မအံ့သြပါနှင့်။





ကျွန်ုပ်သည် အသင့်၏စိတ်ကို ညို့ယူခေါ်ငင်လိုက်တဲ့အတွက်
ကျွန်ုပ်ရှေ့သို့ အသင်ရောက်ရှိလာခဲ့ရပြီ၊ ကျွန်ုပ်သည် အသင်အား
ခေါ်ယူရခြင်းမှာ အကြောင်းမဲ့ မဟုတ်ချေ...။ အလွန်အရေးကြီး
သည့်ကိစ္စတစ်ရပ်ကြောင့်ပင် ဖြစ်ပါသည်"

"မည်သည့်အကြောင်းကိစ္စများ ရှိပါသနည်း၊ သိခွင့်ရှိက
သိပါရစေ"

"အသင်သည် မာရီးမိန်းကလေးနှင့်လာစဉ်ကပင်
အသင့်၏အနာဂတ်ကို ဟောပြောလိုပါသည်။ သို့သော် အခြေ
အနေရှုပ်ထွေးနေသည့်အတွက် မဟောလိုက်ရပါ၊ ကျွန်ုပ်၏အာရုံ၌
သင်၏အနာဂတ်ကို တွေ့မြင်ရပြီ၊ ဤသည်ကား အသင်သည်
မြွေနတ်သမီးသခင်မနှင့် ဘဝဆက်ရှိသူဖြစ်သည်။ အသင်သည်
မြွေနတ်သမီးသခင်မနှင့် မကြာမီ တွေ့ကြုံရလိမ့်မည်၊ အချစ်
တစ်ခုကြောင့် ဒုက္ခရောက်ဖွယ်ရှိသည်။ ထိုအန္တရာယ်သည်
အသင့်ထံသို့ မကြာမတင်သောကာလတစ်ခုတွင် ရောက်ရှိ
လာပေတော့မည်၊ ပညာဉာဏ်ဖြင့်ဆင်ခြင်ကာ ထိုအန္တရာယ်မှ
ရှန်းထွက်ပါလော့"

"ဟုတ်ကဲ့ပါ"

ထိုသို့ပြောပြီး ကျော်ဒေဝမှာ ဖကီးကြီးအား ရှိုးပီးငွေစ



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် လျှောလိုက်ပါသည်။ ဖကီးကြီးသည် ဆုတောင်းစာများကို ရွတ်ဆိုပေးပါသည်။

ထိုစဉ် ကျွန်တော်စိတ်သဏ္ဌာန်တွင် လူဆိုးလေးဦးအား ကျိန်ဆိုသွားသည့် ကျိန်စာအကြောင်းကို သတိရကာ မေးမိပါသည်။

"အရှင်…မာရီးမိန်းကလေးနှင့်လာစဉ်က လူဆိုးလေးယောက်အပေါ် ကျိန်ဆိုလိုက်သည့် "လေ၊ မြေ၊ ရေ၊ မီး" ဆိုသည်မှာ အဘယ်သို့သောအကြောင်းတရားများပင်တည်း"

"လူသတ္တဝါတို့၏ခန္ဓာကိုယ်ကြီးသည် လေ၊ မြေ၊ ရေ၊ မီးဟူသော ဓာတ်ကြီးလေးပါးဖြင့်ဖွဲ့စည်းအပ်၏။ ထိုဓာတ်ကြီးလေးပါးအနက် တစ်ပါးပါးချို့ယွင်းပါက ခန္ဓာကိုယ်ကြီးပျက်ကိန်းရှိပါသည်။ မကြာမတင်သောအချိန်တွင် ဤအဖြေကို အသင်ရှင်းလင်းစွာသိပေရှေမည်။ ကဲ…လူကလေး အသင်သိသင့်တာလည်း သိပြီးပြီ၊ သိချင်တာလည်း သိပြီးပြီ၊ အသင်လူကလေးပြန်ပါလော့"

အမိန့်ပေးခံရသူတစ်ဦးကဲ့သို့ လာရာလမ်းသို့ ငိုက်စိုက်ငိုက်စိုက်ဖြင့်ပြန်ခဲ့ရာ ဈေးအတွင်းရှိ မစ္စတာကူးမားဓာ၏ဆိုင်သို့ ပြန်ရောက်လာခဲ့ပါသည်။ ထိုဆိုင်တွင် မာရီးမှာ ပြန်ရောက်နေ





သဖြင့်…။

"အစ်ကို…ဈေးထဲသွားတယ်ဆိုလို့ ကျွန်မလိုက်ရှာသေးတယ်၊ ဘယ်မှာမှမတွေ့ဘူး၊ အခု ဘယ်ကပြန်လာတာလဲ"

ဖကီးကြီးနှင့်တွေ့သည့်အကြောင်း ပြောပြမည်ဟုစိတ်ကူးသော်လည်း ဖကီးကြီး၏စကားတွင် မြွေနတ်သမီးဟူ၍လည်းကောင်း၊ အန္တရာယ်ရှိနိုင်သည်ဆိုသည့်အချက်များပါ ပါနေသဖြင့် မာရီးစိုးရိမ်မည်စိုးသည့်အတွက် အမှန်အတိုင်း မပြောတော့ဘဲ…။

"ဘာရယ်မဟုတ်ပါဘူး၊ ဈေးအပြင်ဘက်ကို လျှောက်ကြည့်နေလို့ ကြာသွားတာပါ"

ဟု ကျွန်တော်က ပြောလိုက်ပါသည်။

"ကဲ … အစ်ကို ကျွန်မတို့ပြန်ရအောင်"

"အစ်ကို လိုက်ပို့မယ်"

မာရီးအား ဤသို့ပြောပြီးနောက် မစ္စတာကူးမားနှင့် ဆရာကြီးဦးဘထွန်းတို့အား နှုတ်ဆက်ခဲ့ပါသည်။ ဤတွင် ဆရာကြီးဦးဘထွန်းမှ-

"နောက်တစ်ပတ်လောက်ကြာရင် မင်းပြန်လာခဲ့ဦး"

"ဟုတ်ကဲ့ ဆရာကြီး"

ဤသို့ဖြင့် မာရီးတို့ရွာသို့ ရောက်ခဲ့ပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင်က မာရီးတို့ရွာသို့ ရောက်လျှင် လွန်စွာပျော်ရွှင်ခဲ့ပါသည်။ ယခုမူ မာရီး၏ဖခင်သေဆုံးသွားပြီးနောက်ပိုင်း ပြဿနာများ တစ်ခုပြီးတစ်ခုတက်နေသည့်အတွက် ပျော်ရွှင်မှုနည်းခဲ့ပါသည်။

ထို့အပြင် ဖကီးကြီးနှင့်တွေ့စဉ် မြွေနတ်သမီးအကြောင်းပြောသဖြင့်ပို၍စိတ်မှာ မကြည်မလင်ဖြစ်နေပါသည်။ ယခုတစ်ခေါက် အိန္ဒိယသို့လာချိန်တွင် မြွေနတ်သမီးရုပ်တုကလေးကို ယူလာခဲ့သည်မှာ ငှင်းတစ်ယောက်တည်းသာ သိပါသည်။

မြွေနတ်သမီးရုပ်တုကလည်း ထူးခြားမှုရှိသည်။ ငှင်းရုပ်တုကလေးကိုမြင်လိုက်သည်နှင့် ချစ်သူတစ်ယောက်ကဲ့သို့ပြောဖြစ်နေပါသည်။ ယခုအခါတွင် အင်ဖာကိုစရောက်ကတည်းက မာရီး၏ဖခင်သတင်းဆိုးကြောင့် မာရီးတို့ရွာသို့လိုက်သွားသဖြင့် အဝတ်အိတ်မှာ မစ္စတာ ကူးမား၏အိမ်၌ ထားခဲ့ပါသည်။ ထို့အပြင် ပြဿနာပေါင်းများစွာနှင့်ကြုံတွေ့ရသည့်အတွက် ထိုရုပ်တုကလေးကိုသတိမရဖြစ်ဘဲ မေ့လျော့နေခဲ့ပါသည်။

သို့သော် ကျွန်တော်ကိုယ်တိုင် မေ့လျော့နေသော ရုပ်တုကလေးနှင့် ပတ်သက်သောအကြောင်းအရာများကို အနာဂတ်





ဟောကိန်းအဖြစ် ဟောပြောသဖြင့် စိတ်မကြည်မလင် ဖြစ်ခဲ့ရပါသည်။

မာရီးမှာ ဖခင်ပူပူနွေးနွေးသေဆုံးထားသူဖြစ်၍ ငှင်းထက်ပိုပြီး စိတ်မချမ်းသာဖြစ်နေသည့်အတွက် ကျော်ဒေဝမှာ မိမိစိတ်မကြည်လင်သည်ကို ခေတ္တဖယ်ထားကာ ပြုံးပြုံးရွှင်ရွှင်နေခဲ့ပါသည်။ ထိုသို့ဖြင့် မာရီးတို့ရွာ၌နေထိုင်စဉ် သတင်းတစ်ခုကြားရသည်။

''ဟိုဘက်ရွာက ဆန်ဂျေးတစ်ယောက် တောင်ပေါ်က လိမ့်ကျလို့ သေသွားပြီတဲ့''

မိမိ၏နားကိုပင် မယုံနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ဆန်ဂျေးဆိုသည်မှာ ဆိုးသွမ်းလူငယ်လေးဦးတွင် တစ်ယောက်အပါအဝင်ဖြစ်ပြီး ဖကီးကြီးအား ရင့်သီးသောစကားကို ပြောခဲ့သူဖြစ်ပါသည်။ ထို့ကြောင့် ဖကီးကြီးမှာစိတ်ဆိုးပြီး ငှင်းအား ''လေ''ဟူ၍ လက်ညှိုးငေါက်ငေါက် ထိုးခံရသူဖြစ်ပါသည်။ ငှင်း၏အကြောင်းကိုသိရသည်မှာ ငှင်းတို့အုပ်စုအား ပုလိပ်များက မသက်ာ၍ရှာဖွေသဖြင့် တစ်ယောက်တစ်နေရာစီ ထွက်ပြေးပုန်းအောင်းစဉ် ဆန်ဂျေးမှာတောင်ကြီး၌ ပုန်းအောင်းခဲ့ပါသည်။ ထိုမှနောက်ထပ်တစ်နေရာသို့ထွက်ပြေးစဉ် တောင်ပေါ်မှ ချော်



www.burmeseclassic.com

www.burmeseclassic.com



ကျပြီး လေထဲတွင် ပျံ့ဝဲကျလာကာ မြေကြီးပေါ်သို့အရောက်တွင် ဦးခေါင်းနှင့်ရိုက်မိပြီးနောက် နေရာတွင် သေဆုံးသွားခဲ့ခြင်း ဖြစ်ပါသည်။

"ဘုရား…ဘုရား…ဆန်ရှေးကို ဖကီးကြီးက လက်ညှိုး ထိုးပြီး "လေ"လို့ပြောခဲ့တာ အခုတော့ လေထဲမှာပျံ့ဝဲပြီး သေသွားပြီ၊ ဒါဆိုရင် ကျန်တဲ့လူတွေလည်း အန္တရာယ်နဲ့ရင်ဆိုင် ရတော့မှာပဲ"

ဖကီးကြီး၏ကျိန်စာကို ကျော်ဒေဝသဘောပေါက် သွားခဲ့ပါသည်။ သို့သော် ခေတ်လူငယ်ပီပီ…။

"ဒါတွေဟာ တိုက်ဆိုင်မှုများလား"

ကျော်ဒေဝဤသို့ တွေးမိပါသည်။ သို့သော် ၎င်း၏ အတွေးမဆုံးခင် ထိုရွာကလေး၌နေစဉ်အတွင်း ကျန်လူဆိုးသုံးဦး၏ ကံကြမ္မာဆိုးများကို ဆက်တိုက် ကြားသိခဲ့ရပါသည်။

ဒုတိယလူဆိုးတစ်ဦးဖြစ်သူ ဂျင်မီ၏ကံကြမ္မာကား…။

မာရီး၏ဖခင်သေဆုံးမှုနှင့်ပတ်သက်၍ မာရီး၏တိုင်တန်း မှုကြောင့် မသင်္ကာသူများကို ခေါ်ယူစစ်ဆေးရာ ဆိုးသွမ်းလူငယ် သုံးဦးမှာ စစ်ဆေးမှုမခံဘဲ ထွက်ပြေးပုန်းရှောင်နေပါသည်။

သို့သော် ထိုရွာမှ သုံးရွာကျော်ခန့် ကွာဝေးသည့်ရွာငယ်





ကလေးတွင် ပုန်းအောင်းနေပါသည်။ ၎င်းသည် ထိုရွာသိမ် ရွာငယ်၌ ပုန်းအောင်းနေမှန်း မည်သူမျှမသိပေ။

ဂျင်မီသည် အမြဲတန်းအပြင်သို့ ထွက်လည်နေကျဖြစ်ပြီး ယခုကဲ့သို့ ပုန်းအောင်းနေရသည်မှာ ကြာလာသည့်အခါ အိမ်ထဲ တွင်နေချင်စိတ်မရှိပေ။ ထိုစဉ် ၎င်း၏သူငယ်ချင်းတစ်စု ရောက် လာခဲ့ပါသည်။

"ဟေ့ကောင်တွေ … ငါ…ဒီမှာပုန်းအောင်းနေရတာ ကြာပြီ၊ အရက်ကလေး ဘာလေးထွက်သောက်ချင်တယ်"

"ဟေ့ကောင် … မင်းပုန်းနေတယ်ဆိုတာ သတိရ စမ်းပါဦး"

"ပုန်းနေတယ်ဆိုတာတော့ သိတာပေါ့ကွာ၊ ဒါပေမဲ့ ဒီရွာက သေးသေးလေးပဲ၊ ငါ့ကိုသိတဲ့လူ မရှိပါဘူး"

"ဟုတ်တော့ ဟုတ်ပါတယ်"

"ငါတော့ လူတွေနဲ့ဝေးတဲ့ တောင်ခြေက အရက်ဆိုင် ကလေးမှာ သွားသောက်ရင် ကောင်းမလားလို့"

"အေးကွာ … ဦးထုပ်ကလေးဆောင်း၊ မျက်မှန်လေး တပ်ပြီး ရုပ်နည်းနည်းဖျက်လိုက်ပေါ့"

"အေး ဟုတ်တယ်၊ ငါရုပ်ဖျက်ပြီး မင်းတို့နဲ့ လိုက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



မယ်''

ထိုသို့ဖြင့် ထိုရွာရှိသူငယ်ချင်းများနှင့် ဂျင်မီမှာ ရုပ်ဖျက်ပြီး တောင်ခြေရှိအရက်ဆိုင်သို့ လိုက်ခဲ့ပါသည်။

''ဟေ့ကောင် အရက်နှစ်အိုးချစမ်း၊ အမြည်းလည်း ကောင်းကောင်းချပေး''

''ဟုတ်ကဲ့ပါ ဆရာ''

အရက်ဆိုင်ရောင်းသည့်ကောင်လေးမှာ ပြာပြာသလဲ ပြောလိုက်ပါသည်။ ထို့နောက် အရက်အိုးများနှင့် အမြည်းများ ချပေးခဲ့ပါသည်။ ဤကဲ့သို့ အရက်နှင့်အမြည်း မစားရသည်မှာ ကြာပြီဖြစ်၍ အားရပါးရ သောက်စားနေကြပါသည်။

အခြားသူများမှာ တော့်ရုံတန်ရုံသာသောက်သော်လည်း ဂျင်မီမှာ မူးအောင်သောက်နေပါပြီ။

''ဂျင်မီ... ဘာဖြစ်လို့ ဒီလောက်တောင် သောက်နေရတာလဲ''

''မသောက်ရတာ ကြာပြီဆိုတော့ ဒီနေ့တော့အမူးသောက်မယ်၊ နောက်ဘယ်နေ့မှထွက်လို့ရမယ်ဆိုတာ မပြောနိုင်ဘူး''

''အေး-ဒါလဲဟုတ်တာပဲ၊ သောက်ပါကွာ၊ မင်းသိပ်မူးရင်လည်း ငါတို့ထမ်းသွားပါ့မယ်''

ထိုသို့ပြောဆိုရင်း သောက်လေသောက်လေ မက်ပြေ...။

အားလုံးမူးနေကြပါသည်။ ထိုအချိန်တွင် ရုတ်တရက် ''သိမ့်ကနဲ'' နေအောင် မြေလျှင်လှုပ်သွားပါသည်။သို့သော် မူးသမားတစ်သိုက်ကား အသောက်မပျက်။

နောက်တစ်ချက် မြေလျှင်ပြင်းစွာလှုပ်သွားပြီး...။

''ဝုန်း''

ဟူသောအသံနှင့်အတူ တောင်ပေါ်မှမြေကြီးမြေစိုင်ခဲများ ကျလာပါသည်။ အရက်ဆိုင်ရှင်လည်း မြေကြီးများပြိုကျလာသဖြင့် အရက်သောက်နေသူများအား...။

''ဟေ့လူတွေ ... ထကြ ... ထကြ... တောင်ပြိုတော့မယ်''

ဟုအော်လိုက်ရာ...။

''ဟင်...တောင်ပြိုလာပြီ...ပြေးကြ...ပြေးကြ'' ဟု ဆိုင်တွင်းရှိလူများမှာ အော်ဟစ်ရင်းထပြေးကြပါသည်။

''တောင်ပြိုနေပြီဟေ့''

ဂျင်မီ၏သူငယ်ချင်းများမှာလည်း လန့်ဖြန့်ကာ ထပြေး







www.burmeseclassic.com

www.burmeseclassic.com



ကြပါသည်။ ထိုစဉ် တောင်များထပ်ပြိုကျပြီး ဆိုင်တစ်ခုလုံး ဖုံးလွှမ်းသွားပါတော့သည်။ အမူးသမားများလည်း ထပြေးရသဖြင့် အမူးပင်ပျောက် သွားပါသည်။

"အမလေး ... ကံကြီးပေလို့ ...နို့မို့ရင် အသေပဲ"

အမူးသမားအချင်းချင်း မောဟိုက်စွာပြောနေပါသည်။ ထိုအခါ ဆိုင်ရှင်ကလည်း-

"ဒါနဲ့ ... ခင်ဗျားတို့သူငယ်ချင်း ဟို ဦးထုပ်ဆောင်းပြီး မျက်မှန်တပ်ထားတဲ့လူရော မတွေ့ပါလား"

"ဟာ ... ဟုတ်ပါရဲ့ ဂျင်မီကျန်ရစ်ခဲ့ပြီနဲ့တူတယ်"

"ဒါဆို မြေကြီးတွေကို ဖယ်ထုတ်မှဖြစ်မယ်"

"ဟုတ်တယ်...ဟုတ်တယ်"

အမူးသမားများရော ဆိုင်ရှင်နှင့် ဆိုင်လုပ်သားများပါ မြေကြီးများကိုအလျှင်အမြန် ဖယ်ရှားကြပါသည်။ တဖြည်းဖြည်း မြေကြီးများအား ဖယ်ရှားပြီးနောက်...။

"ဟော...တွေ့ပြီ၊ တွေ့ပြီ...ဂျင်မီကိုတွေ့ပြီ"

ဟုဆိုကာ ဆွဲထုတ်လိုက်ကြပါသည်။

"ဂျင်မီ"

"ဂျင်မီ"





"အမူးလွန်နေလားမသိ"

"ဟင်...ဂျင်မီ အသက်မရှိတော့ဘူး"

သူငယ်ချင်းတစ်ယောက်က အော်ပြောလိုက်ရာ အားလုံး ဘုန်းလှုပ်သွားပါသည်။

"ဟုတ်မှ ဟုတ်ရဲ့လားကွာ၊ သေသေချာချာ ကြည့်ပါဦး"

"ဟုတ်တယ် ဂျင်မီ တကယ်အသက်မရှိတော့ဘူး"

"ဖြစ်မှဖြစ်ရလေ ဂျင်မီရယ်"

"ဒါဆို ... ဖကီးကြီးရဲ့ ဒုတိယကျိန်စာဖြစ်တဲ့ "မြေ" ဆိုတဲ့ အဓိပ္ပာယ်လား မသိဘူး"

"ဒါဟာ တိုက်ဆိုင်မှုတစ်ရပ်ပဲ ဖြစ်ပါစေ"

ဂျင်မီ၏သူငယ်ချင်းများမှာ အဖြစ်ဆိုးနှင့် ကြုံရသည့် ချင်း၏ သူငယ်ချင်းအတွက် စိတ်မကောင်းဖြစ်ကြရပါသည်။

ဂျင်မီ၏သတင်းမှာ တစ်ရွာမှတစ်ရွာသို့ ပျံ့နှံ့သွားပြီး ဆရီးတို့ရွာသို့ရောက်ရှိလာပါသည်။ အင်ဖာကအပြန်တွင် ဂျင်မီ၏ သတင်းကို ကြားလိုက်ရပါသည်။

"အစ်ကို ... ဂျင်မီတစ်ယောက် မြေပြိုလို့ သေဆုံးသွားပြီတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား … ဒါဆိုရင် ဖကီးကြီးရဲ့ကျိန်စာ မှန်သွားပြန်ပြီပေါ့"

"ဟုတ်တယ်အစ်ကို သူတို့ဟာ မဟုတ်တာလုပ်တဲ့အပြင် ဖကီးကြီးကိုလည်း စော်ကားသေးတယ်၊ ဒါကြောင့် ဂျင်မီကို ဖကီးကြီးက "မြွေ" လို့ပြောလိုက်တာ အစ်ကိုကြားတယ် မဟုတ်လား၊ တကယ်တော့ "မြွေ"ဆိုတာ မြွေနဲ့သေပါစေလို့ ကျိန်ဆိုတာဖြစ်မယ်အစ်ကို"

"အစ်ကိုလဲ မာရီးလိုပဲ သဘောပေါက်တယ်"

"ဒါဆိုရင် ကျန်တဲ့မိုက်သားတွေရဲ့သတင်းကိုလည်း နားထောင်ရဦးမှာပဲ"

"ဟုတ်ပါတယ် အစ်ကို"

"မာရီး … အစ်ကိုတို့ရဲ့ အယူဝါဒမှာ "လောကမှာ လောကပါလသစ္စာတရား"ဆိုတာရှိတယ်၊ လူသားတွေကို ဖုံးကွယ်လို့ ရချင်ရမယ်၊ သစ္စာတရားကိုဖုံးကွယ်လို့မရဘူး။ "သစ္စာတရားဆိုတာ မှန်ကန်ခြင်းပဲ" ဒါကြောင့် အမှန်တရားကို တာရှည်ဖုံးကွယ်လို့မရဘူး မာရီး"

"မှန်ပါတယ်အစ်ကို၊ ကျွန်မကလည်း အမှန်တရားကိုသာ မြတ်နိုးတာပါ"





မာရီးနှင့် ကျော်ဒေဝတို့မှာ သစ္စာတရားအကြောင်း ပြောနေကြပါသည်။ ထိုသို့ဖြင့် တစ်ပတ်ခန့်မာရီးတို့ရွာတွင် နေထိုင်ပြီးနောက် အင်ဖာသို့သွားရောက်ခဲ့ပါသည်။ ဆရာကြီးဦးဘထွန်းမှာ ကုန်ပစ္စည်းများရောင်းချပြီးစီး၍ မြန်မာပြည်သို့ပြန်တော့မည်ဖြစ်ကြောင်း ပြောပြပါသည်။

"ကျော်ဒေဝ…ဆရာကြီးတို့ မနက်ဖြန် မြန်မာပြည်ကို ပြန်တော့မယ်"

"ဒါဆို ကျွန်တော်လည်း ပြန်လိုက်ခဲ့ရမလားဆရာကြီး"

"အဲဒါ မစ္စတာကူးမားနဲ့ ဆရာကြီးတို့ တိုင်ပင်နေကြတာ၊ မာရီးတို့က လယ်ယာလုပ်ငန်းလုပ်ကိုင်တော့ ဒီရက်တွေမှာ အလုပ်ကလည်း လက်စမသိမ်းသေးဘူး၊ နွေရောက်မှ လုပ်ငန်းပြီးမယ်၊ မာရီးအမေကလည်း မင်းကိုနွေအထိ ထားပေးပါလို့ပြောတယ်၊ အဲဒါ မင်းသဘောက ဘယ်လိုလဲ"

"ဆရာကြီးတို့က နေပါဆိုရင် ကျွန်တော်နေခဲ့ပါမယ်"

"အေးကွာ မင်းနေခဲ့ရင်တော့ ကောင်းတာပေါ့ကွာ၊ ဆရာကြီးလည်း မကြာမကြာလာမှာပါ၊ မင်း မပူပါနဲ့၊ မင်းမပျော်ဘူးဆိုရင် မစ္စတာကူးမားကိုပြောပြီး ပြန်လာခဲ့ပေါ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ဦးဘထွန်းမှာ ကျော်ဒေဝကို ထားခဲ့ရသည်ကို စိတ်မကောင်းဖြစ်နေပုံရကြောင်း ကျော်ဒေဝကလည်း သိပါသည်။ ကျော်ဒေဝနှင့် မာရီးတို့မှာလည်းတစ်ဦး၏မေတ္တာကို တစ်ဦး နားလည်နေကြသည့်အတွက် ဤသို့ကူညီရသည်ကိုပင် ဝမ်းမြောက်ဝမ်းသာ ရှိနေပါသည်။

ထိုစဉ် အင်ဖာဈေးနှင့်မနီးမဝေးရှိ အိမ်တစ်လုံးမီးလောင်နေကြောင်းသတင်းရ၍ သွားရောက်ကြည့်ကြပါသည်။

"မီးလောင်တဲ့အိမ်ထဲမှာ လူတစ်ယောက် သေနေတယ်"တဲ့။

"အိမ်ရှင်တွေ ခရီးသွားတုန်း ဧည့်သည်တစ်ယောက်ကို အိမ်စောင့်ခိုင်းတာ မီးမွှေးရင်း မီးထလောင်သွားတယ်တဲ့"

"အဲဒီလူက ပန်ချပ်ရွာက မုတ္တူးတဲ့"

ထိုသို့ သတင်းစကားများရရှိ၍ ထိုနေရာသို့ သွားကြည့်ရာ...။

"ဟာ...လူဆိုးလေးယောက်ထဲက စတုတ္ထမြောက် "မီး" ဆိုပြီးလက်ညှိုးထိုးခံရတဲ့လူဆိုး မုတ္တူးပဲ"

ကျော်ဒေဝမှာ ထိုလူဆိုးလေးဦးကို နှစ်ကြိမ်တိုင်တိုင် မြင်ဖူးထားသည့်အတွက် ဖကီးကြီး၏ကျိန်စာထိသွားသော





မုတ္တူးမှန်းသေချာစွာ သိလိုက်ပါသည်။ ဤတွင် ပုလိပ်များရောက်လာပြီး မုတ္တူးအလောင်းကို စစ်ဆေးပါသည်။

"ဟာ...ဒီကောင်ဟာ မသင်္ကာမှုနဲ့ ခေါ်ယူစစ်ဆေးတာ အစစ်မခံဘဲ ထွက်ပြေးနေတဲ့မုတ္တူးပဲ"

"ဟုတ်တယ်၊ ဒါ မုတ္တူးမှ မုတ္တူးအစစ်ပဲ"

"အဲဒီအုပ်စုက လေးယောက်ရှိတယ်၊ တစ်ယောက်က ကောင်ပေါ်ကကျသေတယ်၊ တစ်ယောက်က မြေပြိုပြီးသေတယ်၊ တစ် ယောက်က မီးလောင်ပြီးသေတယ်"

"ဟုတ်တယ် ... ဟုတ်တယ်၊ ထွက်ပြေးရင်းနဲ့ တစ်ယောက်ပြီးတစ်ယောက် သေနေတာ အံ့သြစရာပဲ"

"တစ်ယောက်ပဲကျန်တော့တယ်"

"ဟုတ်တယ်၊ တစ်ယောက်ကတော့ ထွက်ပြေးနေတုန်းပဲ"

ပုလိပ်များမှာ အချင်းချင်းပြောနေပြီးနောက် မုတ္တူး၏အလောင်းကို သယ်သွားကြပါသည်။ ဤတွင် ဖကီးကြီး၏စကားကို ပြန်လည်ကြားယောင်မိပါသည်။ "မီး"ဟုပြောကာ လက်ညှိုးညွှန်ရင်း မုတ္တူးကိုပြောလိုက်သည့်မြင်ကွင်းကို ပြန်လည်မြင်ယောင်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ဆိုရင် ... တိုက်ဆိုင်တာ မဖြစ် တော့ဘူး"

ထိုသို့စဉ်းစားရင်း မစ္စတာကူးမားတို့ဆီသို့ ပြန်လာ သည်။ မစ္စတာကူးမားမှာလည်း ဤလူဆိုးများ၏သတင်း တစွန်းတစကြားသိထားသည့်အတွက် ကျော်ဒေဝအား မေး ပါသည်။

"မီးလောင်ပြီးသေသွားတဲ့ မူတူးဆိုတာ မာရီး ဦးရာဂျူးကိုသတ်မှုနဲ့ သက်ဆိုင်တဲ့သူဆိုတာ ဟုတ်လား"

"ဟုတ်ပါတယ်ဦး... သူတို့ကို ကျွန်တော်ကော ကောင်းတွေ့ဖူးပါတယ်၊ ပုလိပ်အဖွဲ့ကလည်း သူတို့ကို ခေါ် ဆေးဖို့ ဆင့်စာပေးကတည်းက ရွာကပျောက်သွားတာပဲ"

"ဒါဆို ဒီကောင်တွေဟာ ဦးရာဂျူးကိုသတ်တဲ့တ တွေဆိုတာ သေချာသလောက်ရှိပြီ"

"ဖြစ်နိုင်ပါတယ်ဦး"

ထိုသို့ပြောဆိုကာ မာရီးနှင့် ဖကီးကြီးဆီသို့သွား အကြောင်းမှအစ ဖကီးကြီးအားစော်ကားသဖြင့် ဖကီးကြီး ကျိန်စာအကြောင်းကိုပါ ပြောပြလိုက်ပါသည်။

"အင်း...ဒါကြောင့် ဒီကောင်တွေ တစ်ယောက်ပြီး





ယောက် ထူးထူးခြားခြားသေဆုံးတာ ထူးဆန်းတယ်လို့ထင်နေတာ၊ လက်စသတ်တော့ ဖကီးကြီး၏ကျိန်စာထိထားတာကိုး၊ ဒါဆိုရင် နောက်တစ်ယောက်လည်း ဓာတ်သိမ်းကောင်းမှာ မဟုတ်ဘူး"

"ဟုတ်ပါတယ်ဦး ...နောက်တစ်ယောက်ကတော့ "ရေ" ဆိုပြီး လက်ညှိုးထိုးကျိန်စာဆိုခဲ့တဲ့သူပဲ သူတစ်ယောက်ပဲ ကျန်တော့တယ်"

"တကယ်တော့ ဒီဖကီးကြီးဟာ သူ့ဖာသာ တရားကျင့် နေတဲ့သူတော်စင်ပဲ၊ တကယ်တော့ အကျင့်သီလ သမာဓိနဲ့ပြည့်စုံ တဲ့သူကို အရိုအသေမပေးလိုရင် မပေးပါနဲ့၊ ဒါပေမဲ့ သူတို့ကို ကိုယ်နှုတ်နှလုံးသုံးပါးအနက် တစ်ပါးပါးနဲ့မှ ကျူးလွန်ခြင်း မပြု သင့်ဘူး၊ မင်းလဲ သတိထားနေပါ။ လူဆိုးတွေက မာရီးတို့မိသားစု ကို ရန်ပြုမှာ စိုးရတယ်"

"ဟုတ်ကဲ့ပါ ဦး"

မစ္စတာကူးမားပြောလိုက်မှ မာရီးတို့သားအမိကို စိတ်ပူ သွားပါသည်။ သို့သော် မာရီးတို့အိမ်တွင် အလုပ်သမားများ လည်းရှိသည့်အတွက် အနည်းငယ်စိတ်ကိုဖြေသိမ့်ခဲ့ရပါသည်။

နောက်တစ်နေ့နံနက်တွင် ကျော်ဒေဝသည် မာရီးတို့ရွာသို့ ပြန်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာရီးရေ … မာရီး… အစ်ကိုပြန်လာပြီ"

ထိုသို့အော်ကာ အိမ်တွင်းသို့ ဝင်လာခဲ့ပါသည်။ဤတွင် မာရီး၏အမေမှ –

"မာရီးမရှိဘူး … ဟိုဘက်ရွာသွားတယ်"

"ဟိုဘက်ရွာကို ဘာသွားလုပ်တာလဲ အဒေါ်"

"ဟိုလေ … ဆာမိဆိုတဲ့သူ ရေနစ်သေသွားပြီတဲ့"

"ဟို လူဆိုးလေးယောက်ထဲက ဆာမိကို ပြောတာလား အဒေါ်"

"ဟုတ်တာပေါ့ကွယ်"

"ဘယ်လိုဖြစ်ပြီး ရေနစ်သေသွားတာတဲ့လဲ"

"အဒေါ်လည်း ကောင်းကောင်းမသိပါဘူးကွယ်၊ မင်းနမတော့ ဟိုဘက်ရွာထိပ်က မြစ်ကမ်းဘေးမှာ ဆာမိအလောင်းတွေ့တယ်ပြောလို့ သွားကြည့်တယ်၊ မင်းလိုက်ရင် လိုက်သွားပေါ့"

"ဟုတ်ကဲ့ အဒေါ်"

ကျော်ဒေဝလည်း မာရီးသွားသည့်ရွာသို့ လိုက်လာခဲ့ပါသည်။ ထိုရွာကလေးမှာ မြစ်ကမ်းနံဘေးတွင်ရှိသည့်ရွာကလေးဖြစ်ပါသည်။ ကျော်ဒေဝ ရောက်သွားသည့်အခါ မြစ်ကမ်းနဘေး





တွင် လူအများ ဝိုင်းအုံကြည့်ရှုနေပါသည်။

လူအုပ်ကြားမှ တိုးဝင်ပြီးကြည့်လိုက်သောအခါ…။

အပေါ်ပိုင်းဗလာဖြစ်နေပြီး အောက်ပိုင်းတွင်ဘောင်းဘီတိုကလေးဝတ်ဆင်ထားသည့် ဆာမိ၏အလောင်းကို တွေ့လိုက်ရပါသည်။ ဆာမိ၏ခန္ဓာကိုယ်သည် ရေများဝင်နေသည့်အတွက် ဖောင်းနေပါသည်။

တကယ်ပင် ပုံပျက်ပန်းပျက်ဖြစ်နေသော မျက်နှာ…။

လွန်ခဲ့သောရက်ပိုင်းအတွင်းက ဖကီးကြီးအား လူလိမ်လူညာဟု ပြောခဲ့သူ…။ ဖကီးကြီးစိတ်ဆိုးပြီးနောက် ၎င်း၏နှုတ်မှ "ရေ" ဟုပြောဆိုခြင်းခံရသူ…။ ရက်ပိုင်းအတွင်း မမျှော်လင့်ဘဲ ကံကြမ္မာဆိုးနှင့် တိုးခဲ့လေပြီ။

မစ္စတာကူးမားပြောသကဲ့သို့ သူတော်စင်ကိုပြစ်မှားသည့် ပြစ်ဒဏ်ကိုလုလုကြီးခံနေရပါပြီ။ အသက်ရှင်စဉ်က အလွန်ဆိုးသွမ်းကာ မာန်မာနထောင်လွှားခဲ့သောဆာမိတစ်ယောက် ယခုသေချိန်တွင် အဝတ်အစားဆိုသည်မှာနတ္ထိ၊ အရှက်လုံရုံ ဘောင်းဘီလေးတစ်ထည်နှင့် တမလွန်ခရီးကို သွားခဲ့လေပြီ။

အားလုံးခြုံကြည့်လိုက်သော် ဆိုးသွမ်းလူငယ်လေးဦး၏ကံကြမ္မာကား သူတို့တရားကို သူတို့ကိုယ်တိုင် စီရင်သွားခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူအုပ်ထဲတွင် မာရီးကို လိုက်ရှာခဲ့ရပါသည်။ အတော်ကြာအောင် ရှာလိုက်သောအခါ မာရီးကို တွေ့လိုက်ရပါသည်။

"မာရီး"

"အစ်ကို ... ဒီရွာကို လိုက်လာတယ်ဟုတ်လား"

"ဟုတ်တယ် မာရီး...ဒီရွာကိုသွားတယ်ဆိုလို့ လိုက်လာတာ"

"ဆာမိရေနစ်သေသွားပြီ၊ ဒီရွာမှာ အလောင်းပေါ်တယ်ဆိုလို့ ကျွန်မလာကြည့်တာ"

"အစ်ကိုလည်း ဆာမိအလောင်းကို တွေ့လိုက်တယ် ဖကီးကြီးရဲ့ကျိန်စာဟာ အလွန်ပဲကြောက်ဖို့ကောင်းအောင် တစ်ယောက်ပြီးတစ်ယောက် သေဆုံးသွားတော့တာပဲ၊ ဒါနဲ့ ဆာမိက ဘယ်လိုဖြစ်ပြီးရေနစ်ရတာလဲ"

"ဆာမိက ပုလိပ်တွေကိုကြောက်ပြီး မြစ်ကမ်းနဘေးက ရွာမှာ သွားပုန်းနေတာ၊ အဲဒီလိုပုန်းနေတာကို ပုလိပ်ဘက်က သတင်းရလို့သွားဖမ်းတော့ ဆာမိကလည်း မြစ်ထဲခုန်ဆင်းပြီး ပြေးရင်းနဲ့ ရေနစ်သေသွားတာ၊ ဒီနေ့မနက်မှ ဒီမြစ်ကမ်းမှာ လာတင်နေတာတဲ့၊ ဒါနဲ့ ကျွန်မလည်း လာကြည့်တာ"

"လူမိုက်လေးယောက်စလုံးတော့ ဇာတ်သိမ်းသွားပြီ"





"နောက်တစ်ယောက် ကျန်သေးတယ်လေ"

"မကျန်တော့ဘူးမာရီး၊ မူတူးတစ်ယောက်လည်း အင်ဖာမြို့ကအိမ်မှာ မီးလောင်ပြီးသေဆုံးသွားပြီ"

"ဟင် ... ဟုတ်လား"

မာရီးကအံ့သြစွာမေးလိုက်ပါသည်။ ဤတွင် ကျော်ဒေဝလည်း သူတွေ့သမျှအားလုံးကို ပြောပြခဲ့ပါသည်။

"ကျွန်မကတော့ မူတူးတစ်ယောက် ကျန်သေးတယ်လို့ ထင်တာ အားလုံးပြီးဆုံးသွားပြီပေါ့"

"သူတို့ဟာ မာရီးရဲ့အမေကို တကယ်သတ်ခဲ့တဲ့လူတွေ ဖြစ်မှာ၊ ဒါကြောင့် ဖကီးကြီးရဲ့ကျိန်စာ ထိသွားတာဖြစ်မယ်"

"အားလုံး တမလွန်ကိုရောက်သွားပြီမို့ အဲဒီမှာဆုံပြီး အဖြစ်မှန်ကိုရှင်းကြရမှာပဲ"

ထိုသို့ ဆိုးသွမ်းလူငယ်လေးဦး၏ တိုက်ဆိုင်လွန်းလှသည့် သေခြင်းတရားကိုလက်တွေ့မြင်တွေ့ခဲ့ရလေပြီ။

ထို့နောက် အင်ဖာဈေးလမ်းချိုးတစ်နေရာတွင် ထပ်မံတွေ့ဆုံခဲ့သော ဖကီးကြီး၏စကားကို ပြန်စဉ်းစားမိပါသည်။

"ကျွန်ုပ်၏အာရုံ၌ သင်၏အနာဂတ်ကိုတွေ့မြင်ရပြီ၊ ဤသည်ကား အသင်သည် မြွေနတ်သမီးသခင်မနှင့် အဆက်



www.burmeseclassic.com

www.burmeseclassic.com



ရှိသူဖြစ်သည်။ အသင်သည် မြွေနတ်သမီးသခင်မနှင့် မကြာမီ တွေ့ကြုံရလိမ့်မည်။ အချစ်တစ်ခုကြောင့် ဒုက္ခရောက်ဖွယ် ရှိသည်။ ထိုအန္တရာယ်သည် အသင့် ထံသို့မကြာမတင်သော ကာလတစ်ခုတွင် ရောက်ရှိလာပေမည်။ ပညာဉာဏ်ဖြင့် ဆင်ခြင်ကာ ထိုအန္တရာယ်မှ ရုန်းထွက်ပါလော့''

ဖကီးကြီးပြောသည့်စကားကို ယခုပြောနေသကဲ့သို့ ပြတ်ပြတ်ထင်ထင် ကြားလိုက်ရပါသည်။

''ဘုရား ... ဘုရား...သူတို့ပြီးရင် ငါ့အလှည့် များလား''

''ငါလည်း ဘယ်သူ့ကိုမှ ဘာမှမလုပ်ခဲ့ပါဘူး၊ ဒါပေမဲ့ ဖကီးကြီးပြောတဲ့စကားတွေဟာ သွေးထွက်အောင်မှန်နေတော့ ငါသတိထားမှဖြစ်မယ်''

ထိုသို့စဉ်းစားမိပြီး မျက်နှာမှာ ညှိုးယော်သွားပါသည်။ ဤတွင် မာရီးမှာ ကျော်ဒေဝအားကြည့်ရင်း...။

''အစ်ကို့ရဲ့မျက်နှာလည်း မကောင်းဘူး၊ ဘာပြဿနာ များ ရှိလို့လဲ''

''ဘာမှမရှိပါဘူး မာရီး''

ဖကီးကြီးနှင့်တွေ့ခဲ့သည့်အကြောင်းကို မပြောလိုပါ။





အကယ်၍ မာရီးသိသွားပါက စိတ်မချမ်းမသာဖြစ်မည်ကို စိုးလှပါသည်။ သို့သော် မာရီးကလည်း ကျော်ဒေဝမျက်နှာကိုကြည့်ရုံနှင့် တစ်ခုခုဖြစ်မှန်းသိလိုက်ပါသည်။

''ဆရာကြီးတို့ ပြန်သွားပြီလား အစ်ကို''

''ပြန်သွားပြီ''

''အစ်ကို ဒါကြောင့်မျက်နှာမကောင်းတာ မဟုတ်လား''

''မဟုတ်ပါဘူး မာရီးရယ်၊ မာရီးနဲ့အတူနေရရင် အစ်ကို ပျော်ပါတယ်''

''ကျွန်မနဲ့အတူနေရင် ဘာကြောင့် အစ်ကို ပျော်တာလဲ ဟင်''

''အဲဒါ မာရီးကိုချစ်လို့ပေါ့''

''အို ... အစ်ကိုကလဲ''

မာရီးလည်း မမျှော်လင့်ဘဲ ကျော်ဒေဝထံမှ ချစ်စကား ကြားရ၍ ရှက်စနိုးလေးဖြစ်သွားပါသည်။

''ဒါဆို ... မာရီးက အစ်ကို့ကို မချစ်ဖူးလား''

''မာရီးက အစ်ကို့ကိုချစ်ပါသတဲ့ရှင်''

မာရီး၏ ခန္ဓာကိုယ်ကလေးကို သိမ်းကျုံး၍ ဖက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို…အစ်ကိုကလဲ"

ချစ်သူနှစ်ဦးတို့မှာ ပြုံးပျော်ရွှင်မြူးကာ ရွာသို့ ပြန်လာခဲ့ပါသည်။

* * *



အခန်း (၅)

## မြွေပွဲတော်နှင့် မြွေနတ်သမီး

ချစ်သူနှစ်ဦး၏ချစ်လမ်းခရီးမှာ ဖြောင့်ဖြူးသည်ဟု ဆိုရပေမည်။ မာရီးကလည်း မိခင်ကြီးအား မိမိ၌ချစ်သူရည်းစားရှိကြောင်း ဖွင့်ပြောခဲ့ပါသည်။

"မား … သမီးနဲ့ အစ်ကိုတို့ချစ်သူတွေ ဖြစ်သွားပါပြီ မားကို သမီးဘယ်အရာကိုမှ ဖုံးကွယ်မထားပါ"

"မား…လဲ ဒီသူငယ်နဲ့ဆိုရင် သဘောတူပါတယ်"

မိခင်ကြီးမှာ မြန်မာလူမျိုးပီပီ မာရီးကို မြန်မာအမျိုးသားနှင့်သာ ပေးစားချင်ပါသည်။ သမီးဖြစ်သူ၏ပွင့်လင်းမှုကို သဘောကျခဲ့ပါသည်။ မကြာမီ မာရီးနှင့်ကျော်ဒေဝတို့၏ ချစ်ဇာတ်လမ်းကို မစ္စတာကူးမားအားဖွင့်ပြောပြီး ဆရာကြီးဦးဘထွန်းလာချိန်တွင် စေ့စပ်ကြောင်းလမ်းရန် စီစဉ်ထားပါသည်။

သို့သော် အားလုံးက ၎င်းတို့နှစ်ဦးကို စေ့စပ်ကြောင်းလမ်းထားသကဲ့သို့ ယူဆခဲ့ကြပါသည်။ ချစ်သူနှစ်ဦးမှာ ဆက်ကြ

www.burmeseclassic.com



ဦးဘထွန်းအလာကို စောင့်ရင်းအချိန်ကုန်လွန်ခဲ့ပါသည်။ ဆရာကြီး ဦးဘထွန်းမှာလည်း တစ်ခေါက်တစ်ခေါက်လာရသည်မှာ မလွယ်လှပေ။ မြန်မာပြည်သို့ တစ်ခါပြန်သွားလျှင် အနည်းဆုံးတစ်လခွဲ၊ နှစ်လခန့် ကြာတတ်ပါသည်။

ချစ်သူများမှာ အတူနေရန်စောင့်ဆိုင်းနေရသဖြင့် အချိန်ကုန်ရန် ခဲယဉ်းလှသည်ဟုပင် ထင်ခဲ့ပါသည်။

ထိုစဉ် မာရီးတို့၏ရိုးရာမြွေပွဲတော်ကျင်းပရန်အချိန် နီးကပ်လာပါသည်။

"မား...မြွေပွဲတော်လည်း တော်တော်နီးလာပြီ၊ နှစ်စဉ်တော့ ပါးပါးနဲ့သမီး သွားနေကျပဲ၊ ဒီနှစ်ဘယ်လိုလုပ်ရမလဲ"

"အင်း...ခက်တာပဲ၊ အမေကလည်း လုပ်ငန်းကို ဦးစီးနေရတော့ မလိုက်နိုင်ဘူး၊ မသွားလို့ကလည်းမဖြစ်၊ နှစ်စဉ်ရိုးရာပွဲဆိုတော့ သွားကိုသွားရမှာ၊ ဒီတော့ သမီးနဲ့ဟိုသူငယ် အတူသွားလိုက်ပါ၊ သမီးတို့က မကြာခင်လက်ထပ်မယ့်သူတွေပဲ ဒါပေမဲ့ တစ်မြို့တစ်ရွာကို သွားရမှာမို့ သမီးသူငယ်ချင်း အမီနာကို ခေါ်သွားပေါ့"

"ကောင်းပါပြီ မား"

မိခင်ကြီး၏ခွင့်ပြုချက်အရ ဟာဇီမြို့သို့ ထွက်ခွာ





သွားခဲ့ကြပါသည်။

မြွေပွဲတော်ကား အမြို့မြို့အနယ်နယ်တွင် ကျင်းပသော်လည်း အင်ဖာနှင့်အနီးဆုံးမြို့ဖြစ်သည့် ဟာဇီမြွေပွဲတော်သို့ ထွက်ခွာခဲ့ကြပါသည်။

လမ်းခရီးကား ကြမ်းလှပါသည်။ ထိုခေတ်ကား နွားလှည်းများကိုသာအသုံးပြုသဖြင့် နွားလှည်းတစ်စီးဖြင့် မာရီး၊ ကျော်ဒေဝ၊ အမီနာနှင့် လှည်းမောင်းသူအမျိုးသားတစ်ဦး ခရီးထွက်ခဲ့ကြပါသည်။

ကံကြမ္မာဆိုးကား ... အစပျိုးခဲ့လေပြီ။

ဟာဇီမြို့သို့ရောက်ကာနီးတွင် သဲလွင်ပြင်ကြီးကို ဖြတ်သန်းရပါသည်။ သဲလွင်ပြင်ကျယ်ကြီးကို ဖြတ်သန်းပြီးလျှင် ဟာဇီသို့ရောက်ပေမည်။ ဟာဇီမှတစ်ဆင့် မြွေပွဲတော်ကျင်းပမည့် မြို့စွန်ရှိ မြွေနတ်သမီးကျောင်းသို့ ဆက်၍သွားရောက်ကြရမည် ဖြစ်ပါသည်။

ထိုသို့အစီအစဉ်ချရင်း လှည်းကိုမောင်းနှင်ခဲ့ရာ သဲလွင်ပြင်ကြီးသို့စတင်ရောက်ရှိခဲ့ပါသည်။ အချိန်ကား ညနေချမ်းဖြစ်၍ နေမင်းကြီး၏အလင်းကား တဖြည်းဖြည်းဖျော့လာရာ ကောင်းကင်တစ်ခုလုံး ညိုညစ်ညစ်ဖြစ်လာသဖြင့်...။



www.burmeseclassic.com

www.burmeseclassic.com



"သဲလွင်ပြင်ကြီးက အကျယ်ကြီးပဲ၊ ဒီမှာ မကြာခဏ သဲမုန်တိုင်းတိုက်တတ်တယ်၊ ဖြတ်ရင်ကောင်းမလား၊ ဒီမှာနားရင် ကောင်းမလား"

လှည်းသမားက ဤသို့မေးလိုက်ရာ မာရီးမှ…။

"ကျွန်မတို့ ဒီနားမှာခဏနားရင်ကောင်းမယ်၊ တစ်နေ့လုံး လှည်းမောင်းလာတာဆိုတော့ နွားတွေကို အနားပေးမှဖြစ်မယ်"

ထိုသို့ဖြင့် ထိုနေရာ၌ ခေတ္တစခန်းချစဉ် မိုးကုတ်စက်ဝိုင်း၏ အနောက်တောင်ဒေါင့်မှ မည်းမှောင်နေသောအလုံးကြီးတစ်လုံးကို စတင်တွေ့ရှိရပါသည်။

"အစ်ကို ကောင်းကင်မှာ အမည်းလုံးကြီးတစ်လုံးတွေ့ တယ်၊ အဲဒါဘာကြီးလဲမသိဘူး"

မာရီးကပြောသဖြင့် ကောင်းကင်သို့မော့ကြည့်ရာ အမည်းလုံးကြီးတစ်လုံး ရွေ့လျားနေသည်ကို တွေ့ရပါသည်။ ထိုအလုံးကြီးမှာကြည့်ရင်းကြည့်ရင်းတဖြည်းဖြည်းနီးလာပါသည်။

ထို့နောက်အနီးရှိ သစ်ပင်ကြီးများမှ သစ်ကိုင်းအများများ လှုပ်ယမ်းလာပါတော့သည်။ ထို့နောက် လေခပ်ပြင်းပြင်းတစ်ချက် တိုက်သွားပြီး ဖုန်လုံးကြီးများတထောင်းထောင်းထကာ ပတ်ဝန်း ကျင်တစ်ခုလုံး မသဲမကွဲ ဖြစ်သွားပါတော့သည်။





ဤတွင် အတွေ့အကြုံရှိသောလှည်းသမားမှာ…။

"သဲမုန်တိုင်းကျလာပြီ … ဝပ်နေကြပါ"

ထိုသို့ပြောသဖြင့် မာရီးတို့အုပ်စုမှာ ဝပ်နေကြရပါသည်။

သဲမုန်တိုင်းကား တဝီဝီအော်မြည်ရင်း တွေ့သမျှအရာများကို ဖြတ်သန်းသွားပါသည်။ သဲမုန်တိုင်းတိုက်ခတ်မှုကြောင့် သစ်ပင်ကြီးများမှာ တဝုန်းဝုန်းမြည်သံနှင့်အတူ တစ်ချို့သစ်ကိုင်းများ ကျိုးပြတ်သွားပါသည်။

အားလုံးခေါင်းမဖော်ဝံ့ပါ။ သဲမုန်တိုင်းကား အားလုံးကို ဖြတ်ကျော်သွားပါသည်။ တခဏအကြာတွင် တဝုန်းဝုန်း တဒိုင်းဒိုင်းမြည်သံများလည်း ရပ်ဆိုင်းသွားပြီး မိုးကောင်းကင်မှာ တဖြည်းဖြည်းပြန်လည်ကြည်လင်လာပါသည်။

"အစ်ကိုရေ…သဲမုန်တိုင်းတော့ စဲသွားပြီ"

"ဟုတ်တယ် မာရီး"

၎င်းတို့၏ခန္ဓာကိုယ်နှင့် မျက်နှာများတွင်သဲမှုန့်များကြောင့် ဖြူဖွေးနေပါသည်။ ကျော်ဒေဝက ၎င်းတွင်ပါလာသော သက်ကိုင်ပုဝါဖြင့် မာရီး၏မျက်နှာကိုသုတ်ပေးရင်း ဤသို့ ပြောလိုက်ပါသည်။

"သဲမုန်တိုင်းက တစ်ချက်ပဲတိုက်သွားလို့ တော်သေးတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့''

''ဟုတ်တယ်၊ ကျွန်မတို့ ဒီနားမှာနားလိုက်တာ မှန်သွား
တယ်၊ သဲလွင်ပြင်ကြီးထဲကို ဖြတ်တုန်းဆိုရင်မလွယ်ဘူး၊ လွင့်
ထွက်သွားနိုင်တယ်''

''ဟုတ်တယ်၊ တစ်ချို့သဲမုန်တိုင်းမိရင် အသက်
အန္တရာယ်တောင် ဖြစ်နိုင်တယ်''

''တော်သေးတယ်နော်''

သဲမုန်တိုင်းစဲသွားပြီးနောက် အမျိုးမျိုးထင်ကြေးပေးကြ
ပြောကြနှင့် ဆူညံသွားပါသည်။ ထို့နောက် မာရီး၏ မျက်နှာ
ကလေးမှာ ညှိုးငယ်သွားပြီး...။

''အစ်ကိုရယ် ... ကျွန်မတို့ နိမိတ်မကောင်းဘူးလို့
တူတယ်''

''မာရီးရယ် ... ဒါဟာ သဘာဝတရားပါ''

''မဟုတ်ဘူးအစ်ကို၊ ကျွန်မစိတ်ထဲမှာ တစ်ခုခုကို စိုးရိမ်
နေသလိုပဲ''

''မစိုးရိမ်ပါနဲ့ မာရီးရယ်''

မာရီး၏စိတ် မချမ်းမြေ့မည်စိုး၍သာ ပြောလိုက်ရသည်။
သူ့မှာလည်း ဖကီးကြီး၏သတိပေးစကားကြောင့် စိုးရိမ်မိလာ





သည်။ သို့သော် ဟန်ကိုယ့်ဖို့ဆိုသည့်အတိုင်း စိုးရိမ်စိတ်ကိုဖုံးကွယ်
ထားခဲ့ရပါသည်။

ထိုညအဖို့ ထိုနေရာတွင် စခန်းချခဲ့ပါသည်။

နံနက်စင်း နေရောင်ခြည်လင်းစအချိန်တွင် ...။

၎င်းတို့အုပ်စုသည် သဲလွင်ပြင်ကြီးကို စတင်ဖြတ်သန်း
ခဲ့ကြပါသည်။ မနေ့ညနေက ကြောက်မက်ဖွယ်ကောင်းအောင်
မုန်တိုင်းထန်ခဲ့သော်လည်း ယနေ့နံနက်တွင် အလွယ်တကူ ဖြတ်
ကျော်နိုင်ခဲ့ကြပါသည်။ ထိုသဲလွင်ပြင်ကြီးအား ဖြတ်သန်းပြီး
မကြာမီ ဟာဒီမြို့သို့ရောက်ခဲ့ပါပြီ။

ထိုမြို့တွင် မြွေပွဲတော်လာသူ အများအပြားကို တွေ့ရပါ
သည်။ ၎င်းတို့လည်း မြွေပွဲတော်ကျင်းပမည့်ကွင်းကြီးဆီသို့
သွားရောက်ခဲ့ပါသည်။

ဟော ... တွေ့ရပါပြီ...။ မြွေပခြုပ်ပေါင်းများစွာ...။

မြွေပခြုပ်များထဲတွင် ...။

မြွေဟောက်၊ မြွေပွေး၊ ငန်းတော်ကျား၊ စပါးကြီး၊
ပါးအုန်းစသည့်မြွေအမျိုးအစားအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးကို
ထားပါသည်။ ထိုမြွေများစွာကို တွေ့လိုက်ရသည့်အတွက်
ဒေဝမှာ အံ့သြနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“အစ်ကို ...မြွေတွေအများကြီးကို တွေ့တယ် မဟုတ်လား”

“တွေ့တယ် မာရီး”

“အဲဒီမြွေတွေဟာ မြွေနတ်သမီးဆီကို မြွေပွဲတော်အပြီး လာတဲ့မြွေတွေပဲ”

“ဪ”

“ပါပါးဘက်ကရိုးရာဟာ မြွေပွဲတော်ကို မသွားမနေ သွားရတယ်”

“ဪ”

“ဒါနဲ့ အစ်ကိုမြွေနတ်သမီးခန်းမဆောင်ထဲကိုသွားပြီး ပူဇော်ချင်လို့ အစ်ကိုလိုက်ခဲ့ပါ”

“သွားလေ အစ်ကိုလိုက်ခဲ့ပါ့မယ်”

ကျော်ဒေဝမှာ မာရီး၏ ရိုးရာပွဲဖြစ်သဖြင့် ဥရောပဝတ်စုံ ကိုဝတ်ဆင်ကာ လိုက်လာခဲ့ပါသည်။ ထိုပွဲတော်သို့လာသူ အိန္ဒိယအမျိုးသားအများစုမှာ ဥရောပဝတ်စုံကို ဝတ်ဆင်ထား ကြပါသည်။ ကျော်ဒေဝကားထွားကြိုင်းသော လူရွယ်တစ် ယောက်ဖြစ်ပြီး ခန္ဓာကိုယ်အချိုးအစားမှာ ရင်အုပ်ကျယ်ပြီး လက်မောင်းနှင့်ပေါင်တန်တို့၌ ဖုထစ်သော ကြွက်သားများရှိသည့်





ယောက်ျားပီသသောလူရွယ်တစ်ဦး ဖြစ်ပါသည်။ မြွေပွဲလာသူ အားလုံး၏အလယ်တွင် ကျော်ဒေဝ၏ရုပ်ဆင်းသဏ္ဌာန်မှာ မင်းသားတစ်ဦးသဖွယ် ဝင့်ထည်လှပါသည်။

မြွေပွဲတော်သို့လာသူများသည် မြွေနတ်သမီးရုပ်တု ရှိရာသို့ လာရောက်အရိုအသေပေးကြသဖြင့် ထိုမြွေနတ်သမီး ကျောင်းဝင်းအတွင်း လူအများဝင်ထွက်သွားလာနေပါသည်။

၎င်းတို့နှစ်ဦး ခန်းမဆောင်ထဲသို့ ဝင်ရာ အဆောင်ဆောင်အခမ်းအနားဖြင့်လွန်စွာကျယ်ဝန်းလှသော တစ်ခန်းပြီးတစ်ခန်း ကျော်ဖြတ်သွားပြီးနောက် နောက်ဆုံး ကျောင်းဆောင်တွင် ထုလုပ်ထားသော မြွေနတ်သမီးရုပ်တုကြီးကို လှမ်းမြင်ရပါသည်။

အဝေးကကြည့်သော် သဲသဲကွဲကွဲမမြင်ရပေ။ တဖြည်း ဖြည်းနီးကပ်လာသောအခါ ထိုရုပ်တုကို ကောင်းစွာမြင်တွေ့ လိုက်ရပါသည်။ရုပ်တုမှာ အမြင့်ပေ (၁၅)ပေခန့်ရှိပြီး အလွန် ကြီးမားသည့် မြွေနတ်သမီးရုပ်တုကြီးကိုကြည့်ရင်းကြည့်ရင်း ကျော်ဒေဝတစ်ယောက် လွန်စွာအံ့အားသင့်သွားပါတော့သည်။

၎င်းတွေ့လိုက်ရသည့် မြွေနတ်သမီးရုပ်တုကြီးမှာ ...။

ဦးခေါင်းတွင် မြွေဟောက်ပါးပြင်းခွက်နေသည်ရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



သရဖူကိုဆောင်းထားပြီး လွန်စွာချောမောလှပသည့် မိန်းမပျို ကလေး၏မျက်နှာကို ထုဆစ်ထ ပါသည်။ ၄င်း၏ခန္ဓာကိုယ် နဘေးတွင် လက် (၆)ဖက် ပါရှိပါသည်။

ခန္ဓာကိုယ်အောက်ပိုင်းတွင် မြွေအများအပြား တွန့်လိမ် ကာယ်တက်နေပုံမှာ ရုပ်တုအသေးကလေးထဲမှ ပုံသဏ္ဍာန် ပင်...။

"ဟင် ... ဒီရုပ်တုက ငါ့ရုပ်တုအသေးလေးနဲ့ တစ်ပုံစံ"

"ဘာဖြစ်လို့ တထေရာတည်းတူနေပါလိမ့်"

ထိုသို့တွေးရင်း ရုပ်တုကလေးကို သေချာစွာ ကြည့်နေမိ သည်။ ထူးခြားစွာတူညီနေသည့် ရုပ်တုကိုတွေ့ လိုက်ရသည့် အတွက် ၄င်း၏ဘဝတွင် ထူးခြားမှုတစ်ခုခုနှင့်တွေ့လိမ့်မည်ဟု စိတ်တွင်ထင့်ကနဲဖြစ်သွားပါသည်။

"အစ်ကို ... ဘာဖြစ်လို့ ဒီလောက်ငေးကြည့်နေ တာလဲ"

"ဘာမှမဟုတ်ပါဘူး ... ဒီရုပ်တုမျိုးမမြင်ဖူးလို့ ကြည့်နေတာပါ"

မာရီး၏အမေးကို တမင်လွဲဖယ်၍ဖြေလိုက်ပါသည်။





"ကဲ ... အစ်ကို ... ကျွန်မတို့အပြင်ကို သွားကြရ အောင်၊ မကြာခင် ပွဲစတော့မယ်"

"ကောင်းပါပြီ"

ကျော်ဒေဝနှင့် မာရီးတို့နှစ်ဦးမှာ မြွေနတ်သမီးကျောင်းထဲ မှ အပြင်သို့ထွက်လာခဲ့ပါသည်။ မြွေပွဲတော်ပြုလုပ်ရာ ကွင်းပြင် ကြီး၌ အခမ်းအနားစတင်ရန်အချိန်နီးကပ်လာသည်နှင့်အမျှ ဗုံသံ များဆူညံနေပါသည်။

"ဗုံ ... ဗုံ ... ဗုံ"

"ဗုံ ... ဗုံ ... ဗုံ"

မြွေပွဲတော်ကား စလေပြီ၊ မြွေနတ်သမီးကျောင်းထဲ ဗုံသံ နှင့်အညီ မိန်းမပျိုကလေးတစ်စု အကဖြင့်စတင်ထွက်လာခဲ့ပါ သည်။ ၄င်းတို့မှာ အဖြူရောင်ဝတ်စုံများဝတ်ဆင်ထားပြီး အရပ် အမောင်းညီတူ မိန်းကလေးများပင် ဖြစ်ပါသည်။ ၄င်းတို့၏ ကိုယ်လုံးများကား မရှည်လွန်း၊ မပုလွန်း အနေတော်အရပ် အမောင်းရှိပြီး အဖြူရောင်ခြုံလွှာများကို ခြုံလွှမ်းထားပါသည်။ ခါးတွင် ခါးစည်းကြိုးတစ်ခု ပတ်ထားပြီး ခါးပတ်၏အလယ်တွင် ငွေဘော်ရောင်အပြားကြီးရှိပါသည်။ ထိုအပြားဝိုင်းကြီးတွင် မြွေ ခေါင်းရုပ်တုတစ်ခု ထည့်သွင်းထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြင်တစ်ခုလုံး၌ ဖြူဖွေးသောအလှပစ္စည်းများကို လိမ်းခြယ်ထားပြီး နှုတ်ခမ်း၌ အနီရောင်ဆေးခြယ်ထားပါသည်။ ခန္ဓာကိုယ်အဆစ်အမြစ်ကား အလွန်အချိုးကျသကဲ့သို့ ချက်ညီညီ မြူးမြူးကြွကြွအကမှာ မြင်သူတိုင်း ငေးမောနေကြပါသည်။

ထိုအုပ်စုထွက်လာပြီးနောက် နောက်ထပ်အမျိုးသမီး အုပ်စုနှစ်စုထွက်လာပါသည်။ ၎င်းအုပ်စုမှ အမျိုးသမီးကလေးများ သည်လည်း ရှေ့ကသွားသည့်အုပ်စုကဲ့သို့ အလှအပကလေးများပင် ဖြစ်ပါသည်။

တီးလုံးတီးကွက်နှင့်အညီ တစ်သုတ်ပြီးတစ်သုတ် ထွက် လာကြသည်မှာ မြွေပွဲလာသူများအဖို့ ကြည့်မဝအောင်ပင် ရှိလှပါ သည်။ အစုသုံးစုမြောက်ထွက်လာပြီးနောက် မကြာမီ တူရိယာ တီးခတ်သံများ ပိုမိုမြိုင်ဆိုင်လာပါသည်။

နောက်ဆုံးတွင် မြွေနတ်သမီးဘွဲ့ခံယူထားသော မြွေနတ် သမီးသခင် (သို့မဟုတ်) ဤကျောင်း၏အရှင်သခင်မသည် မြွေရုံ အမျိုးသမီး (၁၀)ဦးနှင့်အတူ ထွက်လာခဲ့ပါသည်။ ငြိမ့်ညောင်း သောတူရိယာသံကို စည်းချက်ဝါးချက်မှန်မှန် အကဖြင့်ထွက်လာ ကြရာ ပရိသတ်များမှာ လက်ခုပ်သံတဖြောင်းဖြောင်းဖြင့် ကြိုဆိုကြပါသည်။





မြွေနတ်သမီးသခင်မသည် ၎င်း၏အခြွေအရံများအတိုင်း အဝတ်အစားဝတ်ဆင်ထားသော်လည်း ၎င်း၏ဦးခေါင်းတွင် မြွေဟောက် ပါးပြင်းခွက်ဟန်သရဖူကို ဆောင်းထားပါသည်။

ထိုသို့ကရင်း ကွင်းလယ်သို့ရောက်ရှိလာပါသည်။

သူမတို့၏ကကွက်မှာ မြွေတစ်ကောင်အလား တွန့်လိမ် ကာ ကပြနေပါသည်။ ထိုစဉ် ၎င်းတို့၏ကကွက်မှာ မြန်ဆန်လာပြီး ထိုနေရာတစ်ဝိုက်တွင် မီးခိုးများပျံ့လွင့်လာပါသည်။ ၎င်းတို့အုပ်စု သည် မီးခိုးများအကြားတွင် မြွေအကဖြင့်ကပြနေသည်မှ လွန်စွာ ကြည့်ကောင်းလှပါသည်။

လက်နှစ်ဖက်ကို အပေါ်သို့မြှောက်ပြီး တစ်ဖက်နှင့်တစ် ဖက်ပွတ်သပ်ကာ ဆိုင်းချက်ညီညီ ခန္ဓာကိုယ်ကိုတွန့်လိမ်ကာ ကကြပါသည်။ ထိုသို့ကရင်းကရင်း မီးခိုးလုံးများမှာ ပို၍ပို၍ များများလာကာ အလှပိုင်ရှင်အကမင်းသမီးများကိုပင် မမြင်ရ တော့ချေ။

"ဟင်...ကတဲ့သူတွေတောင် ပျောက်ကုန်ပြီ"

ကျော်ဒေဝက မာရီးအား ဤသို့ပြောလိုက်ရာ...။

"မကြာခင် မြွေကြီးတွေ ပေါ်လာလိမ့်မယ်"

"ဟင် ... မြွေကြီးတွေ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဒေဝက အံ့သြစွာ ပြောလိုက်ပါသည်။

မာရီးပြောတဲ့အတိုင်း အမှန်ပင်ဖြစ်ပေသည်။ မီးခိုးများကြားတွင် တောကြီးမြွေဟောက်ကြီးများပေါ်လာပြီး ဆိုင်းချက်နှင့်အညီ ကိုယ်လုံးကြီးကို လှုပ်ယမ်းကာ ကပြနေပါသည်။

"ဟာ ... မြွေကြီးတွေ ဖြစ်သွားပြီ"

"ဟုတ်တယ်လေ ... အဲဒါကြောင့် မြွေပွဲတော်လို့ခေါ်တာပေါ့"

"အဲဒါ ဘယ်လိုဖြစ်တာလဲ မာရီး"

"ဒါကတော့ လူကနေ မြွေအဖြစ်ကိုပြောင်းသွားတဲ့ မျက်လှည့်ပြကွက်တစ်မျိုးပေါ့"

ကျော်ဒေဝလည်း ထူးထူးဆန်းဆန်း ပြကွက်ဆန်းကို ကြည့်ရင်း အံ့သြနေမိပါသည်။ ထိုမြွေပွဲလာသူများကတော့ နှစ်တိုင်းတွေ့မြင်နေကျဖြစ်၍ အံ့သြဟန်မပြပါ။ ဤပြကွက်ကို သဘောကျ၍အားလုံးလက်ခုပ်တီးကာ သြဘာပေးခဲ့ကြပါသည်။

ထိုသို့ဖြင့် မြွေဟောက်ကြီးများမှာ ယိမ်းထိုးကပြနေစဉ် မီးခိုးလုံးများ ပိတ်မှောင်သွားပြီး မြွေကြီးများ ပျောက်ကွယ်သွားပါသည်။

တစ်ဖြည်းဖြည်း မီးခိုးများ နည်းစပြုလာပါပြီ။





မီးခိုးကြားထဲမှ လှပျိုဖြူများ ဆီမီးထွန်းထားသည့် ပြာဗန်းကို ကိုင်ကာ ထွက်ပေါ်လာပါသည်။၎င်းတို့၏ပြာမှုန့်များနှင့်အတူ ပန်းဆီရောင်အမှုန့်များလည်း ဗန်းထဲထည့်ထားပါသည်။ တခဏအကြာတွင် မီးခိုးများအားလုံး ပျောက်ကွယ်သွားပါတော့သည်။

ဤတွင် ပြာထည့်ထားသည့်ဗန်းကိုကိုင်ထားသည့် လှပျိုဖြူများမှာ လူအုပ်ထဲသို့ဆင်းလာကာ အလှူခံပါသည်။

လှပျိုဖြူကလေးများသည် ပရိသတ်ထဲဝင်လာပြီး ပြာဗန်းထဲရှိ ပြာဖြင့် ပရိသတ်ထဲရှိ လူများ၏နဖူးကိုတို့ပေးရာ ထိုလူများက ဖယောင်းတိုင်မီးကို လက်နှစ်ဖက်နှင့်အုပ်ပြီး မိမိကိုယ်မိမိသုတ်လိမ်းကာ လိုရာဆုတောင်းကြပါသည်။

ထို့နောက် ပြာဗန်းထဲသို့ အလှူငွေများထည့်ပေးရာ တခဏအတွင်း အလှူငွေများစွာရပါသည်။ ထိုကွက်လပ်ထဲရှိ ဧည့်သည်ပရိသတ်မှာ များလွန်းလှပါသည်။ ထိုပရိသတ်ကြီး၏ အလှူတော်ငွေမှာ များစွာရရှိခဲ့ပါသည်။

ဤတွင် မြွေနတ်သမီးဘွဲ့ခံထားသော ခေါင်းဆောင်အရှင်သခင်မ၏လက်ထဲတွင် ပြာဗန်းတစ်ချပ်ကို ကိုင်ဆောင်ထားပြီး ကျော်ဒေဝဆီသို့ တည့်မတ်စွာတစ်လှမ်းချင်းလှမ်းလာပါသည်။

သူမ၏မျက်လုံးများကား အရောင်တောက်ပြောင်းစူးရှနေ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

သူမကား…လုံးဝမျက်တောင်မခတ်၊ ရှေ့သို့တူရူကြည့်ရင်း လှမ်းလျှောက်လာပါသည်။ သူမ၏သွင်ပြင်ကား စိတ်၏စေစားရာနောက်သို့ မျှောပါလာသည့်ဟန်အပြည့်ရှိပါသည်။

ထိုသို့ လှမ်းလျှောက်လာရင်း ကျော်ဒေဝ၏ရှေ့တည့်တည့်တွင် ခြေစုံရပ်လိုက်ပါသည်။

ထို့နောက် ကျော်ဒေဝကို စိမ်းစိမ်းကြည့်ကာ…။

"ဤပရိသတ်အတွင်း၌ ထူးခြားလှသောအသင့်ကို ကျွန်ုပ်တွေ့ရပြီ၊ ဤဆီမီး၏အလင်းမှ အကြင်နာကို အသင်ယူပါလော့"

ထိုသို့ပြောသဖြင့် ကျော်ဒေဝလည်း ဘာလုပ်မှန်းမသိဖြစ်နေစဉ် မာရီးမှ … "ဆီမီးကို လက်နဲ့အုပ်ပြီး ရှုပီးငွေအချို့ လှူလိုက်ပါ"

"သြော်…သြော်"

ဤသို့ပြောမှ သတိရကာ ၄င်းလူမျိုးများလုပ်သကဲ့သို့ ဆီးမီးပေါ်တွင် လက်ကိုအုပ်ကာ အပူငွေ့ကိုခံယူရင်း ငွေအနည်းငယ်ကို လှူလိုက်ပါသည်။

"အသင့်အား နောက်ထပ်တဖန် ပြန်တွေ့ရဦးမည်"





မြွေနတ်သမီးသခင်မဟုဆိုသည့် အမျိုးသမီးက ဤသို့ပြောလိုက်ရာ ကျော်ဒေဝမှာ ဘုမသိဘမသိဖြင့် ခေါင်းငြိမ့်လိုက်ပါသည်။ အနီးကပ်ရောက်ရှိနေသော ထိုအမျိုးသမီးကို ကြည့်လိုက်ရာလွန်စွာ ချောမောလှပသည့်မိန်းကလေးတစ်ဦးဖြစ်သည်ကို သတိပြုလိုက်မိပါသည်။ ထိုမိန်းမချောကလေးကား လက်မောင်းတွင်ကြီးမားသောရွှေ လက်ပတ်ကိုပတ်ထားပြီး ခြေထောက်၌ ကြေးကွင်းကြီးများကို ဝတ်ဆင်ထားပါသည်။ ရင်အုံအထက်၌ ပုဝါဖြူကိုခြုံထားပြီး ကြီးမားသောရင်ထိုးကြီးကို တပ်ဆင်ထားပါသည်။ ထိုရင်ထိုးကြီးကား ကွင်းထဲတွင် မြွေဟောက်ရစ်ပတ်နေသည့်သဏ္ဌာန်ထည့်ထားပါသည်။ ထိုရင်ထိုးရှိ မျက်စေ့နှစ်လုံးအား နီရဲသောပတ္တမြားနှစ်လုံးကို တပ်ဆင်ထားပါသည်။

ထိုမြွေနတ်သမီးသခင်မ၏ ရင်ထိုးထဲမှ မြွေဟောက်မျက်စေ့ကို ကျော်ဒေဝလှမ်းကြည့်လိုက်ရာ ထိုပတ္တမြားနှစ်လုံးမှာ မီးကြီးခဲပမာ လင်းလက်သွားပါသည်။

"ဒီ…အမျိုးသမီးနဲ့ပတ်သက်ပြီး တစ်ခုခု ထူးခြားသလိုပဲ"

ကျော်ဒေဝ၏ရင်ထဲတွင် သံသယများနှင့် စိုးထိတ်လာခဲ့ပါသည်။ မြွေနတ်သမီးသခင်မသည် ကျော်ဒေဝကို စူးစိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီးနောက် ချာကနဲလှည့်ထွက်သွားပါသည်။ သူမသည် ကွင်းအလယ်သို့ တိုက်ရိုက် တန်းသွားပါသည်။ ထူးခြားမှုကား သူမသည် ကျော်ဒေဝမှလွဲ၍ မည်သူ့ကိုမျှအလှူမခံပေ။

ထိုထူးခြားမှုကို မာရီးက မရိပ်မိသော်လည်း ကျော်ဒေဝက သတိထားမိပါသည်။

"ငါ့ရဲ့အနာဂတ်မှာ မြွေနတ်သမီးသခင်မဘွဲ့ကို ခံယူထားတဲ့ ဒီအမျိုးသမီးနဲ့ တစ်ခုခုပတ်သက်မှုများ ရှိလေမလား"

စိုးရိမ်စိတ်နှင့်အတူ မြွေနတ်သမီးသခင်မ၏ နောက်ကျောကို ငေးစိုက်ကြည့်မိခဲ့ပါသည်။

❋ ❋ ❋



## အခန်း (၆)

## ဖယ်းကျိန်စာ

မြွေပွဲတော်ကား စည်ကားသိုက်မြိုက်စွာ ပြီးစီးခဲ့လေပြီ။ အနယ်နယ်အရပ်ရပ်မှလာသော ပွဲတော်လာပရိသတ်များ ...ည်း အလျိုလျိုပြန်သွားကြပါသည်။ ခရီးနီးသူများမှာ အရင်ပြန် ...သဖြင့် ခရီးဝေးသူများသာ ကျန်ခဲ့ပါသည်။

အများအားဖြင့် ခရီးဝေးသူတို့မှာ နွားလှည်းများနှင့် လာ...ပါသည်။ မာရီးတို့၏နွားလှည်းရှေ့တွင် အခြားအရပ်မှ နွား...ည်း (၁၀) စီးခန့်စောထွက်သွားကြပါသည်။

နွားများအား ရေတိုက်ခြင်း၊ အစာကျွေးခြင်းပြုပြီးနောက် ...ည်းကိုစတင်မောင်းထွက်ခဲ့ပါသည်။ ကျော်ဒေဝမှာ အန္တရာယ် ...နှင့်တွေ့မည်ကိုကြောက်လန့်နေသည့်အတွက် ဤအရပ်နှင့် ...ဆုံးဝေးရာသို့ ရောက်လိုလှပါသည်။

လှည်းဆရာကလည်း လှည်းမောင်းခြင်းကို အထူး

www.burmeseclassic.com



ကျွမ်းကျင်လှပါသည်။ နွားများမရိုက်ဘဲ ကြိမ်တို့ရုံနှင့် မြူးမြူး ကြွကြွသွားနေသဖြင့်စီးရသူများမှာပျော်ရွှင်နေပါသည်။ကျော်ဒေဝ လည်း ဤအရပ်နှင့်မြန်မြန်ဝေးလေ အန္တရာယ်ကင်းလေဟု ယူဆ ထားသဖြင့် နွားများမြန်မြန်ပြေးနေသည်ကိုကြည့်ရင်း စိတ်မှာ ပေါ့ပါးလာပါသည်။

ကျော်ဒေဝသည်…။

"အင်း … အင်ဖာကို မြန်မြန်ရောက်ပါစေ"

"နောက်တစ်ခါ မြွေပွဲတော်သွားရင် ငါတော့မလိုက် တော့ဘူး"

"မြွေနတ်သမီးသခင်မဆိုတဲ့အမျိုးသမီးရဲ့မျက်လုံး တစ်မျိုးပဲ၊ ကြောက်ဖို့ကောင်းတယ်"

ထိုသို့အတွေးမျိုးစုံတွေးလျှက် လိုက်ပါလာခဲ့ပါသည် ဤတွင် နှုတ်ဆိတ်စွာလိုက်ပါလာသော ကျော်ဒေဝအား…။

"အစ်ကို ဘာတွေ တွေးနေတာလဲ"

"ဘာမှမတွေးပါဘူး မာရီး၊ ဘာဖြစ်လို့လဲ"

"သြော်…အစ်ကိုက စကားကော်ပွန်းမမပြောဘဲ ငြိမ် လိုက်လာလို့ပါ"

"သြော် … ဒါလား မြွေပွဲတော်မှာ လူပရိသတ်တွေ





များတော့ ငြီးစီစီကြီးဖြစ်နေလို့ပါ"

"ဒါဆို အစ်ကို နေမကောင်းဘူးလားဟင်"

"ကိစ္စမရှိပါဘူး၊ နေသာပါတယ်"

မာရီးကား သူမ၏ချစ်သူကို အရိပ်တကြည့်ကြည့် ကြည့်နေသူမို့ နေမကောင်းဖြစ်နေသည်ဟူသည့်အတွေးဖြင့် နဖူး ကလေးကို စမ်းကြည့်ရင်း…

"အစ်ကို … ဒါလေးကို ရှူထားပါ"

ထိုသို့ပြောကာ ၄င်းတို့၏တိုင်းရင်းရှူဆေးမှုန့်များကို မှိုင်းပါသည်။

"ရပါတယ်၊ အစ်ကို မရှူတော့ဘူး"

ဟု ငြင်းပယ်လိုက်ပါသည်။

နွားလှည်းကလေးကား ဤလမ်းတွင် တရိပ်ရိပ်မောင်း နှင်နေဆဲ၊ မကြာမီ သဲလွင်ပြင်ကြီးသို့ ရောက်ခဲ့လေပြီ။

"အစ်ကို … သဲလွင်ပြင်ကြီးကိုရောက်ပြီ၊ အလာတုန်း က သဲမုန်တိုင်းတိုက်တဲ့နေရာလေ"

"အစ်ကို မှတ်မိပါတယ်"

"အခုတော့ ရာသီဥတု သာယာတယ်၊ သဲမုန်တိုင်းတော့ မတိုက်လောက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မာရီးက ဤသို့ပြောလိုက်ရာ လှည်းဆရာက…။

"ဟုတ်တယ်အစ်မရေ … ရာသီဥတုဆိုတာ ပြော ရတာမဟုတ်ဘူး၊ အခုလိုမိုးကောင်းကင်ကြည်လင်နေတုန်းဖြစ် ဒါတောင် သဲလွင်ပြင်က အကျယ်ကြီးပဲ"

လှည်းဆရာကလည်း ပြောပြောဆိုဆို သဲလွင်ပြင်ကြီး ထဲသို့ စတင်မောင်းနှင်လိုက်ပါသည်။ သဲလွင်ပြင်ကြီးက ကျယ်ဝန်းလှပြီး သဲများမှာ ကျွံကျသွားသဖြင့်နွားများအတော် ရုန်းနေရပါသည်။

တစ်ချို့နေရာများတွင် နွားများမရုန်းနိုင်အောင် သဲများ ထူထပ်လှပါသည်။ လှည်းဆရာကလည်း အတတ်နိုင်ဆုံး မြေမာမာပေါ်မှလှည်းကို မောင်းပါသည်။ သဲကျင်းကြီးများ ရှောင်၍ မောင်းခဲ့ပါသည်။

တစ်ချို့သောသဲကျင်းကြီးမှာ ချိုင့်ကြီးသဖွယ် ဖြစ်နေ သည်။ ချိုင့်ကို လွတ်အောင်မောင်းရသဖြင့် လှည်းမှာကွေ့ ကောက်ကောက်သွားနေရသဖြင့် ခရီးမတွင်ချေ။

အလာတုန်းက အဆင်ပြေသလောက် ယခုအခါ လှည်းများစွာသွားထားသဖြင့် သဲများပွနေသောကြောင့် သွား ခက်လှပါသည်။ လှည်းဆရာသည် လှည်းကိုအတတ်နိုင်ဆုံး





ထိန်းမောင်းနေရပါသည်။

ထိုသို့မောင်းနေရင်း သဲချိုင့်ကြီးတစ်ခုအတွင်းသို့ လှည်းဘီးတစ်ဘီး ကျွံဝင်သွားသည့်အတွက် …။

"ချိုင်း" ကနဲမြည်သံနှင့်အတူ လှည်းမှာတစ်ဖက်သို့ စောင်းသွားပါသည်။

"ဟာ … လှည်းစောင်းသွားပြီ"

"အောက်ကို ဆင်းကြဟေ့"

ကျော်ဒေဝလည်း လှည်းပေါ်မှခုန်ဆင်းလိုက်ပြီး မာရီးနှင့် အမိနာကို အောက်သို့ဆင်းစေခဲ့ပါသည်။ လှည်းဆရာကလည်း ဆင်းလာပြီး လှည်းဘီးအားကြည့်ကာ …။

"ကျွန်တော်တို့နွားတွေကို ခဏချွတ်ပေးပြီးလှည်းအိမ်က မ,လိုက်ရင် လှည်းဘီးအပေါ်ကို ရောက်သွားမှာပဲ" ဟုလှည်းဆရာက ပြောလိုက်ရာ…။

"ဟုတ်တယ်၊ ဒါဆိုရင် ကျွန်တော်က သဲတွင်းကြီးထဲ ဆင်းပြီး လှည်းဘီးကို မ,ပေးမယ်၊ ခင်ဗျားက လှည်းအိမ်က မ,လိုက်ပါ"

ဟုကျော်ဒေဝက ပြောလိုက်ပါသည်။

"အဲဒါ ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် ကျော်ဒေဝမှာ သဲတွင်းကြီးထဲသို့ ခုန်ဆင်းလိုက်ပါသည်။ ထို့နောက် လှည်းဘီးအားမကာ နေရာရွှေ့ရန်ဟန်ပြင်ရင်း…။

"ကဲ…လှည်းဆရာရေ … လှည်းဘီးကိုထပ်ပြီး မမယ်၊ ပြိုင်တူဖြစ်အောင်လှည်းအိမ်ကို ထိန်းထား" ဟု ပြောလိုက်ပါသည်။

ဤသို့ပြောအပြီး လှည်းဘီးကိုမ,လိုက်ရာ ၄င်း၏ခြေမျက်စေ့ကို တစ်စုံတစ်ခုက ပေါက်လိုက်သကဲ့သို့ "ဆစ်ကနဲ" နာကျင်သွားပါတော့သည်။

"ဟင် … ငါ့ခြေမျက်စေ့က ဘာဖြစ်တာလဲမသိဘူး နာလိုက်တာ"

ထိုသို့တွေးမိသော်လည်း လှည်းဘီးကိုမ,ရန်သာ စိတ်စောနေသဖြင့် အားစိုက်ကာ မ,လိုက်ပါသည်။ လှည်းဆရာကလည်း လှည်းအိမ်ဘက်မှကူမ,သဖြင့် လှည်းမှာကုန်းပေါ်သို့ရောက်ရှိသွားပါသည်။

ဤတွင် လှည်းဆရာမှ …။

"ရပြီ … ရပြီ … လှည်းပေါ်တက်ကြတော့"

ဟုပြောလိုက်ရာ ကျော်ဒေဝမှာ မာရီးနှင့် အမိနာကို





လှည်းပေါ်သို့တင်ပေးလိုက်ပါသည်။ ထိုခဏတွင် ကျော်ဒေဝမှာ ဦးခေါင်းတစ်ခုလုံးအိုးထိန်းစက်ပမာ ခြာခြာလည်ပြီး မြေပေါ်သို့ ပုံလဲသွားပါတော့သည်။

"ဟင် … အစ်ကိုလဲသွားပြီ" ဟုပြောကာ မာရီးသည် လှည်းပေါ်မှအပြေးကလေးခုန်ဆင်းကာ ကျော်ဒေဝအား ထူလိုက်ပါသည်။

"အစ်ကို…ဘယ်လိုဖြစ်သွားတာလဲ … ထလေ"

"အစ်ကို … ထလို့မရတော့ဘူး"

"ဘာဖြစ်လို့လဲအစ်ကို"

"အစ်ကို့ခြေထောက်ကို ပိုးထိသွားပြီထင်ပါရဲ့"

"ဟာ … ဒုက္ခပါပဲ၊ လှည်းဆရာကြီးရေ…လာပါဦး"

မာရီးက အလန့်တကြားအော်လိုက်သည့်အတွက် လှည်းဆရာကြီးလည်း လှည်းပေါ်မှခုန်ချကာ ကျော်ဒေဝဆီသို့ ပြေးလာခဲ့ပါသည်။

"ဘာဖြစ်လို့လဲ မာရီး"

"ပိုးထိသွားတယ်လို့ ထင်တယ်"

"ဘယ်နေရာမှာ ထိတာလဲ"

"သဲတွင်းကြီးထဲမှာ"



www.burmeseclassic.com

www.burmeseclassic.com



လှည်းဆရာ၏အမေးကို ကျော်ဒေဝက ဖြေလိုက်ပါသည်။ လှည်းဆရာလည်း လှည်းဝေါက်ကိုယူပြီး ထိုသဲတွင်းကြီးထဲသို့ ကော်လိုက်ရာ…။

"အမလေး … မြွေကြီး"

အမိနာက အလန့်တကြားအော်လိုက်ပါသည်။

မှန်ပေသည်။ သဲလွင်ပြင်ကြီးထဲတွင် ခိုအောင်းနေသည့် ကန္တာရမြွေပွေးကြီးပင်ဖြစ်ပါသည်။ မြွေပွေးကြီး၏ကိုယ်လုံးမှာ အချင်းလေးပေခန့်ရှိပြီး အမြီးမှာ တုတ်ခိုင်နေပါသည်။ ဤမြွေပွေးကြီးကို လှည်းဆရာက ရိုက်သတ်လိုက်ပါသည်။ ထိုမြွေပွေးကြီးမည်မျှအဆိပ်ပြင်းသနည်းဆိုမူ ကုသရန်ဆေးမမီဟုဆိုကြပါသည်။ လှည်းဆရာကြီးမှာ ကန္တာရမြွေပွေး၏အဆိပ်ကို သိထားသဖြင့် …။

"ဒီကောင်က အဆိပ်ပြင်းတယ်"

ဤသို့ပြောလိုက်ရာ … မာရီးမှာ တုန်တုန်ချိချိဖြစ်သွားပြီး-

"ဒါဆို ဘယ်လိုလုပ်ကြမလဲဟင်"

မျက်နှာငယ်ကလေးဖြင့် မေးလိုက်ပါသည်။ ဤတွင် ကျော်ဒေဝမှ …





"မာရီး သိပ်စိတ်မပူပါနဲ့၊ အစ်ကို ဘာမှမဖြစ်ပါဘူး"

ဖြေသိမ့်စကားလေး ပြောလိုက်ပါသည်။

ဤမြွေပွေးကြီး၏ အဆိပ်ပြင်းချက်ကိုသိနေသော လှည်းဆရာ မှ…။

"မဖြစ်ဘူး၊ ခဏနေရင် အဆိပ်တက်လာလိမ့်မယ်၊ ဒီနားတဝိုက်မှာ မြွေဆရာရှာမှဖြစ်မယ်"

စိုးရိမ်စွာပြောလိုက်ပါသည်။

ဤတွင် မာရီးမှ …။

"အင်ဖာကလည်း အဝေးကြီးလိုသေးတယ်၊ ဒီနားတဝိုက်မှာ မြွေဆရာ ဘယ်မှာရှိပါလိမ့်"

ဤသို့ပြောလိုက်ပါသည်။ တစ်ချိန်လုံးငြိမ်နေသော အမိနာက…

"မြွေဆရာရှာမနေနဲ့၊ မြွေနတ်သမီးဘွဲ့ခံထားတဲ့ သခင်မက ပိုပြီးမြွေနိုင်တာပေါ့၊ အဲဒီကိုပြန်မောင်းသွားရင်ကောင်းမယ်"

ထိုသို့အကြံပေးသည့်အတွက် လှည်းဆရာကြီးကလည်း ထောက်ခံပြောဆိုခဲ့ပါသည်။

"ဟုတ်တယ် … ဟုတ်တယ်၊ မြွေနတ်သမီးသခင်မက မြွေကိုတော့အတော်နိုင်တာပဲ၊ ဘယ်မြွေပဲကိုက်ကိုက် အသက်



www.burmeseclassic.com

www.burmeseclassic.com



ငွေ့ငွေ့ကလေးကျန်ရင်တောင် အသက်ကို ကယ်နိုင်တယ်"

"ဒါဆို မြွေနတ်သမီးသခင်မဆီကိုပဲ မောင်းပေးပါ"

မာရီးက လှည်းဆရာကြီးအား မြွေနတ်သမီးသခင်မဆီသို့ မောင်းခိုင်းရာကျော်ဒေဝမှ ...။

"မြွေနတ်သမီးသခင်မဆီ မသွားပါနဲ့ ... မသွားပါနဲ့"

ဟု တားမြစ်ရင်း သတိလစ်သွားပါတော့သည်။

လှည်းဆရာလည်း ကျော်ဒေဝအား လှည်းပေါ်သို့မတင်ပြီးနောက် သဲလွင်ပြင်ကိုဖြတ်ကာ မြွေနတ်သမီးသခင်မ၏စံနန်းဆောင်သို့ အမြန်ဆုံးမောင်းနှင်လာခဲ့ပါသည်။

တဖြည်းဖြည်း ခြေမျက်စေ့မှ ခြေသလုံး၊ ခြေသလုံးမှ ပေါင်သို့တိုင် တစတစ မဲပြာလာပါသည်။ ထို့နောက် နှုတ်ခမ်းများလည်း ပြာဝေနေပါသည်။

"အစ်ကို ... အစ်ကို"

ကျော်ဒေဝအား လှုပ်ယမ်းပြီးခေါ်သော်လည်း ကျော်ဒေဝကား မည်သည့်အသံကိုမျှမကြားရတော့ပေ။ သတိလည်း ပြန်မလည်လာသကဲ့သို့ တစ်ကိုယ်လုံးမှာ ပြာစပြုလာပါသည်။

မာရီးမှာ မျက်ရည်များတစ်ပေါက်ပေါက်စီးကျပြီး ငိုယိုကာ လိုက်ပါလာခဲ့ပါသည်။ ကျော်ဒေဝတစ်စုံတစ်ခုဖြစ်မည်ကို





စိုးရိမ်နေပါတော့သည်။

"အစ်ကိုရယ်... တစ်စုံတစ်ခု မဖြစ်ပါစေနဲ့၊ သတိရပါတော့၊ အစ်ကိုသာတစ်ခုခုဖြစ်သွားရင် ကျွန်မဟာ အမေနဲ့ မစ္စတာကူးမားကို ဘယ်လိုမျက်နှာပြရမှာလဲအစ်ကိုရယ်၊ နိုးထပါတော့ အစ်ကိုရယ်"

မာရီးကား ပြောလိုက် လှုပ်နှိုးလိုက်လုပ်နေပါသည်။ ကျော်ဒေဝအား တင်ဆောင်လာသည့်လှည်းမှာ တစတစနှင့် သဲလွင်ပြင်ကြီးအားကျော်ဖြတ်လာခဲ့ပါသည်။

လှည်းကလေးမှာ လူနာပါသည့်အတွက် အမြန်ဆုံးမောင်းနှင်လာရာ မကြာမီ ဟာဇီမြို့သို့ရောက်လာပါသည်။ ဟာဇီမှ တစ်ဆင့် မြို့စွန်ဘက်သို့ဆက်လက်မောင်းနှင်ခဲ့ရာ မြွေနတ်သမီး၏ မြွေပွဲတော်ကျင်းပရာ နန်းဆောင်အနီးသို့ ရောက်ရှိခဲ့ပါသည်။ တံခါးပေါက်အနီးသို့ သွားရောက်ပြီး ...။

"မြွေနတ်သမီးသခင်မ"

"မြွေနတ်သမီးသခင်မ"

မာရီးက မြွေနတ်သမီးသခင်မအား ခေါ်လိုက်ပါသည်။

ထိုစဉ် မြွေနတ်သမီးသခင်မ၏ရှေ့တော်ပြေး အပိုးတော်နှစ်ဦး ထွက်လာပြီး ...။

www.burmeseclassic.com



"ဘာကိစ္စရှိပါသလဲ"

"ကျွန်မရဲ့ အစ်ကိုဟာ မြွေပွဲတော်ကအပြန် သဲလွင်ပြင်ကို ဖြတ်သွားရင်း "ကန္တာရမြွေပွေး" ခဲခြင်းခံရလို့ သတိလစ်နေပါတယ်၊ အဲဒါ ကုပေးတော်မူပါ"

"ကဲ ... ကဲ... လူနာကို အထဲသွင်းလိုက်ပါ၊ မြွေနတ်သမီးသခင်မကို သွားခေါ်လိုက်ပါမယ်"

ကျော်ဒေဝကား မြွေပွေးခဲပြီး အချိန်အတော်ကြာအောင် ဤနေရာသို့သယ်လာရသည့်အတွက် တစ်ကိုယ်လုံးအဆိပ်တက်ကာ ပြာနှမ်းနေပါသည်။ တစ်ကိုယ်လုံးမှာလည်း ချွေးသီးချွေးပေါက်များကျနေသည်မှာ ရေချိုးထားသကဲ့သို့ဖြစ်နေပါသည်။

သခင်မသည် ၎င်း၏အခန်းထဲမှထွက်လာပြီး ကျော်ဒေဝကိုကြည့်ကာ ခေါင်းတစ်ချက်ခါယမ်းလိုက်ပါသည်။ လက်မှသွေးကြောကို စမ်းကြည့်ကာ ...

"လူနာရောက်လာတာ တော်တော်နောက်ကျသွားပြီ၊ အသက်ငွေ့ငွေ့ကလေးပဲ ကျန်တော့တယ်"

"သခင်မရယ်၊ အတတ်နိုင်ဆုံး ကုပေးပါ"

"လူနာမှန်သမျှ သခင်မအတတ်နိုင်ဆုံးကုပေးပါတယ်၊





ဒါပေမဲ့ နှလုံးသားအထိရောက်ရင်တော့ ဘယ်လိုမှ ကုလို့မရနိုင်တော့ဘူး"

"သခင်မရယ်၊ နှလုံးသားဆီရောက်မရောက် ကြည့်ပေးပါ"

"ဟုတ်ပြီ ... သခင်မကြည့်ပေးပါမယ်၊ အင်္ကျီတွေအားလုံးချွတ်လိုက်ပါ၊ ရင်ဘတ်အထိ အညိုအမည်းရောက်မရောက် ကြည့်ပေးပါမယ်"

"ဟုတ်ကဲ့ပါ သခင်မ"

မာရီးနှင့် အမိနာတို့နှစ်ဦးသည် ကျော်ဒေဝ၌ ဝတ်ဆင်ထားသည့် ဥရောပကုတ်နှင့်အင်္ကျီ စွပ်ကျယ်တို့ကိုချွတ်လိုက်စဉ် ဥရောပကုတ်အတွင်းမှ ပစ္စည်းတစ်ခုထွက်ကျလာပါသည်။

"ဒေါက်"

"ဟင် ... ရုပ်တုကလေးတစ်ခုပါလား"

မာရီးက ကောက်ယူရင်းပြောလိုက်ပါသည်။ ထိုရုပ်တုကလေးကို မြွေနတ်သမီးသခင်မက လှမ်းကြည့်လိုက်သောအခါ …စွာအံ့သြသွားကာ...။

"ဟာ ... မြွေနတ်သမီးရုပ်တုပဲ၊ သူက ဒီရုပ်တုကို ဘယ်ကရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ မသိပါသခင်မ"

"ဒီရုပ်ထုကို ကုတ်အင်္ကျီအိတ်ထဲမှာ ထည့်ထားသည့်အတွက် နှလုံးနဲ့အနီးဆုံးနေရာမှာ ဒီရုပ်တုရောက်နေတယ်၊ ဒါကြောင့် နှလုံးအထိအဆိပ်မရောက်သေးဘူး"

"တော်သေးတာပေါ့"

"မြွေနတ်သမီးသခင်မရယ်၊ ကျွန်မရဲ့အစ်ကိုကို အသက်ရှင်အောင်ကူပေးပါ"

"ကူလို့ရနိုင်မယ်လို့ ထင်ပါတယ်"

မြွေနတ်သမီးသခင်မသည် ကျော်ဒေဝကို အတွင်းခံဘောင်းဘီတစ်ထည်မှလွဲ၍ အဝတ်အစားအားလုံးကိုချွတ်လိုက်ပြီး ကျောက်ကုတင်ပေါ်တွင် တင်ထားလိုက်ပါသည်။

ထို့နောက် ကျော်ဒေဝထံမှရသည့် မြွေနတ်သမီးရုပ်တုကလေးကို ၎င်း၏ဗိုက်ပေါ်တွင်တင်ထားကာ တစ်စုံတစ်ခု ရွတ်ဆိုနေပါသည်။

ခဏအကြာတွင် သူမသည် ထိုနေရာမှထသွားကာ အခန်းတစ်ခုအတွင်းသို့ ဝင်ရောက်သွားပါသည်။ မိနစ်အနည်းငယ် အတွင်း သူမ ပြန်ထွက်လာပြီး သူမ၏လက်ထဲတွင် ရုပ်တုတစ်ခု ပါလာပါသည်။ ထိုရုပ်တုကလေးအား မာရီးကိုပြရင်း …။





"ဒီရုပ်တုကလေးကို ကြည့်လိုက်စမ်းပါ" ဟု မြွေနတ်သမီးသခင်မက ပြောလိုက်ပါသည်။

"ဟင် … အစ်ကို့ဆီက ရုပ်တုနဲ့အတူတူပဲ"

"ဘယ်လောက်အံ့ဩစရာကောင်းသလဲရှင်၊ ဒီရုပ်တုနှစ်ခုဟာ တစ်ထပ်တည်းတူနေပါလား"

မာရီးနှင့်အတူ အမီနာကလည်း ရုပ်တုနှစ်ခုတူညီမှုကို အံ့ဩစွာ ပြောလိုက်ပါသည်။

"အသင်တို့ အရမ်းအံ့ဩနေပါလား"

"မှန်ပါတယ် သခင်မ"

"ဒီထက် အံ့ဩစရာကောင်းတဲ့အကြောင်းကို နောက်မှ ပြောပြမယ်၊ အခုတော့ သူ့ရဲ့အသက်ကို ကယ်လိုက်ဦးမယ်"

မြွေနတ်သမီးသခင်မပြောသည့်စကားကို ပြည့်စုံစွာ ရသော်လည်း အသက်ကယ်ရေးသည် ပထမအရေးအကြီးဆုံး နေမှန်း သိလိုက်ပါသည်။

မြွေနတ်သမီးသခင်မသည် သူမယူလာသည့်မြွေနတ်သမီးရုပ်တုကလေးကို ကျော်ဒေဝ၏ဦးခေါင်းပေါ်တွင်တင်ကာ တစ်စုံတစ်ခုသောမန္တာန်ကို ရွတ်ဆိုနေပါသည်။ ထို့နောက် မြွေနတ်သမီးသခင်မမှ …။



www.burmeseclassic.com

www.burmeseclassic.com



"မြွေဆိပ်မိပြီး သွေးတွေတော်တော်ခဲနေပြီ၊ သွေးဖျော် တဲ့ဆေးတိုက်မှဖြစ်မယ်၊ အာနန် အထူးမြွေဆိပ်ပြေဆေးယူခဲ့"

အာနန်သည် ဖန်ဗူးကလေးတစ်လုံးကိုယူလာပြီး ပေး လိုက်ပါသည်။ အနီရောင်ဗူးဆို့ကလေးကိုဖွင့်ပြီးနောက် စေ့စေ့ သောပါးစပ်ကိုအတင်းဖြဲကာ ထိုဆေးတစ်ပုလင်းလုံး လောင်းထည့် လိုက်ပါသည်။

"အာနန် အပ်ဗူးယူခဲ့"

အာနန်လည်း သံဆွဲကလေးတစ်ခုကို ယူလာခဲ့ပါသည်။ ထိုဘူးကလေးကိုဖွင့်လိုက်ရာ ဆေးထိုးအပ်ကဲ့သို့သော အခေါင်း ပေါက်ပါရှိသည့်အပ်ကလေးပေါင်းများစွာကို တွေ့လိုက်ရ သည်။

မြွေနတ်သမီးသခင်မသည် အပ်တစ်ချောင်းကို ဆွဲယူ လိုက်ပြီး ကျော်ဒေဝ၏ဘယ်ဘက်လက်အကြောထဲသို့ ထိုးသွင်း လိုက်ပါသည်။ ထို့နောက် အပ်တစ်ချောင်းကိုလည်း ညာဘက် လက်၏အကြောထဲသို့ ထိုးသွင်းလိုက်ပါသည်။

သွေးကြောထဲသို့အပ်သွင်းလိုက်လျှင် သာမန်လူကောင် တစ်ယောက်မှာ သွေးများပေါက်ပေါက်စီးဆင်းလာပေမည်။ ယခု မှာမူကား မည်သည့်သွေးစက်မှ မထွက်ပေ။





"ခြေထောက်ကို သွေးဖောက်မှဖြစ်မယ်"

မြွေနတ်သမီးသခင်မသည် ခြေထောက်နှစ်ချောင်း၏ခြေ ညှိစ်အထက်နားမှနေ၍ သွေးကြောထဲသို့အပ်ကိုထည့်သွင်းလိုက် သည်။ ထိုအပ်နှစ်ချောင်းမှလည်းမည်သည့်သွေးမှ မထွက်ပေ။

"သူ့ကိုဆီလူးပေးလိုက်ပါ"

မြွေနတ်သမီးသခင်မက အာနန်ကိုပြောလိုက်ရာ ပရုပ် ဆီကဲ့သို့ဆီကို လူးပေးလိုက်ပါသည်။

ထို့နောက် ချည်စောင်ပါးပါးကလေး ခြုံပေးလိုက် သည်။

သူမ၏နှုတ်မှလည်း... မန္တန်တစ်ခုခုကို ရွတ်ဆိုနေ သည်။

ကျော်ဒေဝကား...မလှုပ်မယှက်။ မာရီး၏ ရင်ထဲတွင် လောင်ဆူနေပါသည်။ စက္ကန့်တိုင်း စက္ကန့်တိုင်း ရင်တွေ ထိတ်ခိတ်ခုန်နေပါသည်။ စိုးရိမ်စိတ်များလည်း လှိုင်းထန်သည့် ...ယ်နှယ် လှိုင်းထနေပါသည်။

"အစ်ကို...အသက်မှ ပြန်ရှင်ပါတော့မလား"

မာရီ၏ရင်တွင် စိုးရိမ်လွန်းလှပါသည်။ တစက္ကန့်ဆိုင် ...ပင် အလွန်ကြာသည်ဟု ထင်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် နာရီဝက်အကြာတွင် လက်များ၌စိုက်ထားသောအပ်ဖျားထိပ်၌ သွေးရေကြည်ကဲ့သို့ အရေကလေးသီးလာသည်ကို တွေ့လိုက်ရပါသည်။ ခြေထောက်ရှိအပ်ရာမှ မည်သည့်အရေမှ မထွက်ပေ။ မြွေနတ်သမီးသခင်မ၏ မျက်နှာမှာ အနည်းငယ်ပြုံးရောင်သမ်းလာပြီး...။

“လက်ကတော့ သွေးအရည်ပျော်စပြုလာပြီ၊ ဆက်ပြီးသွေးပျော်သွားရင် အသက်ရှင်နိုင်ပြီ”

ထိုသို့ပြောလိုက်ရာ မာရီးတို့အုပ်စုမှာ လွန်စွာ ဝမ်းသာသွားပါသည်။

“အစ်ကို ... မသေပါစေနဲ့၊ မြန်မြန်သတိရပါစေ”

မာရီးမှာ မျှော်လင့်ချက်ဖြင့် ဝမ်းသာစွာဆုတောင်းပါသည်။

နောက်ထပ်နာရီဝက်ခန့်အကြာတွင် လက်၌စိုက်ထားသည့်အပ်ဖျားတွင် သွေးအရည်ကလေးများ လိုက်စပြုလာပြီ ခြေထောက်တွင် စိုက်ထားသည့်အပ်ဖျားမှ အရေကြည်ကလေးများ ထွက်လာပါသည်။

“လက်က သွေးရည်လိုက်စပြုလာပြီ”

မြွေနတ်သမီးသခင်မက ဤသို့ပြောလိုက်ရာ ...။





မာရီးကလည်း ...။

“သခင်မရယ် ... ဒါဆို အစ်ကို အသက်ရှင်နိုင်ပါတယ်နော်”

“သခင်မတို့ဘက်ကို တစ်ဝက်ပါလာပြီ”

“ကျေးဇူးတင်လိုက်တာ သခင်မရယ်”

ထို့နောက် အချိန်တခဏအကြာတွင် ခြေထောက်ရော လက်ကပါ သွေးရည်များတစ်ပေါက်ပေါက်ကျဆင်းလာပါသည်။

ထိုခဏတွင် ကျော်ဒေဝမှာ...။

“အဟင်း ... အဟင်း”

ဟူ၍ စတင်ငြီးငြူလာပါသည်။ ဤတွင်မြွေနတ်သမီးသခင်မမှ ...

“လူနာသတိရစပြုလာပြီ၊ သခင်မတို့ဘက်ကို ပါလာပြီ၊ သေနိုင်တော့ဘူး”

“အစ်ကို ... အစ်ကို”

မာရီးက ကျော်ဒေဝအားခေါ်လိုက်ရာ...။

ကျော်ဒေဝမှာ တဖြည်းဖြည်းမျက်စေ့ ဖွင့်ကြည့်လိုက်ပါသည်။ ပထမတွင် ၄င်း၏အမြင်အာရုံများ ဝေဝါးနေပါသည်။

“ကျွန်တော် ... ဘယ်ကိုရောက်နေတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ... ကျွန်မတို့မြွေနတ်သမီးသခင်မရဲ့ ကျောင်းဆောင်မှာရောက်နေတယ်" ဟု မာရီးကပြောလိုက်ပါသည်။

"အစ်ကိုတော့ ဘာမှသဲသဲကွဲကွဲမမြင်ရဘူး၊ မျက်လုံးဝေဝါးနေတယ်"

ဤသို့ပြောလိုက်ရာ မြွေနတ်သမီးသခင်မမှ ...။

"ကိစ္စမရှိဘူး၊ မြွေဆိပ်တွေ မျက်စေ့နားမှာရှိနေသေးလို့ သဲသဲကွဲကွဲမမြင်ရတာပါ"

ဟုတ်ပါသည်။ မြွေနတ်သမီးသခင်မပြောသကဲ့သို့ အဆိပ်များကျန်နေသေးသဖြင့် မျက်စေ့အမြင်အာရုံ ဝေဝါးနေသည်။ ထို့အပြင် ခြေလက်များမှာလည်း မသယ်နိုင်အောင်လေးနေပါသည်။

"လူနာဟာ မထနိုင်သေးဘူး၊ မြွေဆိပ်တွေ မွန်နေ... မျက်လုံးကလည်း သိပ်မကောင်းသေးဘူး၊ ဒီကန္တာရမြွေပွေးဟာ အလွန်အဆိပ်ပြင်းတဲ့အတွက် အသင်ဟာ ဤနေရာမှာ နှစ်ပတ်တိတိနေပြီး ကုသမှုကိုခံယူရပါလိမ့်မယ်၊ အဲဒီအတွင်းမှာ ဒီလူနာဟာ ဘယ်သူနဲ့မှတွေ့ခွင့်မရှိဘူး၊ ဒီတော့သခင်မရဲ့အမိန့်ကို နာခံပြီး ဆက်ကုသမလား၊ ဒါမှမဟုတ် ပြန်ခေါ်သွားမလား၊ ကြိုက်ရာလမ်းကိုရွေးပါ"





"သခင်မပြောတဲ့အတိုင်း အမိန့်ကိုနာခံပြီး ဆက်လက်ကုသပါ့မယ်၊ ကျွန်မအစ်ကိုကိုသာ ကောင်းအောင်ကုပေးပါ"

"ဒါဖြင့် အသင်တို့ပြန်ကြပါတော့၊ နောက်နှစ်ပတ်ကြာတဲ့အခါမှ ဒီနေရာကိုပြန်လာပြီး လူနာကိုပြန်လာခေါ်ပါ"

မာရီးသည် သခင်မ၏အမိန့်ကို ကြားရသောအခါ ကျော်ဒေဝကို ထားခဲ့ရမည်ဆိုသည့်အတွက် စိတ်ထဲတွင် ဝမ်းနည်းလာပါသည်။ မျက်ရည်များလည်း မျက်လုံးအိမ်တွင် ရစ်ဝိုင်းလာပါတော့သည်။ သို့သော် ရောဂါမပျောက်သေး မထနိုင်သေးသည့်အတွက် မြွေနတ်သမီးသခင်မ၏အမိန့်အတိုင်း ...။

"ကောင်းပါပြီ သခင်မ"

ဟုဆိုကာ မြွေနတ်သမီးသခင်မနန်းဆောင်မှ ထွက်ခွာခဲ့ရပါသည်။ နန်းဆောင်၏အပြင်ဘက်ရောက်သည်နှင့် သခင်မနန်းဆောင်မှအဝင်တံခါးကြီးကို "ဂျိမ်းကနဲ"နေအောင် ပိတ်လိုက်ပါသည်။

မာရီးမှာ နန်းဆောင်အပြင်ဘက်မှနေ၍ အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ လှည်းကိုမောင်းထွက်သွားပါသည်။

"အင်း ... မစ္စတာကူးမားတို့ ဆရာကြီးဦးဘထွန်းတို့က မေးရင် ဘယ်လိုပြောလိုက်ရမလဲ၊ မြွေပွေးကိုက်မှန်းသိရင်အားလုံး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူ ကုန်ကြတော့မယ်၊ အစ်ကိုဟာ နှစ်ပတ်အတွင်း ပြန်ကောင်းလာမှာပဲ၊ ဒီတော့မှ ပြောရင်ကောင်းမလား''

မာရီးလည်း သူ့အတွေးနှင့်သူ တစ်လမ်းလုံး တွေးလာ ပါသည်။

''အမိနာရေ ... ငါတို့ဘယ်လိုလုပ်ကြမလဲ၊ အစ်ကို့ အကြောင်းကို မစ္စတာကူးမားသိရင် မလွယ်ဘူး''

''ဟုတ်တယ်မာရီး၊ သူတို့သိရင် အရမ်းစိတ်ပူမယ်၊ နှစ်ပတ်ဆိုတာ ခဏလေးပါ၊ အစ်ကိုပြန်လာမှ ပြောကြရင် ကောင်းမယ်နဲ့ တူတယ်''

အမိနာကလည်း သူ့အတွေးကိုတင်ပြရာ မာရီးမှ ...

''ငါတော့ ရွာပြန်ရောက်ရင် အမေ့ကိုတော့ အကြောင်း ဖွင့်ပြောမှဖြစ်မယ်''

ထိုသို့ပြောရင်း မာရီး၏မျက်နှာပေါ်တွင် မျက်ရည်စက် များ တစ်ပေါက်ပေါက်ကျလာပါသည်။

''အစ်ကို့ကိုထားခဲ့ရတာ ငါစိတ်မကောင်းဘူး အမိနာ''

''သူပြန်နေကောင်းအောင် ထားခဲ့ရတာပဲ၊ ဒီလို မလုပ်ရင် မြွေဆိပ်ကြောင့် သေသွားရင် ဘယ်လိုလုပ်မလဲ''

''ဟုတ်တယ်၊ အစ်ကိုသာသေရင် ငါလည်း ရင်ကွဲ





သေမှာပဲ''

''ဒါကြောင့် မင်းအစ်ကိုကို ထားခဲ့ပြီး စိတ်အေးအေးနဲ့ သာပြန်ပါ။ နှစ်ပတ်ဆိုတာ ဘယ်လောက်မှကြာတာ မဟုတ် ပါဘူး''

''နင်တို့အတွက် နှစ်ပတ်ဆိုတာ မကြာပေမယ့်အစ်ကို့ကို မတွေ့ရဘဲ နှစ်ပတ်ကြီးတောင်နေရမှာ အကြာကြီးပေါ့''

လှည်းကလေးမှာ တဖြည်းဖြည်းမောင်းလာခဲ့ပါသည်။ မကြာခင် သဲလွင်ပြင်ကြီးကို ဖြတ်သန်းရပေဦးမည်။ ထိုမှဆက်၍ အင်ဖာသို့...။ ထိုမှတစ်ဆင့် ရွာသို့ဦးတည်မောင်းနှင်နေပါသည်။

* * *

ကျော်ဒေဝသည် ကန္တာရမြွေပွေး၏အဆိပ်ထိထား သည့်အတွက် သတိရလိုက်၊ ပြန်သတိလစ်သွားလိုက် ဖြစ်နေပါ သည်။ သတိရချိန်တွင် မျက်စေ့၏အမြင်အာရုံမှုန်ဝါးနေသဖြင့် မြွေနတ်သမီး၏ကုသမှုကို ခံနေရပါသည်။ သတိရသည့် တပြိုင်နက် မာရီးကိုလွမ်းစွာသတိရမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ်တော့ ငေ့ါ်ဒေဝကား ကံကြီးသူဟု ပြောရပေမည်။ ကန္တာရမြေပွေးထိခဲ့သူမှာ စက္ကန့်ပိုင်းအတွင်း သေနိုင်ပါသည်။ ဆေးကုသရန်ပင် ဆေးမမီပေ။ သို့သော်လည်း မြွေနတ်သမီးရုပ်တုသည် ပဥ္စလောဟာခေါ် ရွှေ၊ ကြေး၊ သံ၊ခဲ၊ သွပ်တို့ဖြင့်စီရင်ထားသည့် ရုပ်တုဖြစ်ပြီး မြွေအဆိပ်ဖြေဂါထာ မန္တာန်များ၊ ဆေးများဖြင့် ရှေးဆရာကြီးတို့နည်းနာအတိုင်း ပြုလုပ်ထားသည့်အတွက် မြွေဆိပ်ဒဏ်ကို ခံနိုင်ခြင်းဖြစ်သည်ဟု မြွေနတ်သမီးဘွဲ့ခံသခင်မက ပြောကြားသဖြင့် သိရပါသည်။

ဤသို့ဖြင့် နေ့စဉ်နေ့တိုင်းအဆိပ်ဖြေနည်းဖြင့် ကုသခဲ့ရာ တစ်ပတ်အကြာတွင် မျက်စေ့နှစ်ကွင်းအလင်းရခဲ့သလို လမ်းကိုလည်း ကောင်းစွာလျှောက်နိုင်လာပါသည်။

"ကဲ .. လူနာ... ဘယ်လိုနေသေးလဲ"

"မျက်စေ့လည်းကောင်းစွာမြင်ပါပြီ၊ လမ်းလည်း တော်တော် လျှောက်နိုင်ပါပြီ"

"အခြေအနေ တော်တော်တိုးတက်လာပြီ"

မြွေနတ်သမီးသခင်မနှင့် စကားပြောနေစဉ် မာရီးကို လွမ်းစွာ သတိရသဖြင့်...။

"ကျွန်တော်ရွာကိုပြန်ချင်တယ်၊ ဆရာက ကျွန်တော်ဒီလို





ဖြစ်မှန်းသိရင် အလွန်စိုးရိမ်နေမှာစိုးလို့ပါ"

"အသင်လူနာ၊ သင်၏ရောဂါကား ရှင်းရှင်းမပျောက်သေးပါ၊ အဆိပ်အနည်းငယ်ကျန်သေး၏။ အကယ်၍ သင်၏ဆရာကိုတွေ့လျှင်သော်လည်းကောင်း၊ သင်၏မိသားစုကိုတွေ့လျှင်သော်လည်းကောင်း အလွန်အမင်းဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းဟူသည့်စိတ်လှုပ်ရှားခြင်းဖြစ်ပါက ထိုအဆိပ်များကြွလာကာ အသင်၏"ဘဝ"ကို တက်ဆောင့်လျှင် ချက်ချင်းအန္တရာယ်ဖြစ်စေနိုင်ပါသည်။ ထို့အတွက် အသင့်ကို ကျွန်ုပ်ပေးမတွေ့ခြင်းဖြစ်ပါသည်"

"သခင်မ ကျွန်တော်နားမလည်၍ ပြောဆိုမိခြင်းကို ခွင့်လွှတ်ပါ"

"အသင် လူနာအား ကျွန်ုပ်ခွင့်လွှတ်ပါသည်"

"သခင်မဟာ ကျွန်တော်မျိုးရဲ့အသက်သခင်ကျေးဇူးရှင်ဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်တော်မျိုးရဲ့အသက်ကို ကယ်ဆယ်ခဲ့တဲ့ကျေးဇူးကိုဆပ်ခြင်းအားဖြင့် ကျွန်တော်မျိုးရဲ့ အင်္ကျီအိတ်အတွင်းပါလာသည့် ရွှေစများနှင့် ကန်တော့ပါတယ်"

"ဤသည်မှာ အသင့်စိတ်ဆန္ဒ၏အလှူတည်း၊ မြွေနတ်သမီးသခင်မရုပ်တုရှေ့၌ထားကာ လှူဒါန်းရစ်ပါလော့"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ သခင်မ"

ထိုသို့ဆိုကာ မြွေနတ်သမီးရုပ်တုရှေ့တွင် ရွှေစများကို တင်ကာလျှော့ဒါန်းလိုက်ပါသည်။ ဤတွင် မြွေနတ်သမီးသခင်မက လည်း ထိုရုပ်တုရှေ့တွင် တစ်စုံတစ်ခုကို ရွတ်ဆို ဆုတောင်းပေး ပါသည်။

ဤနေရာ၌ မြွေနတ်သမီးရုပ်တုနှင့် မြွေနတ်သမီး သခင်မမှာ မတူချေ။ ပို၍ရှင်းအောင်တင်ပြရသော် မြွေနတ်သမီး ရုပ်တုသည် ၎င်းတို့ ကိုးကွယ်သောမြွေနတ်သမီးကို ကိုယ်စားပြု ခြင်းဖြစ်ပြီး မြွေနတ်သမီး သခင်မကား မြွေနတ်သမီးဝင်စားသူဟု အဓိပ္ပာယ်သက်ရောက်ပါသည်။

မြွေဆိပ်ထိပြီး (၁၂)ရက်အကြာတွင် ရောဂါမှန်သမျှ လုံးဝပျောက်ကင်းခဲ့ပါသည်။ နောက်သုံးရက်အကြာတွင် မာရီးတို့ လာခေါ်ကြမည်ဖြစ်ပါသည်။ ထိုနေ့ညက မြွေနတ်သမီး သခင်မသည် သူမ၏အကြောင်းနှင့် သူမ၏မြွေနတ်သမီးကျမ်းစာ ကို ရှင်းပြခဲ့ပါသည်။

မီးရောင်ပြာလဲ့လဲ့ကလေး ထွန်းထားသည့်ညကလေး တစ်ည။

ကျော်ဒေဝနေထိုင်ရာအခန်းသို့ မြွေနတ်သမီးသခင်မ၏





ရံရွေတော်တစ်ဦးရောက်လာပြီ…။

"လူနာ … ကျွန်မနောက်သို့ လိုက်ခဲ့ပါ၊ ေ ်င်း မြောပြ သခင်မ အခေါ်တော်ရှိပါတယ်" ်င့်ကို ဖတ်ရှု

"ကောင်းလှပြီ"

ကျော်ဒေဝလည်း ၎င်းအားလာခေါ်သ ်းစာအကြောင်း အမျိုးသမီးနောက်သို့ လိုက်လာခဲ့ပါသည်။ တ ကျွန်ုပ်ကို သိစေ အခန်းများကို ဖြတ်သန်းခဲ့ပြီးနောက် မြွေနတ် အခန်းကျယ်ကြီးသို့ ရောက်ခဲ့ပါသည်။ မြွေနတ်သမီး

မြွေနတ်သမီးသခင်မထံပါး အခစားရောက် ၍သာ အသင့် သူမသည် ရွှေရောင်အဆင်းရှိသော သလွန်ပေါ်တွင်ထိုင်ေ မျက်နှာ၏အောက်ပိုင်းတွင် ပါးလွှာသောဇာပုဝါကို စည်းထား၍ မျက်စေ့နှစ်ကွင်းကိုသာ ဖော်ထားပါသည်။ ဦးခေါင်းတွ မြွေဟောက်ပုံသရဖူကို ဆောင်းထားပြီး ပါးလွှာသောဇာပုဝါကို ခြုံထားပါသည်။ ၎င်း၏ဘေးတစ်ဖက် တစ်ချက်တွင် ရံရွေတော် လေးဦးက သားမြီးယပ်တောင်ကို ဖြည်းညင်းစွာယပ်ခပ်နေ ပါသည်။

အပျိုများသည် အချောအလှများဖြစ်ပြီး ကိုယ်စီ ကိုယ်ပေါက်ဖြောင့်စင်းတောင့်တင်းကြသူများဖြစ်ပါသည်။ ၎င်းတို့



www.burmeseclassic.com

www.burmeseclassic.com



ျင် မြွေနတ်သမီးသခင်မ၏အလှကား ကြယ်ပွင့်ရုံရွေ ားမှ လမင်းစန္ဒာပင်ဖြစ်လှပါသည်။

တင်ကာလျှက်ဒေဝ၏ခန္ဓာကိုယ်တွင် အလွန်လှပသည့် သိုးရင်းလည်း ထိုရုပ် ဝတ်ဆင်ပေးထားပြီး ၄င်း၏ခါးတွင် မြွေဟောက်ပါသည်။ ါးပတ်ကို ဝတ်ဆင်ပေးထားပါသည်။ ထို့နောက်

ဤနေ ားတွင် အိန္ဒိယလူမျိုးများအသုံးပြုသည့် ပုဝါစ သခင်မမှာ မတူ ားပေးပါသည်။

ရုပ်တုသည် ၄င်လှိုင်ကျော် ... အသင်ကား လူနာမဟုတ်တော့ခြင်းဖြစ်ပြီး ကြွေပ်ဟု ခေါ်ဆိုပါမည်။ ကျွန်ုပ်သင့်အားမေးရန် အစိ ရှိ၏။ သင် ဖြေကြားပါလော့”

“မေးပါသခင်မ၊ ကျွန်ုပ်ဖြေဆိုရန် အသင့်ရှိပါသည်”

“ဒီလိုဆိုရင် ကျွန်ုပ်မေးမည်၊ မြွေနတ်သမီးရုပ်တုကို အသင် ဘယ်ကရသနည်း”

“ကျွန်ုပ်တို့မြန်မာပြည်၌ရှိသော ခမ်းပတ်မြို့ဟောင်းသို့ သွားစဉ် လူရိုင်းအဘိုးအိုက အိပ်မက်အရ ဤရုပ်တုကို ကျွန်ုပ်အား ပေးခြင်း ဖြစ်ပါသည်”

“ဒါဆို ဒီရုပ်တုရဲ့ပိုင်ရှင်ဟာ အသင်ဖြစ်ပါသလော”

“ယခု လက်ရှိအခြေအနေအရ ဤရုပ်တုရဲ့ပိုင်ရှင်ဟာ





ကျွန်ုပ်ပဲ ဖြစ်ပါတယ်”

“ဒါဆိုရင် ကျွန်ုပ်တို့ရဲ့ မြွေနတ်သမီးအကြောင်း ပြောပြမယ်၊ နောက်ပြီး မြွေနတ်သမီးကျမ်းစာကိုလည်း အသင့်ကို ဖတ်ရှုစေပါမယ်”

“ကျွန်ုပ်နှင့်မြွေနတ်သမီးအကြောင်း ကျမ်းစာအကြောင်းဟာ ဘယ်လိုပတ်သက်နေပါသလဲ၊ ဘာကြောင့် ကျွန်ုပ်ကို သိစေချင်တာလဲ”

“ကျွန်ုပ်ဟာအကျိုးအကြောင်းမရှိဘဲနဲ့ မြွေနတ်သမီးအကြောင်းကို ပြောပြမည်မဟုတ်ပါ၊ ဆက်နွယ်မှုရှိ၍သာ အသင့်ကိုပြောပြမည် ဖြစ်ပါသည်”

“ဒီလိုဆိုရင်လည်း မြွေနတ်သမီးသခင်မ ပြောဆိုညွှန်ကြားတော်မူပါ”

“ဤမြွေနတ်သမီးကျောင်းဆောင်ကား လွန်ခဲ့သော နှစ်ပေါင်း (၂၀၀)ကျော်ခန့်က ဆောက်လုပ်ထားခြင်းဖြစ်ပါသည်။ ဤကျောင်းဆောင်ကိုဆောက်ထားသူကား သုဝဏ္ဏဒေဝီပင် ဖြစ်ပါသည်။ သုဝဏ္ဏဒေဝီသည် စတင်မွေးဖွားစဉ်ကပင် မြွေအပေါင်းလာရောက်ဦးညွှတ်ခြင်းခံရသူဖြစ်ပါသည်။ အရွယ်ရောက်လာသောအခါတွင် မြွေများကိုနှိမ်နင်းခြင်း ၊ မြွေဆိပ်ကို

www.burmeseclassic.com



ကုသပေးနိုင်ခြင်းကြောင့် မြွေနတ်သမီးလို့ ထင်ရှားကျော်ကြားသူ တစ်ဦးဖြစ်ပါသည်''

''တင်ပါ သခင်မ''

''ဤသို့ မြွေနတ်သမီးအဖြစ် ထင်ရှားကျော်ကြားခြင်းမှာ အိန္ဒိယပြည်၌ မဟုတ်ပါ။ အသင်တို့ရဲ့ မြန်မာပြည်အတွင်းမှာရှိတဲ့ ခမ်းပတ်မြို့ဟောင်း၌ဖြစ်၏။ သို့သော်လည်း မြွေနတ်သမီးသည် ကြီးစွာသော နာကျည်းမှုတို့နှင့်အတူ အိန္ဒိယရှိအရပ်သို့ပြန်ခဲ့ပြီး ဝေဒနာကို သေရွာအထိ ယူဆောင်သွားခဲ့ဘိ၏။ မြွေနတ်သမီး၏ သနားစဖွယ်ဖြစ်ရပ်ကို ဤကျမ်းစာတွင် ဖတ်ကြည့်ပါလော့''

ထိုသို့ပြောဆိုစဉ် အခန်းတွင်းရှိ ပိုးကန့်လန့်ကာကလေး လှပ်ရှားသွားပြီး ရုံရွှေတော်ငါးဦးထွက်ပေါ်လာပါသည်။ ရှေ့ဆုံးမှ ရုံရွှေတော်၏လက်တွင် ရွှေကလာပ်ကိုကိုင်ဆောင်ထားပြီး ရွှေကလာပ်ပေါ်တွင်…။

ကတ္တီပါဖြင့်ထုတ်ထားသည့်စာအုပ်အရွယ် အထုပ်တစ်ထုပ်ကို တင်ထားပါသည်။ ရှေ့ဦးဆုံးမှရုံရွှေတော်နောက်၌ ရုံရွှေတော်လေးဦး လိုက်ပါလာပါသည်။

ထို့နောက် ကျော်ဒေဝ၏ရှေ့တွင် ဒူးထောက်ထိုင်လိုက်ကာ ကတ္တီပါစကိုဖြေလိုက်ပါသည်။ ကတ္တီပါစအတွင်းမှ သားရေအဖုံး





ဖြင့် ချုပ်ထားသည့်စာအုပ်တစ်အုပ် ထွက်ပေါ်လာပါသည်။ ထို သားရေအဖုံးတွင် ရွှေစာလုံးဖြင့်ရေးထိုးထားသည့်စာလုံးမှာ…။

**''မြွေနတ်သမီးသခင်မ၏ကျမ်းစာ''**

ဟူ၍ဖြစ်ပါသည်။

ထိုစာအုပ်ကလေးကို ကျွန်တော့်ထံသို့ကမ်းပေးကာ မြွေနတ်သမီးသခင်မမှ…။

''ဤကျမ်းစာကို အသင့်၏အခန်းအတွင်းသို့ ယူဆောင်သွားပြီး ကောင်းစွာဖတ်ပါ''

''ကောင်းပါပြီ''

''မနက်ဖြန် ည(၈)နာရီတွင် ကျွန်ုပ် မြွေနတ်သမီး သခင်မနှင့် အသင်တွေ့ဆုံပါမည်''

''ကောင်းပါပြီ''

ထိုသို့ပြောဆိုပြီးနောက် မြွေနတ်သမီးသခင်မနှင့်တကွ ၎င်း၏ရုံရွှေတော်အားလုံး ခန်းမဆောင်မှထသွားသဖြင့် ကျော်ဒေဝသည်း ''မြွေနတ်သမီးသခင်မကျမ်းစာ'' စာအုပ်ကိုယူဆောင်ကာ ၎င်း၏အခန်းတွင်းသို့ ပြန်လာခဲ့ပါသည်။

ထို့နောက် …။

''မြွေနတ်သမီးသခင်မရဲ့ကျမ်းစာ စာအုပ်ကို ဘယ့်



www.burmeseclassic.com

www.burmeseclassic.com



အတွက်ကြောင့် ငါ့ကိုဖတ်နိုင်းတာပါလိမ့်''

ထိုသို့စဉ်းစားကာ ထိုစာအုပ်ကို စတင်ဖတ်ရှုခဲ့ပါသည်။

''သျှရီ ... သျှရီ ... ဩောင်း ... ဟာရီ...ဟာရီ''

မြွေနတ်သမီး၏ကျမ်းစာတွင် ပထမဦးစွာ ကျွန်ုပ်၏ဘဝဖြစ်စဉ်ကို တင်ပြရပေမည်။

ကျွန်ုပ်၏မိဘများကား ဆင်းရဲလှသဖြင့် ရွာစွန်ရွာဖျားတစ်နေရာတွင် မြေစိုက်တဲငယ်ကလေးဖြင့် နေထိုင်ခဲ့ရပါသည်။ ထိုစဉ် မိခင်ကြီးသည် ကျွန်ုပ်အားမွေးဖွားရန် ဗိုက်နာလာသဖြင့် ဖခင်ကြီးမှာ ရွာထဲသို့လက်သည်ဝမ်းဆွဲသွားရှာနေပါသည်။

ထိုစဉ်မိုးကြီးလေကြီးကျကာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပါသည်။

မိခင်ကြီးကား အလွန်အမင်းဗိုက်နာကာ လူးလူးလိမ့်လိမ့်ခံစားနေရပါသည်။

''အား ... လား ... လား''

''ကျွတ် ... ကျွတ် ... ကျွတ်''

အလွန်အမင်းဗိုက်နာနေသည့်အတွက် သတိရတစ်ချက်မရတစ်ချက်ဖြစ်နေပါသည်။ ထိုစဉ် မိုးကြီးလေကြီး တိုက်ခတ်ရွာသွန်းနေသည့်အတွက် သစ်ပင်ကြီးများ ကျိုးကျခြင်း၊ လျှပ်စီးများ





က်ကာမိုးကြိုးပစ်ခြင်းတို့ကြောင့် ရွာတွင်းမှလူအများမှာ အိမ်ပြင်မထွက်ရဲအောင် ဖြစ်နေကြပါသည်။

ကျွန်ုပ်၏မိခင်ကြီးမှာ မွေးဖွားပေးမည့်သူမရှိဘဲ အလွန်င်းဗိုက်နာခြင်းကိုခံစားနေစဉ် ကျွန်ုပ်တို့၏တဲအတွင်းသို့ များဝင်လာပါသည်။

''ဟင် ... မြွေတွေအများကြီးဝင်လာပါလား၊ ရေတွေပြီး တွင်းထဲရေဝင်လို့နဲ့တူတယ်''

''အမလေး ... မြွေတွေအများကြီးပဲ၊ ငါလဲ ဗိုက်နာလို့ သူတို့ကိုမရှောင်နိုင်တော့ဘူး၊ ကိုက်လိုက ကိုက်ပါတော့''

မိခင်ကြီးသည် မပြေးနိုင်သည့်အဆုံးတွင် စိတ်ကိုခိုးခုံးမပြေးနိုင်ဘဲ လူးလိမ့်နေပါတော့သည်။ ဤတွင် မြွေကြီးကောင်မှာ မိခင်ကြီး၏အနီးသို့ တိုးသွားပါသည်။ နှစ်ကောင်မိခင်ကြီး၏ဦးခေါင်းဘက်သို့သွားကာ ပက်လက်လှန်နေမိခင်ကြီး၏ဘယ်ဘက်ကို မြွေကြီးတစ်ကောင်က ရစ်ပတ်ပါသည်။ နောက်တစ်ကောင်က မိခင်ကြီး၏ ညာဘက်ကို ရစ်ပတ်လိုက်သည်။

''အမလေး မြွေတွေငါ့ကိုရစ်ပတ်ကုန်ပြီ၊ ပေါ်ပါတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်နဲ့ တူတယ်"

ထိုသို့တွေးမိကာ ကြောက်သည့်စိတ်ဖြင့် ဖောချွေးမှာ ပြန်နေပါသည်။

နောက်ထပ်မြွေနှစ်ကောင်မှာ မိခင်ကြီး၏ ခြေထောက် နှစ်ချောင်းကို တစ်ကောင်စီရစ်ပတ်လိုက်ပါသည်။

ထိုအခါ မိခင်ကြီးမှာ ပိုမိုလန့်ဖြန့်သွားကာ သတိလ သွားပါသည်။

ကျွန်ုပ်အားမိခင်ကြီးမှာ မည်သို့မည်ပုံမွေးသည်ကို မသိလိုက်ချေ။ ဖခင်ကြီးသည် လက်သည်အားခေါ်လာသော အချိန်တွင် မိခင်ကြီးသည်ကျွန်ုပ်အား မွေးဖွားပြီးနေလေပြီ။

"ဟာ…လူနာသတိလစ်နေတယ်"

ဝမ်းဆွဲက အော်ပြောလိုက်ရာ ဖခင်ကြီးမှာ …။

"မိန်းမ…မိန်းမ…ထပါဦး … ထပါဦး"

ဟု လှုပ်နှိုးလိုက်သည့်အချိန်ကျမှ သတိရလာပါသည်။

"မြွေတွေ … မြွေတွေ အများကြီးပဲ၊ ကြောက်တယ် ကြောက်တယ်"

ဟုပြောဆိုပြီး ဖခင်ကြီးအားဖက်ထားလိုက်ပါသည်။

ဤတွင် ဖခင်ကြီးမှာ-





"ဘာမြွေမှမရှိပါဘူး၊ မကြောက်ပါနဲ့၊ လက်သည်လည်း ပါလာပြီ"

"ဟုတ်လား … မြွေတွေ မရှိတော့ဘူးလား"

"မရှိတော့ဘူး"

ဤတွင် လက်သည်သည် ကလေးအားပြုဘွယ်ကိစ္စများ ကို ပြုလုပ်ပေးနေသဖြင့်

"အူဝဲ … အူဝဲ … အူဝဲ"ဟူသည့် ကလေးငိုသံ လေးထွက်ပေါ်လာပါသည်။

"ဟော … ကလေးငိုနေပြီ"

ဖခင်ကြီးကပြောလိုက်သဖြင့် မိခင်ကြီးမှာ ဝမ်းသာ ပြီး…။

"သမီးလေးလား … သားလေးလား ကြည့်ပေးပါဦး"

ဤသို့ပြောလိုက်ပါသည်။

"သမီးလေး … သမီးလေး"

ဖခင်ကြီးက မိခင်ကြီးအား လှမ်းပြောလိုက်ရာ…။

"သမီးလေးလား … သိပ်ကောင်းတာပေါ့"

ဟု မိခင်ကြီးက အားတက်စွာပြန်ပြောလိုက်ပါသည်။

က် မြွေကြီးများရောက်လာပြီး ၄င်း၏ခြေထောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လက်များကို ရစ်ပတ်ပေးကြောင်း ပြောပြရာ...။

"မြွေကြီးတွေဟာ ကျွန်မရဲ့ ခြေထောက်နဲ့လက်
ရစ်ပတ်လိုက်တဲ့အခါမှာ ကျွန်မလေ ဘယ်လိုကြောက်မှန်း မ
အောင်ဖြစ်ပြီး သတိလစ်သွားတယ်"

"ဒါဆို မြွေကြီးတွေဟာ အန္တရာယ်ပေးဖို့လာတာ မ
နိုင်ဘူး"

ဝမ်းဆွဲလက်သည်အဒေါ်ကြီးမှ ဤသို့ပြောလိုက်
သည်။ ထို့နောက်ခေါင်းတငြိမ့်ငြိမ့်ဖြင့် စဉ်းစားကာ...။

"ဒီကလေးမလေးဟာ သာမန်ကလေးမဟုတ်
မြွေတွေရဲ့ အရှင်သခင်ဖြစ်လို့ သူတို့ကိုယ်တိုင်လာပြီး မွေး
တာဖြစ်မယ်" ဤသို့ ပြောလိုက်ပါသည်။

"လောကမှာ အဲဒီလိုအဖြစ်မျိုးရှိပါသလား လက်သည်
ဖခင်ကြီးက လက်သည်အဒေါ်ကြီးအား မေးမြန်းရာ

"ကျွန်မ မွေးဖွားပေးတဲ့သက်တမ်းမှာ တစ်ခါမှ မကြုံ
ပါဘူး၊ ဒါပေမဲ့ ရှေးလူကြီးတွေပြောတာ ကြားဖူးတာက
သူတို့ဟာ သူတို့ရဲ့အရှင်သခင်တစ်ယောက် လူ့လောက
ရောက်လာတယ်ဆိုရင် သူတို့က သိကြတယ်တဲ့၊ တစ်ချို့က
တွေဆိုရင် မြွေကြီးတွေကနေပူမှာစိုးလို့ ပါးပြင်းနဲ့မိုးပေး





တတ်တယ်၊ ကူလည်း မွေးပေးတတ်တယ်လို့ ပြောသံကြားဖူး
ပါတယ်"

"သြော် ... ဒီလိုလား"

"ဒါကြောင့် ဒီကလေးဟာ သာမန်ကလေးမဖြစ်နိုင်ဘူး
လို့ ပြောတာပါ"

လက်သည်အဒေါ်ကြီး၏စကားကြောင့် ကျွန်ုပ်အား
မြွေနက်သမီးဝင်စားသူဟူ၍ ငယ်ရွယ်စဉ်အခါကပင် မှတ်ယူခဲ့
ပါသည်။ ထို့ကြောင့် "ဂျနက်"ဟူ၍အမည်ပေးခဲ့ပါသည်။

ကျွန်ုပ် ကလေးဘဝအရွယ်ငယ်စဉ်မှာလည်း လူလစ်ချိန်
တွင် မြွေကြီးများရောက်လာတတ်ပြီး မြွေများနှင့် ကစားခဲ့ပါ
သည်။ ကျွန်ုပ်၏ တဲကလေးကား ရွာအပြင်တွင်တဲတစ်လုံးတည်း
သာရှိသဖြင့် ကျွန်ုပ်၌ကစားစရာအဖော်ဟူ၍မရှိခဲ့ပေ။ ကျွန်ုပ်၏
ကစားဖော်ကား မြွေကြီးများပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့၏တဲနှင့် မနီးမဝေးတွင် တောင်ပို့ကြီးများ
ရှိပါသည်။ ကျွန်ုပ်က လေချွန်လိုက်လျှင် ထိုမြွေကြီးများမှာ
တောင်ပို့မှထွက်လာပြီး ကျွန်ုပ်နှင့် ကစားကြပါသည်။ သို့သော်
လည်း လူရှိလျှင်မူ သူတို့ထွက်မလာကြပေ။

သူတို့၏တောင်ပို့ထဲမှ မြွေလက်ကောက်၊ မြွေဆွဲကြိုး၊



www.burmeseclassic.com

www.burmeseclassic.com



ရွှေနားကပ်၊ ရွှေခြေကျင်းများကိုယူဆောင်ကာ ကျွန်ုပ်ကို ပေးတတ်ပါသည်။ မိခင်ကြီးသည် ရွှေထည်ပစ္စည်းများကို ကျွန်ုပ် ထံတွင်တွေ့သောအခါ လွန်စွာ အံ့ဩသွားပြီး…။

"ဒီရွှေထည်ပစ္စည်းတွေ … ဘယ်ကရသလဲသမီး"

"တောင်ပို့ထဲကမြွေကြီးတွေကိုက်လာပြီး သမီးကို ပေးတာ"

"ဟင် … ဘယ်လိုပါလိမ့်"

မိဘနှစ်ပါးမှာ ထိုဖြစ်ရပ်ဆန်းကြောင့် အံ့ဩနေပါသည်။ ထိုနေ့ညက မိခင်ကြီးတွင် အိပ်မက်တစ်ခုမက်ပါသည်။ အိပ်မက် ထဲတွင် တောင်ပို့ထဲမှ မြွေကြီးတစ်ကောင်ထွက်လာသောအခါ မိခင်ကြီးမှာ ကြောက်လန့်တကြားဖြစ်နေပါသည်။ ထိုအခါ မြွေကြီးမှ…။

"အသင် … ဘာမှမကြောက်ပါနှင့်၊ ကျွန်ုပ်ရန်ပြုရ အောင် လာတာမဟုတ်ပါ၊ ဤပစ္စည်းများမှာ ကျွန်ုပ်၏ပစ္စည်း မဟုတ်ပါ၊ ဤသည်မှာ မြွေနတ်သမီးသခင်မ၏ ရတနာပစ္စည်း များ ဖြစ်ပေသည်။ ငယ်ရွယ်စဉ်ကလေးဘဝဖြစ်၍ ဤမျှသာ ပေးခြင်းဖြစ်ပါသည်။ အရွယ်ရောက်လာပါက ရတနာပစ္စည်း အမြောက်အများ ရရှိခံစားစေရမည်"





"ကောင်းလှပြီ"

ထိုသို့ပြောနေစဉ် အိပ်ရာမှ နိုးလာခဲ့ပါသည်။ အိပ်မက် အရ ကျွန်ုပ်သည် မြွေနတ်သမီးဝင်စားကြောင်း သိလာခဲ့ပါသည်။ ထိုသို့ဖြင့် ကျွန်ုပ်၏စားဝတ်နေရေးမှာ တစတစချောင်လည် လာပါသည်။ သို့သော် မမြင်ရသောကံကြမ္မာကြိုးဟ်ဆိုးကား စတင် ရိုက်ခတ်ခဲ့ပါသည်။ ဤသည်မှာ ကျွန်ုပ်အသက်နှစ်ဆယ်တွင် မိခင်ကြီးဆုံးပါးခဲ့ချေပြီ။

ထို့နောက် ကျွန်ုပ်တို့၏တိုင်းပြည်တွင် အခြားသောလူမျိုး များနှင့် ပဋိပက္ခဖြစ်ကာ မကိုလူမျိုးများ၏ကျူးကျော်စစ်ကြောင့် ကျွန်ုပ်တို့ရွာမှာ ပျက်စီးသွားခဲ့လေပြီ။ ထို့အပြင် မကိုစစ်သားများ ကား စစ်နိုင်သူပီပီ ချောမောလှပသည့်မိန်းကလေးများအား ကျူးလွန်ဖျက်ဆီးခြင်း၊ သားမယားအဖြစ် ကောက်ယူခြင်းတို့ ကြောင့် ကျွန်ုပ်တို့သားအဖမှာ ပြေးမိပြေးရာပြေးရင်း မြန်မာပြည် အတွင်းသို့ဝင်ရောက်ခဲ့ပါသည်။ ထိုသို့ ဝင်ရောက်ခဲ့ရာမှာ ကျွန်ုပ်တို့ သားအဖသည် မြန်မာပြည်နှင့်အိန္ဒိယပြည်တို့ ထိစပ်နေသည့် နယ်နိမိတ်၏အတွင်းပိုင်း မြန်မာပိုင်နယ်မြေဖြစ်သည့် "ခမ်းပတ် မြို့" တွင်အခြေစိုက်ကာ နေဖြစ်သွားပါသည်။

ခမ်းပတ်မြို့ကလေးကား မြန်မာလူမျိုး၊ ရှမ်းလူမျိုး၊



www.burmeseclassic.com

www.burmeseclassic.com



ချင်းလူမျိုး၊ လူရှိင်းလူမျိုးစသည်ဖြင့် လူမျိုးပေါင်းစုံနေထိုင်ပါသည်။ ထို့အပြင် ကျွန်ုပ်တို့၏အိန္ဒိယပြည်မှ ထွက်ပြေးသွားသည့် အဓာတသတ်၏မျိုးနွယ်များကား ခမ်းပတ်မြို့နှင့်မနီးမဝေးရှိ နွယ်ပတ်မြို့၌နေထိုင်ပါသည်။ နွယ်ပတ်မြို့ကား ကျွန်ုပ်တို့၏ တိုင်းပြည်မှာ ရာဇဂြိုဟ်မြို့နှင့်တူညီပြီး တောင်ငါးလုံးကာရံထားသည့်အတွက် နောင်သောအခါ"ရာဇဂြိုဟ်" မြို့ဟု အမည်ပေးခဲ့ပါသည်။

ကျွန်ုပ်ကား ရာဇဂြိုဟ်တွင် မနေလိုသည့်အချက်ရှိပါသည်။ အကြောင်းမှာ ၎င်းတို့အုပ်စုသည် အဖကိုသတ်သည့်မျိုးရိုးမှ ဆင်းသက်လာသဖြင့် ကျွန်ုပ်တို့ကိုလည်း သူတို့နှင့်လူမျိုးတစ်မျိုးတည်းဟု အထင်မှားမည်စိုးသည့်အတွက် ၎င်းမြို့၌မနေဘဲ မနီးမဝေးရှိ ခမ်းပတ်မြို့၌နေထိုင်ခဲ့ပါသည်။

ခမ်းပတ်မြို့ကလေးကား အေးချမ်းပြီး သာယာလှသည့်မြို့ကလေးတစ်မြို့ဖြစ်ပါသည်။ အများအားဖြင့် လူရှိင်းလူမျိုးအများဆုံးနေထိုင်ပါသည်။ ၎င်းတို့သည် ရိုးသားပြီးတောင်ယာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းကြပါသည်။

ကျွန်ုပ်ထံမှ ရွှေငွေအသင့်အတင့်ပါသော်လည်း ကျွန်ုပ်တို့သားအဖကား နယ်မြေခံမဟုတ်သဖြင့် လယ်ယာမြေမရှိချေ။





လယ်ယာမြေရှိသူများကလည်း ကျွန်ုပ်တို့အား လူမျိုးခြားဖြစ်၍ လယ်ယာမြေကိုမရောင်းသဖြင့် ၎င်းတို့၏လယ်ယာမြေတွင် စာရင်းငှားအဖြစ် ပင်ပန်းစွာလုပ်ကိုင်ခဲ့ရပါသည်။

ကျွန်ုပ်တို့လည်း စားဝတ်နေရေးအတွက် အလုပ်မလုပ်၍မဖြစ်သဖြင့် ဤသို့လုပ်ကိုင်စားသောက်ခဲ့ရပါသည်။ တစ်နေ့သောအခါ ဖခင်ကြီးရှိရာ လယ်တောသို့လိုက်လာစဉ် လယ်ကန်သင်းရိုး၌ ကောက်စိုက်သမတစ်ဦးကို မြွေကိုက်ခဲ့ပါသည်။

"ဟာ…ကောင်မလေးကို မြွေကိုက်သွားပြီ"

မြွေဟောက်လည်း ကန်သင်းရိုးပေါ်မှဖြတ်ကာ ပြေးသွားပါတော့သည်။ မြွေကိုက်ခံရသူကောင်မလေးမှာလည်း ကြောက်လန့်နေပါသည်။ လယ်တောနှင့်ရွာကား အလွန်ဝေးသေးသဖြင့် ရွာသို့ခေါ်သွားလျှင် လမ်းတွင်မြွေဆိပ်တက်ကာ အသက်အန္တရာယ်ဆုံးရှုံးသွားနိုင်ပါသည်။ ကောင်မလေးမှာ ကြောက်လန့်ပြီးသတိလစ်ကာလဲကျသွားပါတော့သည်။

ထို့ကြောင့် ကျွန်ုပ်သည် ထိုကောက်စိုက်သူမအား ကြင်နာ သနားစွာကြည့်နေစဉ် ကျွန်ုပ်၏နားထဲတွင် အသံတစ်သံကြားလိုက်ရပါသည်။ ဤသည်ကား …။

"မြွေနတ်သမီးသခင်မ … သူမကို ဆေးအမြန်ဆုံးကုသပေးပါလော့"



www.burmeseclassic.com

www.burmeseclassic.com



ပထမတွင် ကျွန်ုပ်၏ကြင်နာ နားစိတ်ကြောင့် ဤသို့ဖြစ်သည်ဟုထင်မိပါသည်။ ဤတွင် နောက်ထပ်အသံတစ်သံ ထပ်မံကြားရပါသည်။

"မြွေနတ်သမီးသခင်မ၊ တွေဝေမနေပါနှင့်၊ မြွေဆိပ်ကို လက်နှင့်သပ်ချပြီး အမြန်ဆုံးအသက်ကယ်ပေးပါ"

"ကောင်းပြီ ... ကောင်းပြီ"

ကျွန်ုပ်လည်း ထိုသူမထံသို့အမြန်ဆုံးသွားပြီး လက်နှင့်သပ်ချကာ...

"မြွေဆိပ်ဟူသမျှ အားလုံးပျောက်ကင်းပါစေ"

ဟုဆိုကာ သုံးကြိမ်သုံးခါ ပြောလိုက်ပါသည်။

ထိုစဉ် ...။

"အဟင်း ... အဟင်း" ဟူသောအသံနှင့်အတူ ကောက်စိုက်သူမလေးသတိရလာပြီး မြွေကိုက်သည့်နေရာမှ သွေးမည်းမည်းကြီးများ ထွက်လာပါသည်။

ကျွန်ုပ်သည် ထိုသွေးမည်းများကိုညှစ်ချရာ နောက်ဆုံး သွေးနီနီရဲရဲများ ကျလာပါသည်။ ထိုသွေးနီရဲရဲများကို မြင်လိုက်သည်နှင့်တပြိုင်နက် မြွေဆိပ်များကင်းရှင်းသွားကြောင်း သိလိုက်ပါသည်။

ကောက်စိုက်သူမလေးမှာလည်း ကောင်းစွာသတိရပြီး





ပြန်လည်ကောင်းမွန်လာပါသည်။

"အသင်ပေးတဲ့အသက်ပဲရှိပါတော့တယ်၊ အသင့်ကို ကျွန်မ ကျေးဇူးအထူးတင်ပါတယ်"

"ကိစ္စမရှိပါဘူး၊ ကျွန်မတတ်တဲ့ပညာနဲ့ ကုသပေးတာပါ"

"ဒါနဲ့ ရှင့်နာမည် ဘယ်လိုခေါ်ပါသလဲ"

"ကျွန်မနာမည် "မြွေနတ်သမီးသခင်မ ဂျူနက်" တဲ့"

"ရှင်"

ဤနာမည်ကို ကျွန်ုပ်က တမင်ပြောလိုက်ခြင်းမဟုတ်ပါ၊ သူ့ အလိုလို ကျွန်ုပ်၏နှုတ်လွှတ်ကနဲထွက်သွားသည့် နှုတ်ထွက်စကားပင်ဖြစ်ပါသည်။ ကောက်စိုက်သူမလေးကလည်း ကျွန်ုပ်၏ ဆန်းသစ်သောအမည်ကြောင့် "ရှင်" ဟူသည့်အာမေဋိတ်သံ ထွက်ပေါ်လာပါသည်။

သို့သော်လည်း ထိုကောက်စိုက်သူမလေး၏သတင်းဖြန့်မှုကြောင့် ကျွန်ုပ်အား 'မြွေနတ်သမီးသခင်မ" ဟူသောအမည်မှာ ထိုရွာမှတစ်ဆင့် ရွာနီးချုပ်စပ်သို့တိုင်အောင် ကျော်စောသတင်းဖြစ်ရပါသည်။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)
## မြွေနတ်သမီး၏ ချစ်ညှိုးမှုန်းမာန်

ခမ်းပတ်မြို့၏မြွေနတ်သမီးသခင်မ ဂုဏ်သတင်းကား ကျော်စောလှပါသည်။ မြွေနတ်သမီးသခင်မကား မြွေသာမက အဆိပ်ရှိသောသတ္တဝါအမျိုးမျိုး၏အဆိပ်ကို နိုင်နင်းစွာ ကုသနိုင်သူ ဖြစ်ပါသည်။ ဆေးကုရာတွင် ကျော်စောသတင်းကြီးမားသကဲ့သို့ သူမ၏အလှဂုဏ်သတင်းကလည်း ကျော်စောလှပါသည်။

အသက်နှစ်ဆယ့်ငါးနှစ်အရွယ် ကလျာဖူးစသစ်…။

သူမ၏အလှကား ဆိုဖွယ်ရာမရှိ၊ ကြည်လင်တောက်ပသော မျက်လုံးအစုံတွင် မျက်နက်ဝန်း၏အလှကား ပေါ်လွင်လှပါသည်။ ထိုမျက်လုံးအစုံတွင် ရှည်လျားသော ကော့ရွန်းနေသည့်မျက်တောင် တစ်စုံ…။

ထို့အပြင် ဖြောင့်စင်းသောနှာခေါင်း…။ နီထွေးသော လေးကိုင်းသဏ္ဌာန်နှုတ်ခမ်းတစ်စုံ၊ အိန္ဒိယလူမျိုးဟု ဆိုသော်လည်း နုနုရွရွရှိပြီး ဖြူစင်ဝင်းမွတ်သည့်အသားအရေ၊ ထိုမှ ခါး၊ တင်၊





င်အစရှိသော အချိုးအစားကျနပြီးလှပသည့်ခန္ဓာကိုယ်…။

ထို့ကြောင့် ကျွန်ုပ်အား ကာလသားတော်တော်များများက ချစ်ခင်စွဲလန်းခဲ့ပါသည်။ ကျွန်ုပ်ကား ထိုသူများထဲမှ မည်သူ့ကိုမျှ တ်မဝင်စားပေ။ ကျွန်ုပ်၏စိတ်ကား ပကတိတည်ငြိမ်လျက် ပါသည်။ လူသားများအပေါ်တွင် အမုန်းစိတ်မရှိသလို အချစ် တ်လည်းမရှိပါ။ မြွေကိုက်ခံရသူများအပေါ် စိုးရိမ်စိတ်သာ ပါသည်။ ကျွန်ုပ်ထံသို့ ရောက်လာသူများ၏အသက်ကိုပြန်လည် ကာင်းမွန်စွာ မကယ်တင်နိုင်မှာကို စိုးရိမ်မိပါသည်။

ကျွန်ုပ်ထံသို့ရောက်လာသည့် လူနာအားလုံး၏အသက်ကို ယ်တင်လိုသောဆန္ဒ အပြည့်အဝရှိပါသည်။ အချို့ကား အချိန်မီ ရောက်လာသည့်အတွက် ကုသရန်လွယ်ကူသော်လည်း အချို့မှာမူ ား အချိန်ကြာမြင့်မှရောက်လာသဖြင့် မြွေဆိပ်များတစ်ကိုယ်လုံး ပြန့်ကာ အသက်ငွေ့ငွေ့သာကျန်မှရောက်လာသူလည်း ရှိတတ်ပါ သည်။ ထိုလူနာမျိုးကား ကျွန်ုပ်၏စိတ်တွင် အလွန်ပင်ပန်းစွာ ကုသရသည့်လူနာမျိုးပင် ဖြစ် ပါသည်။

ကျွန်ုပ်သည် လူနာမရှိသောအချိန် … အထူးသဖြင့် ညနေစောင်းတွင် ကျွန်ုပ်၏အိမ်ရှေ့သို့ထွက်ကာ အိမ်အနီးရှိ မ်းလျှောက်ထွက်ရင်း နေမင်းကြီး၏နေဝင်ဆည်းဆာအလှကို



www.burmeseclassic.com

www.burmeseclassic.com



ခံစားလေ့ရှိပါသည်။

ထိုညနေခင်းတစ်ခုတွင် နေဝင်ဆည်းဆာအလှနှင့်အတူ ထိုသူကို ကျွန်ုပ်တွေ့ရှိခဲ့ပါသည်။ ထိုသူကား လုလင်ပျိုတစ်ယောက်။ ထွားကျိုင်းလှသည့်ခန္ဓာကိုယ်၊ အရပ်အမောင်းမြင့်မားပြီး ထွားကျိုင်းသည့် ရင်အုပ် ကြီးကို သူ၏ကျိုင်းပြတ်အင်္ကျီရှေ့အကွဲမှ ကောင်းစွာမြင်တွေ့ခဲ့ရ၏။ ယောကျ်ားပီသသော လုလင်ပျိုတစ်ဦး၏ဟန်ပန်မှာ ယာတောမှ အလုပ်သိမ်းအပြီး ပြန်လာပုံရပါသည်။

သူ၏နံဘေးတွင် ချစ်စဖွယ်အမျိုးသမီးငယ်ကလေးလည်း ပြုံးရွှင်စွာစကားပြောရင်း လိုက်ပါလာခဲ့ပါသည်။ ကျွန်ုပ်ကား လူနာများနှင့်သာအချိန်ကုန်ခဲ့ရသဖြင့် ပြုံးရွှင်ခြင်းလည်းမရှိ စိတ်ညစ်ခြင်းလည်း မရှိပါ။ အချစ်၏ကြင်နာတတ်သော အသဲနှလုံးမှပေါက်ဖွားလာသည့် နူးညံ့သောမေတ္တာတရားကိုလည်း မခံစားတတ်ခဲ့ပါ။ ဖခင်ကြီးသည် ကျွန်ုပ်အား ချစ်သည်ဆိုသော်လည်း ဖခင်နှင့်သမီးဖြစ်၍ လက်ပွန်းတတည်းမနေဖြစ်ခဲ့ပေ။ မိခင်ကြီးရှိစဉ်က ကျွန်ုပ်အပေါ်လွှမ်းစွာယုယစွာ ချစ်ခင်ပြီး နွေးထွေးသောချစ်ခြင်းမေတ္တာရိပ်တွင် ချမ်းမြေ့သောပီတိအဟုန်ကို ခံစားရသော်လည်း ယခုအခါတွင် မိခင်ကြီးမရှိတော့သည့်အတွက် နွေးထွေးသောမေတ္တာနှင့် ဝေးခဲ့ရပါပြီ။





လူနာများနှင့် အလုပ်ရှုပ်နေချိန်တွင် ကျွန်ုပ်၏စိတ်မှာ လူနာများအပေါ်တွင်ရှိနေသဖြင့် ကျွန်ုပ်၏အထီးကျန်သောစိတ်ကို သိခဲ့ချေ။ ယခုအခါ လူညိုထွားကြီးနှင့်အမျိုးသမီးငယ်ကလေးတို့၏ ချစ်စဖွယ်ဟန်ပန်အပြုအမူကို မြင်ရသောအခါ ကျွန်ုပ်စိတ်တွင် ကြည်နူးပျော်ရွှင်ခြင်း ဖြစ်ခဲ့ပါသည်။

အဘယ်ကြောင့် သူတို့ကိုကြည့်ရင်း ကျွန်ုပ်ပျော်ရွှင်ရသနည်း။ ကျွန်ုပ်သေချာစွာမသိပါ။ ကျွန်ုပ်၏အသိတွင် သူတို့နှစ်ဦး၏အပျော်ကလေးများ ကျွန်ုပ်ထံသို့ကူးစက်လာသည်ဟုထင်မိပါသည်။ ထို့ကြောင့် စိတ်မပျော်သည့်အခါတိုင်း သူတို့နှစ်ဦး၏အပြန်ခရီးကို ကျွန်ုပ်စောင့်မျှော်၍ ကြည့်မိပါသည်။ သူတို့ကိုတွေ့လိုက်သည်နှင့် ကျွန်ုပ်လည်း ပျော်ရွှင်လာပါသည်။ ကြာသောအခါ သူတို့၏အပြန်ခရီးကို ကျွန်ုပ်မကြည့်ဘဲ မနေနိုင်အောင် ဖြစ်ခဲ့ရပါသည်။

"သူတို့ကို ဘာကြောင့်ငါမကြည့်ဘဲ မနေနိုင်ဖြစ်ရသောက်အောင် စွဲလန်းနေပါလိမ့်"

"သူတို့ကိုသာ ငါစွဲလန်းနေတာ၊ သူတို့ကလည်း ငါ့ကိုသိ၊ ရှိတယ်လို့တောင် သတိထားမိမှာမဟုတ်ဘူး"

သူတို့နှစ်ယောက်ကိုကြည့်ရင်းကြည့်ရင်း ကျွန်ုပ်သည်း



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို အားကျကာ ပျော်ရွှင်စွာနေလိုလှပါသည်။ အထူးသဖြင့် လူညိုထွားလုလင်ပျို့ကို ကျွန်ုပ်တစ်စတစ်စ စိတ်ဝင်စားလာခဲ့မိပါသည်။

တစ်ခါတစ်ရံ ··· ကျွန်ုပ်၏အိပ်မပျော်သောညများတွင် လူညိုထွားလုလင်ပျို့သည် ကျွန်ုပ်မဖိတ်ခေါ်လင့်ကစား ကျွန်ုပ်၏အတွေး စိတ်ထဲသို့ရောက်လာခဲ့ပါသည်။ ထိုအတွေးစိတ်မှတစ်ဆင့် ကျွန်ုပ်၏ အိပ်မက်ထဲသို့ တစ်စတစ်စ ဝင်ရောက်လာခဲ့ပါသည်။ ကျွန်ုပ်၏ နှစ်လိုဖွယ်အိပ်မက်ပုံရိပ်တစ်ခု ···။

လူညိုထွားနှင့် ကျွန်ုပ်တို့ ယာတောထဲတွင် အသီးအနှံများကို ဆွတ်ယူနေကြပါသည်။ ဤတွင် မိုးသက်မုန်တိုင်းကြီး တိုက်ခတ်လာသည့်အတွက် လူညိုထွား၏ရင်ခွင်တွင် ဝင်ရောက်ပုန်းခဲ့ရပါသည်။ ဤတွင် အချစ်၏နူးညံ့သောအတွေ့အထိကြောင့် သူနှင့်ကျွန်ုပ် ချစ်သူ များဖြစ်သွားခဲ့ပါသည်။ တောင်ယာမှအပြန်တွင် သူနှင့်ကျွန်ုပ် ပြုံးရွှင်စွာစကားပြောပြီး ပြန်လာခဲ့ကြပါသည်။ ကျွန်ုပ်တွေ့နေကျဖြစ်သည့် ကောင်မလေးနေရာတွင် ကျွန်ုပ်ဖြစ်နေပါသည်။

ပျော်လိုက်သည့်ဖြစ်ခြင်း···။ ဤသို့သောအပျော်မျိုးမှာ ကျွန်ုပ် တစ်ခါမှမခံစားဖူးသည့် အပျော်ကလေးတစ်ခုပင်။





ပ်မက်မှ နိုးထသော်လည်း ကျွန်ုပ်သည် ဤအိပ်မက်ကို က်မက်ချင်နေသေးသည့် အထိ စွဲလန်းနေပါသည်။

နောက်တစ်နေ့တွင် ထိုလူညိုထွားတို့စုံတွဲကို ညနေည်းဆာအလှအောက်တွင် တွေ့လိုက်ရပါသည်။ ကျွန်ုပ်သည် ညိုထွားဘေးမှ ကောင်မလေးရဲ့ ပြုံးရယ်နေသော မျက်နှာကို တွေ့ရသောအခါ သူမအစား ကျွန်ုပ်ကိုယ်တိုင်ပင် ဖြစ်ချင်လှပါည်။ ဤသည်မှာကျွန်ုပ်၏သူမအပေါ် ထားရှိသော မနာလိုဝန်တိုတ်ပင် ဖြစ်ကောင်းဖြစ်ပေမည်။ ကျွန်ုပ်သည် သူတို့စုံတွဲကို တ်ဝင်စားလာသည်နှင့်အမျှ စုံစမ်းရာလူရှိင်းအမျိုးအနွယ်စ်သည့်ဂျာထန်နှင့် ရှယ်နူးတို့ချစ်သူစုံတွဲများဟု သိရပါသည်။

ကျွန်ုပ်လည်း သူတို့စုံတွဲကြည့်လေ၊ မနာလိုစိတ်များင်းထန်လာလေလေဖြစ်နေပါသည်။ ကျွန်ုပ်၏မကောင်းသောရိယစိတ်ကိုချိုးနှိမ်ကာ သူတို့စုံတွဲကိုမကြည့်ဖြစ်အောင်ရှောင်ရှားပါသည်။ သည်လို နှင့်ပင် ၄င်းတို့စုံတွဲကို ကျွန်ုပ်မေ့သွားလိမ့်ည်ဟု ယုံကြည်မိပါသည်။

ဤအခါတွင် ညနေရောက်တိုင်း ကျွန်ုပ်စိတ်ညစ်ရတော့သည်။ မကောင်းသောစိတ်ကို အသိတရားချိုးနှိမ်ပါသော်သည်း ထိုအချိန်ရောက်တိုင်း သူတို့စုံတွဲကိုကြည့်လိုစိတ်ကဖြစ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာပါသည်။ တစ်ခါတစ်ရံ ချိုးနှိမ်ထားသော်လည်း ကျွန်ုပ်၏စိတ်ကို ကျွန်ုပ်မနိုင်၍ချောင်း ကြည့်မိပါသည်။ သူမ၏အပြုံးသည် ကျွန်ုပ်၏ရင်ကို ပြင်းထန်စွာ ရိုက်နှက်သည့်အလား နာကျင်လာပါသည်။

သူမ၏ဘဝကိုပြောင်းလဲယူ၍ရလျှင် ပြောင်းလဲယူလိုက်ချင်ပါသည်။ ဘယ်လိုအခက်အခဲ အတားအဆီးများရှိပါစေ၊ သူမဘဝကို ကျွန်ုပ်ခဏသာရခဲ့ပါမူ ဤဒုက္ခအားလုံးကို ရယူရသော်လည်း ကျွန်ုပ်ဘဝအတွက် တဒင်္ဂကြည်နူးမှုကို ကျွန်ုပ်ရယူချင်ပါသည်။

သို့သော်လည်း စိတ်ရိုင်းကိုထိန်းချုပ်နိုင်မှုအသိပညာဖြင့် ထိန်းသိမ်းခဲ့ပါသည်။ ဤသို့ ဆင်ခြင်ရင်း ... ဆင်ခြင်ရင်း ကျွန်ုပ်သည် သူတို့စုံတွဲကို မကြည့်မိအောင် ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။

ကျွန်ုပ်၏စိတ်ကိုထိန်းချုပ်နိုင်ပြီဟုဆိုပြီး အဆွေးစိတ်ကို ဖြေသိမ့်ခဲ့ပါသည်။ အကယ်၍သာ ကံကြမ္မာသည် ကျွန်ုပ်အတွက် မျက်နှာသာမပေးခဲ့သော် ကျွန်ုပ်၏ကျမ်းစာသည် ဖြစ်ပေါ်လာနိုင်ဖွယ်မရှိပါ။

ကံကြမ္မာဆိုသည်ကား လုပ်ယူ၍မရသလို ဖန်တီး၍





မျက်၍လည်း မရပါ။ သို့သော်လည်းကျွန်ုပ်တို့ကား သူ၏စေရာအတိုင်း လိုက်နာခဲ့ရပါသည်။

အဆွေးစိတ်တို့ဖြင့် အနယ်ထိုင်ကာစအချိန် ...။

ကံကြမ္မာမုန်တိုင်းကား စတင်တိုက်ခိုက်ခဲ့လေပြီ...။

ကျွန်ုပ်တို့နေထိုင်ရာ ခမ်းပတ်မြို့တွင် ယခုတလော လူစိမ်းများဝင်ရောက်လာသည်ကို သတိထားခဲ့မိပါသည်။ ဈေးနေ့များတွင် မျက်နှာစိမ်းဈေးသည်များ၊ များပြားလာသကဲ့သို့ အရပ်မျိုးစုံမှဈေးဝယ်လာသူများကိုလည်း အများအပြား တွေ့ရှိရပါသည်။ လရောင်အနည်းငယ်ရှိသောညတစ်ည...။

မြင်းခွာသံသဲ့သဲ့ကိုစတင်ကြားလိုက်ရပါသည်။ထိုမှ တစတစ မြင်းခွာသံများ ကျယ်လောင်စွာကြားလိုက်ရပါသည်။ ထို့နောက် ...။

“မီးလောင်နေပြီ”

“မီးလောင်နေပြီ”

ဟူသောအသံများကို ဆူညံစွာကြားလိုက်ရသည့်အတွက် မြို့သူမြို့သားများလည်း အပြေးအလွှားထွက်ကြည့်ရာ ရန်သူများ၏မီးတုတ်ပစ်တင်မှုကြောင့် အိမ်အများအပြား မီးလောင်နေပြီ။

လူအများမှာလည်း တစ်မြို့လုံးလိုလို မီးလောင်နေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မီးငြိမ်းသတ်ရန်မတတ်သာဘဲ မိမိတို့၏လက်ဝတ်ရတနာပစ္စည်း များကို အရယူကာ ပြေးမိပြေးရာပြေးခဲ့ကြပါသည်။ ထိုလူစုထဲ တွင် ဂျာထန်လည်းတစ်ယောက်အပါအဝင်ဖြစ်ပါသည်။ ဂျာထန် သည် မိမိတို့အိမ် မီးစွဲနေသဖြင့် ငွေစအနည်းငယ်ကို အရယူကာ ရွှယ်နူးတို့အိမ်ဘက်သို့ အပြေးလာခဲ့ပါသည်။ ရွှယ်နူးတို့အိမ်မှ အိမ်သားတစ်ယောက်မှမတွေ့ ရွှယ်နူးကိုလည်းမတွေ့ရပေ။

"ရွှယ်နူး … ရွှယ်နူး"

ထိုသို့ဟစ်အော်ရင်း ရွှယ်နူးတို့အိမ်ထဲသို့ ဝင်ရောက်ကြည့် ရှုခဲ့ပါသည်။

"ရွှယ်နူးရေ … ရွှယ်နူး"

တစ်ခန်းဝင်တစ်ခန်းထွက်ရှာကြည့်သော်လည်း မတွေ့ ရပေ။

"အင်း ရွှယ်နူးတို့က အရင်ပြေးသွားပြီနဲ့တူတယ်"

ရွှယ်နူးကိုမတွေ့ရသောအခါမှ ရွှယ်နူးတို့အားလုံး ထွက်ပြေးသွားမှန်း သိလိုက်ပါသည်။

ထိုစဉ်မြင်းခွာသံများကို ထပ်မံကြားရပါသည်။ မီးလောင် ၍ ထွက်ပြေးနေသည့်လူများထံမှ ပစ္စည်းများကို လုယက်ယူငင် နေကြပါသည်။ ဂျာထန်လည်း အင်အားမမျှသည့်အတွက် ၎င်းတို့





နှင့်လွတ်ရာသို့ပြေးရင်း ရွှယ်နူးကို ရှာဖွေနေပါတော့သည်။

ထိုသို့ဖြင့်အပြေးအလွှားရှာဖွေနေစဉ် ကျွန်ုပ် မြွေနတ် သမီး၏အိမ်ရှေ့တွင် မြင်းစီးလူဆိုးများသည် ကျွန်ုပ်၏ရွှေငွေ ရတနာပစ္စည်းဥစ္စာများကိုဆွဲယူသူကဆွဲ၊ ကျွန်ုပ်အား လူဆိုးတစ်စုမှ မြင်းပေါ်သို့တင်သူတင်နှင့် ရှုပ်ထွေးနေပါတော့သည်။ ဤတွင် ဂျာထန်ရောက်လာပြီး…။

"ဟာ … မြွေကိုက်ရင် ဆေးကုပေးတဲ့ မြွေနတ်သမီးကို ဆွဲလားရမ်းလားလုပ်နေပါလား"

"ငါ…ဝင်ကယ်မှဖြစ်မယ်၊ ငါတို့နဲ့တစ်မြို့ထဲနေတဲ့ မိန်းကလေးတစ်ယောက်ကို အနိုင်အထက်ပြုကျင့်နေတာ လက် ပိုက်ပြီး ကြည့်မနေနိုင်ဘူး၊ ဝင်ကယ်မှပဲ"

ဂျာထန်သည် လူဆိုးများရှိရာသို့အပြေးသွားပြီး မျက်နှာကို လက်သီးနှင့်ထိုးလိုက်ပါသည်။

"ခွပ်"

"ခွပ်"

ဤတွင် ထိုလူဆိုးမှာ မြင်းပေါ်မှကျသွားပါသည်။ ထိုသို့ အခြေအနေရှုပ်ထွေးနေစဉ် အခြားလူဆိုးက ဓားဖြင့်ခုတ်ပိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



စားချက်ကို လုပစ္စာရှောင်တိမ်းကာ ထိုစားကို လုယူပြီး လူဆိုး… ခုတ်လိုက်ရာ သွေးများဖြာကနဲထွက်လာပြီး မြင်းပေါ်မှပြုတ်ကျ… သွားပါသည်။ ထိုအချင်းအရာကိုမြင်သောအခါ လူဆိုးတစ်ဦး… သည် ကျွန်ုပ်ကိုထားခဲ့ကာမြင်းစီး၍ နောက်သို့ပြန်ပြေးသွား… သည်။ ထိုသူကား အနောက်ဘက်ရှိလူဆိုးအုပ်စုထံသွားရောက်… အကြောင်းကြားခဲ့ခြင်းဖြစ်ပါသည်။ အနောက်မှ အရှေ့သို့ပြေးလာ… သည့်ဂျာထန်မှာ အနောက်ဘက်တွင်လူဆိုး အုပ်စုများရှိကြောင်း… သိ၍ ကျွန်ုပ်အားမြင်းပေါ်သို့ဆွဲတင်ကာ ဘေးလွတ်ရာသို့ မြင်းစီး… ကာ ထွက်ပြေးသွားပါတော့သည်။

လရောင်နှင့် မီးရောင်အောက်တွင် ကျွန်ုပ်အား လာ… ရောက်ကယ်တင်သူမှာ လူညိုထွားဂျာထန်ဖြစ်ကြောင်း သိလိုက်… ပါသည်။ သို့သော်လည်း နောက်မှရန်သူများလိုက်လာမည်… စိုးသည့်အတွက် မည်သည့်စကားမှ မပြောနိုင်ပေ။

လူညိုထွားဂျာထန်၏ရင်ခွင်ထဲသို့ ရောက်ခဲ့ပါပြီ… သူ၏နှလုံးခုန်သံကိုပင် ကြားနေရပါသည်။ နွေးထွေးသော… ရင်ငွေ့၏အတွေ့အထိကိုသိရှိစွာ ခံစားလိုက်ရပါသည်။ ကျွန်ုပ်… ဘဝတွင် မည်သည့်အခါမျှ လူညိုထွား၏ရင်ခွင်တွင် နေခွင့်…





မည်ဟု မမျှော်မှန်းခဲ့ပေ။ မမျှော်မှန်း သောဘာဝကို တခဏခိုလှုံခွင့် ရခဲ့ပါသည်။

နောက်သို့လှည့်ကြည့်ရာ ကျွန်ုပ်တို့နောက်သို့ ရန်သူများ လိုက်လာနေသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် လူညိုထွားဂျာထန်သည် ကျွန်ုပ်အားရင်ခွင် ထဲတွင်ထားကာ မြင်းကိုဒုန်းစိုင်းကာစီးနှင်းခဲ့ပါသည်။ ထိုသို့ဖြင့် မကြာမီ မြို့ပြင်သို့ရောက်ရှိလာပါသည်။ နောက်မှလိုက်လာသည့် မြင်းခွာသံများကို ကြားနေရသဖြင့် ကျွန်ုပ်တို့နောက်မှ ထပ်ချပ် မကွာလိုက်နေသည့် အသံများဖြစ်ကြောင်း ကောင်းစွာသိလိုက် ပါသည်။ သည်အတိုင်း ပြေးနေလျှင် လွတ်မြောက်နိုင်မည် မဟုတ်ပေ။

"ကျွန်တော်တို့ ဒီအတိုင်းဆက်ပြေးနေရင် လွတ်မှာ မဟုတ်ဘူး၊ သူတို့ကို လှည့်စားမှဖြစ်မယ်"

ဂျာထန်က ဤသို့ပြောလိုက်ပါသည်။

"ဒါဆို ဘယ်လိုလုပ်ရမလဲ"

"ကျွန်တော်တို့ ဒီခြုံပုတ်ထဲမှာ ဝင်ပုန်းမှဖြစ်မယ်"

"ဒါဆို မြင်းကရော"

"မြင်းရဲ့တင်ပါးကိုရိုက်လိုက်ရင် မြင်းကလန့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်ပြေးသွားလိမ့်မယ်၊ မပူပါနဲ့"

"ဒါဆို ရှင်ကောင်းသလို လုပ်ပါ"

"ဟုတ်တယ်၊ အချိန်မရှိတော့ဘူး၊ မြင်းပေါ်ကဆင်းလိုက်တော့"

ဂျာထန်နှင့်ကျွန်ုပ် မြင်းပေါ်မှခုန်ဆင်းလိုက်ပါသည်။ ထို့နောက် မြင်း၏တင်ပါးကို ဂျာထန်ကရိုက်လိုက်ရာ မြင်းမှာ အမှောင်ထုအတွင်း ပြေးဝင်ပျောက်ကွယ်သွားပါတော့သည်။

ကျွန်ုပ်တို့နှစ်ဦးမှာလည်း ခြုံပုတ်အတွင်းသို့ အလျှင်အမြန် ပြေးဝင်လိုက်ပါသည်။ ခြုံပုတ်မှာ လူတစ်ယောက်ပုန်းအောင်းရန် နေရာရှိသဖြင့် လူဆိုးများမမြင်နိုင်ရန် ကျွန်ုပ်အား ဂျာထန်မှ ဖက်ထားလိုက်ပါသည်။ နောက်မှလိုက်လာသည့် ရန်သူများမှာ ကျွန်ုပ်နှင့်တကွ ကျွန်ုပ်၏ရတနာပစ္စည်းများကို ရယူလိုသည့်အတွက် သည်းသည်းမည်းမည်းလိုက်လံ ရှာဖွေနေခြင်း ဖြစ်ပါသည်။ ကြောက်မက်ဖွယ်ရန်သူတစ်သိုက်နှင့် ခြောက်ခြားဖွယ်ညတစ်ညတွင် ကျွန်ုပ်ကား ဂျာထန်၏ရင်ခွင်အတွင်းသို့ ရောက်ရှိနေပါသည်။ တဒိတ်ဒိတ်ခုန်နေသော ရင်ခုန်သံတို့နှင့်အတူ နွေးထွေးသောအထိအတွေ့များ . . .။

ကျွန်ုပ်တို့၏အနားသို့ ရန်သူများရောက်ရှိလာခဲ့ပါသည်။





တင်ပါး ကိုရိုက်လိုက်သည့်မြင်းမှာလည်း ၄င်း၏အဖော် မြင်းဟီသံကိုကြားသည်နှင့်တပြိုင်နက် ရောက်ရာနေရာမှ ပြန်လှည့်လာပါတော့သည်။ မြင်းအလွတ်တစ်စီးပြန်လာခဲ့ပါပြီ။

ဒင်းတို့ သိလိုက်ပါပြီ . . . ကျွန်ုပ်တို့ ဝေးဝေးသို့မပြေးနိုင်။

ဤအနီးအနားမှာပဲရှိနေမှန်း သိချိန်တွင် . . .။

"ဟောကောင်နဲ့ကောင်မ ထွက်ခဲ့စမ်း၊ မထွက်လို့ကတော့ အသေပဲ"

ဒင်းတို့မိုက်ရိုင်းသောရန်သူများဖြစ်ချေပြီ။ ကျွန်ုပ်သည်းမခံနိုင်တော့ပေ။ ကျွန်ုပ်၏ဒေါသ ပြင်းထန်စွာထွက်ပေါ်ခဲ့ပါသည်။ ဤမျှ မိုက်ရိုင်းသောစကားကို ကျွန်ုပ်လက်မခံနိုင်ပေ။ ကျွန်ုပ်ဒေါသထွက်လွန်း၍ တစ်စုံတစ်ခုကို ရွတ်ဆိုလိုက်ရာ . . .။

ဤတွင် ၄င်းတို့အနီးသို့မြွေများ လွန်စွာလူး၍ ထွက်လာကြပါသည်။

"ဟာ . . . မြွေတွေ . . . မြွေတွေ . . . အများကြီးပဲ"

"လာကြ . . . လာကြ . . . ပြန်ကြမယ်၊ ရတနာမရခဲ့ မြွေကိုက်ခံနေရဦးမယ်"

ထိုသို့ပြောဆိုကာ မြင်းပေါ်သို့ခုန်တက်ပြီး နောက်သို့ပြန်



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကာ စီးနင်းသွားပါတော့သည်။ အတန်ကြာမှ ကျွန်ုပ်တို့လည်း ခြုံပုတ်ထဲမှထွက်လာခဲ့ပါသည်။

"ရှင့်နာမည် ဂျာထန်မဟုတ်လား"

"ဟုတ်ပါတယ်"

"ရှင်ဟာ စိတ်ထားဖြူစင်ပြီး တစ်ပါးသူဒုက္ခရောက်နေတာကို ကူညီလိုတဲ့စိတ်ရှိတယ်၊ ကျွန်မကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဒါကတော့ ခင်ဗျားနဲ့ ကျွန်တော်တို့ဟာ တစ်မြို့တည်းသားတွေပဲ၊ ကူညီရမှာပေါ့"

"ရန်သူတွေလည်း ပြန်သွားပြီထင်တယ်"

"ဟုတ်တယ်၊ ကျွန်တော်တို့ မြို့ထဲကို ပြန်သွားကြရအောင်"

ကျန်ရစ်ခဲ့သော မြင်းအလွတ်ကိုတက်စီးကာ မြို့ထဲသို့ပြန်လာခဲ့ပါသည်။ မြို့ထဲသို့ဝင်လာပြီး မကြာမီတွင်လူအုပ်စုတစ်စု ဆူဆူညံညံပြောဆိုနေကြသဖြင့် အနီးသို့သွားကြည့်ရာ ...။

"ဟာ ... ရွှယ်နူးပါလား"

ဂျာထန်မှာ မိမိ၏ချစ်သူ ရွှယ်နူးတစ်ယောက်လဲကျနေသည်ကိုတွေ့ရသည့်အတွက် လွန်စွာစိုးရိမ်သွားပါတော့သည်။





"ရွှယ်နူး ဘာဖြစ်လို့လဲ"

"ရွှယ်နူးလေ ... လူဆိုးတွေလာတုန်းက လယ်ကွင်းတွေဆီကို ထွက်ပြေးတာ မြွေကိုက်သွားလို့"

"ဟာ ... ဒုက္ခပါဘဲ"

ဂျာထန်မှာ ရွှယ်နူးတစ်ယောက် မြွေကိုက်ခံရကြောင်း သိသည့်အတွက် လွန်စွာစိတ်ပူပင်သွားပါသည်။

"သခင်မ ဂျနက်ဒေဝီ၊ ရွှယ်နူးဟာ ကျွန်တော်ရဲ့ချစ်သူပါ၊ သူ့ရဲ့အသက်ကို ကယ်တင်ပေးပါ"

ဂျာထန်က ဒူးထောက်ကာ တောင်းပန်လိုက်ပါသည်။

"ရှင်ဟာ ကျွန်မရဲ့ကျေးဇူးရှင်ပဲ၊ ရှင့်ရဲ့ချစ်သူဆိုတော့ ကျွန်မကယ်တင်ပါမည်၊ ကျွန်မရဲ့အိမ်ဆီသို့ သယ်ဆောင်သွားပါလော့"

ကျွန်ုပ်၏စကားအတိုင်း ကျွန်ုပ်၏အိမ်ဆီသို့ ရွှယ်နူးကို သယ်ဆောင်သွားပါသည်။ ထိုစဉ်က ကျွန်ုပ်၏အိမ်ခေါင်မိုးများမှာ မီးလောင်ခဲ့သော်လည်း ပင်မအိမ်ကို မီးမလောင်သဖြင့် ရွှယ်နူးကို ကျွန်ုပ်၏အိမ်၌ဆေးကုသပေးခဲ့ပါသည်။

မကြာမီ ရွှယ်နူးသတိရလာခဲ့ပါသည်။

"ဟော ... ရွှယ်နူး သတိရလာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဂျာထန်က ဝမ်းသာအားရပြောလိုက်ပါသည်။ ဤတွင် ကျွန်ုပ်မှ…။

"ရှယ်နွး … မသေတော့ပါဘူး၊ အဆိပ်တွေအားလုံး ကုန်သွားပါပြီ"

"ဒါဆို ရှယ်နွးမသေတော့ဘူးပေါ့"

"ဟုတ်ပါတယ် ဂျာထန်"

"ကျေးဇူးတင်ပါတယ် သခင်မ"

"အသင်ရဲ့ကျေးဇူးကား ဒီထက်များပါသည်။ ယခု ကျေးဇူးတရားကား ဤမျှမဟုတ်သေး"

ဟု ကျွန်ုပ်ကပြောကြားရာ ဂျာထန်မှ…

"အသက်သခင် ကယ်တင်ရှင်မို့ ကျေးဇူးတရားကြီးမား လှပါသည်"

ဤသို့ပြန်ပြောလိုက်ပါသည်။ ထို့နောက် ကျွန်ုပ်မှ…

"ဂျာထန် အသင်လှင်၊ ကျေးဇူးတရားကြီးမားသည်ဟု ဆိုပါက တစ်နေ့နေ့တစ်ချိန်ချိန်တွင် ကျေးဇူးကြွေးတစ်ခုကို ပြန်ဆပ်ဖို့ ပြင်ဆင်ပါလော့"

"မှန်ပါ"

ထို့နောက် ဆေးကုသသည့်အတွက် ငွေအနည်းငယ်နှင့်





ကျွန်ုပ်ကန်တော့ပြီးနောက် တစ်ဦးကိုတစ်ဦးလက်တွဲကာ ကျွန်ုပ်၏အိမ်မှ ထွက်ခွာသွားပါတော့သည်။ ကျွန်ုပ်လည်း သူတို့နှစ်ယောက်၏ နောက်ကျောကိုကြည့်ရင်း ဝေဒနာတစ်ခုကို ခံစားလိုက်ရဘိသကဲ့သို့ ရင်ဝယ် လှုပ်ရှားသွားပါတော့သည်။

❋ ❋ ❋

နေ့နှင့်ညတို့ တရွေ့ရွေ့ပြောင်းခဲ့ပြီး တစ်လဟူသည့်အချိန်သို့ ရောက်ခဲ့လေပြီ။ ရာသီဥတုမှာလည်း ပွင့်လင်းရာသီဖြစ်၍ ဂျာထန်နှင့် ရှယ်နွးတို့နှစ်ယောက်အား မင်္ဂလာပွဲဆင်နွှဲပေးရန် ၎င်းတို့၏လူကြီးမိဘများက စီစဥ်ခဲ့ပါသည်။

မင်္ဂလာသတင်းဆိုသည်မှာ ကောင်းသောသတင်းတစ်ရပ် ဖြစ်သော်လည်း ကျွန်ုပ်အတွက်မှာမူကား ရင်ဝယ်အစိတ်စိတ် အမွှာမွှာ ကွဲကြေသကဲ့သို့ ခံစားခဲ့ရပါသည်။

ကျွန်ုပ်တစ်ယောက်တည်းဝမ်းနည်းကြေကွဲနေပါသည်။ ကျွန်ုပ်ကား အိမ်ထဲ၌သာနေပြီး အိမ်ပြင်သို့ပင်မထွက်နိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



သောကဝေဒနာကို ခံစားနေရပါသည်။ ကျွန်ုပ်အိမ်ပြင်မထွက်ခြင်းမှာ အကြောင်းရှိပါသည်။ သူတို့နှစ်ဦးအားတွေ့လျှင် ကျွန်ုပ်၏စိတ်ကိုမထိန်းနိုင်ဘဲ အသည်းနှလုံးများ ကြေကွဲသွားမတတ်ခံစားရမည်ကိုသိသောကြောင့်ပင်။

ကံကြမ္မာဂြိုဟ်ဆိုးကား တစ်ယောက်တည်းမလာ၊ အဖော်အပေါင်းတွေနှင့်လာသည်ဟု ဆိုရပေမည်။ ကျွန်ုပ်ကပင်ကံကြမ္မာရှိုင်း ဝင်ရောက်နေလေသလား၊ သို့တည်းမဟုတ် ဂျာထန်နှင့်ရွှယ်နွဲ့းကပဲ ကံဆိုးလေသလား မပြောတတ်အောင် ကြမ္မာမုန်တိုင်းတိုက်ခတ်ခဲ့လေပြီ။ တကယ်တော့ ကျွန်ုပ်တို့သုံးဦးသား မဆုံတွေ့ခဲ့လျှင် ကြမ္မာဆိုးနှင့် တွေ့ကြုံရလိမ့်မည်မဟုတ်ပေ။ ကျွန်ုပ်တို့သုံးဦး၏ကံကြမ္မာသည် ဘယ်ဘဝ၏ ရေးရေစက်ဖန်လာသည်မသိ၊ တိုက်တိုက်ဆိုင်ဆိုင် သုံးဦးသားတွေ့ဆုံခဲ့ပါသည်။

ချစ်သူနှစ်ဦးမှာ မင်္ဂလာပွဲဆင်ယင်ကျင်းပမည့်အကြောင်း ကျွန်ုပ်ထံသို့လာပြောခဲ့သည်။

"ဂျုနက်သခင်မ၊ ကျွန်မတို့နှစ်ယောက် စေ့စပ်ကြောင်းလမ်းပြီးသွားပြီ၊ ရှေ့အပတ် တနင်္ဂနွေနေ့မှာ မင်္ဂလာပွဲပြုလုပ်ပါမယ်၊ အဲဒါ သခင်မကိုလာပြီး ဖိတ်မန္တကပြုတာပါ"

ရွှယ်နွဲ့းက ဤသို့ပြောလိုက်ရာ ကျွန်ုပ်၏နားထဲတွင်





မိုးကြိုးပစ်လိုက်သကဲ့သို့ တုန်ဟီးသွားပြီး သတိလက်လွတ်ဖြစ်သွားပါတော့သည်။ ဤတွင် ကျွန်ုပ်၏ချုပ်တည်းထားသည့်အတွင်းစိတ်မှာ ပေါက်ကွဲထွက်ကုန်ပါသည်။

"မင်းတို့မင်္ဂလာပွဲကို လာဖိတ်တာ ကျေးဇူးတင်ပါသည်။ ဒါပေမဲ့ ရွှယ်နွဲ့းကိုပြောစရာစကားရှိတယ်"

"ပြောပါ ဂျုနက်သခင်မ"

"အသင်ကား … ကျွန်ုပ်၏ကျေးဇူးကြွေးကို ပြန်မဆပ်ရသေးဘူး ဟုတ်စ"

"ဟုတ်ပါတသည်"

"အဲဒါဆိုရင် အဲဒီကျေးဇူးကြွေးကို တောင်းမယ်ဆိုရင် ကြွေးဆပ်မှာလား"

"ဂျုနက်သခင် မိန့်တော်မူပါ၊ ကျေးဇူးကြွေးကို ဆပ်ပါမည်"

"အမှန်ပင်ဆပ်မည်လော"

"ဆပ်ပါမည်"

"ဒီလိုဆိုရင် ကျွန်ုပ်ပြောမည်ရွှယ်နွဲ့း၊ အသင့်ရဲ့အသက်ကယ်ခဲ့သောကျေးဇူးကြွေးကိုဆပ်သည့်အနေဖြင့် အသင်နှင့်ဂျာထန် မင်္ဂလာပွဲမပြုပါနှင့်၊ ဂျာထန်အား ကျွန်ုပ်အားပေးပါ"ဟု



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ဖြစ်စေချင်သောဆန္ဒကို ဒဲ့ဒိုးပြောချလိုက်ပါသည်။

"ရှင်"

"ခင်ဗျာ"

သူတို့နှစ်ဦးစလုံး အံ့ဩသွားသည်ကို ကျွန်ုပ်သိလိုက်ပါသည်။ ကျွန်ုပ်သည် သာမန်အချိန်မျိုးတွင် ဤကဲ့သို့သောစကားမျိုးကို ပြောထွက်မည်မဟုတ်ပါ။ သို့သော် ကျွန်ုပ်၏စိတ်တွင် ခံစားမှုပေါက်ကွဲကာ စိတ်ရိုင်းဝင်နေချိန်ဖြစ်သည့်အတွက် မပြောသင့်သောစကားကို ကျွန်ုပ် ပြောထွက်ခဲ့ပါပြီ။ ဤတွင် ရွှယ်နူးမှ…။

"ဂျနက်သခင်မ၊ အသင်သည်ကျွန်မ၏အသက်ကိုကယ်ခဲ့သောကျေးဇူးတရားရှိသည်မှာ မှန်ကန်ပါသည်။ဤကျေးဇူးကြွေးကား ဂျာထန်နှင့်မသက်ဆိုင်ပါ။ ဂျာထန်သည် လူသား တစ်ဦးဖြစ်ပြီး အရုပ်ကလေးတစ်ခုမဟုတ်သည့်အတွက် ဂျာထန်အားသခင်မထံသို့ ကျွန်ုပ်ပေးပိုင်ခွင့်မရှိပါ။ ပေးလည်းမပေးနိုင်ပါ။ သို့သော်တင်ပေဘူးသည့်ကျေးဇူးရှိလျှက် အဆပ်ခက်သောကျွန်မအတွက် ကျွန်မ၏အသက်ကိုသာ ပေးဆပ်ပါမည်"

"ကောင်းပြီ၊ ဒါဆိုရင် ဒီနေ့ည အသင်၏အသက်ကို ကျွန်ုပ် လာယူမည်"

"ဂျနက်သခင်မ၊ ဤသို့မလုပ်ပါနှင့်၊ အကောင်းဆုံး





ဖြစ်ရန် ကျွန်တော်ကြိုးစားပါမည်၊ ရွှယ်နူး၏အသက်ကို နှုတ်ယူပါနှင့်"

"ကောင်းပြီ၊ ကျွန်ုပ်စောင့်မည်"

ဂျာထန်နှင့်ရွှယ်နူးတို့နှစ်ဦး လက်တွဲကာ လာရာလမ်းအတိုင်း ပြန်သွားခဲ့ပါသည်။ ကျွန်ုပ်လည်း တစ်ပါးသူ၏ချစ်ခြင်းကို ဒါသအလျှောက်ခွဲသကဲ့သို့ ဖြစ်သွားသည့်အတွက် စိတ်မကောင်းပါ။ သို့သော်လည်း ကျွံခဲ့မိသောစကားတစ်ရပ်အတွက် နှုတ်ယူ၍မရတော့ပြီ။

ကျွန်ုပ်နောက်ဆုံး ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပါသည်။ ကျွန်ုပ် မည်မျှချစ်ခင်မြတ်နိုးသော်လည်း ပိုင်ရှင်ရှိသူတစ်ယောက်ဖြစ်၍ ကျေးဇူးကြွေးကို ဤသို့ဆပ်ခိုင်းခြင်းမှာ မတရားသောအပြုအမူမှန်း သိလိုက်ပါသည်။ ထို့ကြောင့် ဂျာထန်တို့မောင်နှံနှင့်ဝေးသည့်နေရာသို့ သွားရပေတော့မည်။ ထို့အတွက် ကျွန်ုပ်သည် ဂျာထန်အားပေးမည်ဟု ပြုလုပ်ထားသော အဆိပ်အတောက်ပြေစေနိုင်သည့် မြွေနတ်သမီးရုပ်တုကလေးကိုလည်း မပေးသာတော့ပြီ။

ထို့ကြောင့် ကျွန်ုပ်သည် ဤမြွေနတ်သမီးရုပ်တုကလေးကို ကိုင်၍ မြို့စွန်ရှိညောင်ပင်ကြီးဆီသို့သွားကာ တိုင်တည်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါသည်။

"အရှင် … ကျွန်ုပ်သည် ဂျာထန်အားလွန်စွာ ချစ်ခင်နှစ်သက်သဖြင့် အဆိပ်အတောက်ကင်းစေသော မန္တာန်ရွတ်ဆို ထုံမွမ်းထားသည့် ဤမြွေနတ်သမီးရုပ်တုလေးအားပေးရန် ရည်ရွယ်ထားပါသည်။ ယခုအခါတွင် ဂျာထန်မှာသူ၏ချစ်သူနှင့် ပေါင်းဖက်ရန် ကြံရွယ်ထားပြီဖြစ်၍ သည်ဘဝအတွက် ကျွန်ုပ် ပိုင်ဆိုင်ခွင့်မရနိုင်တော့ပြီ။ ပိုင်ဆိုင်နိုင်ခွင့်မရှိတော့သည့် ထိုသူအားထားခဲ့ကာ ဝေးရာသို့ ကျွန်ုပ်ထွက်သွားပါတော့မည်။ ဂျာထန်အား ယခုဘဝတွင်မပိုင်ဆိုင်ရသော်လည်း နောက်နောင် ဘဝများတွင် ပေါင်းဖော်ရပါစေဟု ကျွန်ုပ်ဆုတောင်းပါ၏။ အကယ်၍ ကျွန်ုပ်နှင့် ဂျာထန်လူ့ဘဝသို့ရောက်ပါက ဤရုပ်တုကလေးကို ဂျာထန် ရှာဖွေတွေ့ရှိပြီး ကျွန်ုပ်ထံသို့ရောက်ရှိလာပါစေသတည်း"

ကျွန်ုပ်လည်း ဤသို့ဆုတောင်းပြီးနောက် မြွေနတ်သမီးရုပ်တုကလေးကို ထိုညောင်ပင်နှင့်မနီးမဝေးနေရာတွင် မြှုပ်နှံလိုက်ပါသည်။ ဤကဲ့သို့သော အသည်းကွဲရသည့်ဤနေရာတွင် မနေလိုတော့သဖြင့် ကျွန်ုပ်၏တိုင်းပြည်ဖြစ်သော အိန္ဒိယသို့ပြန်ရန် စိတ်ကူးမိပါသည်။ ထိုသို့ စိတ်ကူးရင်း တစ်ညတာ ကုန်ဆုံးခဲ့ပါသည်။





ကံကြမ္မာကား ရှုပ်ထွေးရန်အကြောင်းဖန်လာခဲ့ပါသည်။ ထိုနေ့ညကကျွန်ုပ်မွေးထားသောမြွေဟောက်နက်ကြီး ပျောက်သွားပါသည်။ နံနက်လင်းခါနီးမှ ၎င်းမြွေဟောက်နက်ကြီး ပြန်လာပါသည်။ ၎င်း၏နှုတ်ခမ်းတွင် သွေးစများစွန်းထင်နေသည်ကို တွေ့ရသဖြင့် တစ်စုံတစ်ယောက်နှင့် ပြဿနာဖြစ်လာမှန်းခန့်မှန်းမိပါသည်။ သို့သော် မည်သူမည်ဝါနှင့်ပြဿနာဖြစ်ခဲ့သည်ကိုမူ မသိချေ။ တစ်ခါတစ်ရံ မြေကြွက်ကြီး များကိုချောင်းမြောင်း ဖမ်းစားတတ်သည့်အတွက် ယခုလည်း မြေကြွက်စားပြီး ပြန်လာခဲ့ခြင်းဖြစ်မည်ဟု ကျွန်ုပ်ထင်ခဲ့မိပါသည်။

သို့သော် နံနက်ခင်းမိုးလင်းစအချိန်တွင် …။

"ဂျနက်သဲခင် …\တံခါးဖွင့်ပါ"

"ဒုန်း … ဒုန်း … ဒုန်း"

စကားပြောသံနှင့်အတူ တံခါးကိုထုသည့်အတွက် ကျွန်ုပ် တံခါးကိုဖွင့်လိုက်ရာကျွန်ုပ်၏မျက်စေ့ကိုပင်ကျွန်ုပ်မယုံနိုင်လောက်အောင် ဖြစ်သွားပါတော့သည်။ အကြောင်းမှာမူကား …။

အသက်ကင်းမဲ့နေပြီဖြစ်သော ရွှယ်နူး၏အလောင်းကို ဂျာထန်ကပွေ့ထားပြီး ၎င်း၏နောက်တွင် ရွှယ်နူး၏အဖေ၊ အမေနှင့် ဆွေမျိုးများကိုတွေ့ရပါသည်။ ရွှယ်နူးကိုသေသေချာချာ လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သောအခါ လည်ပင်းတွင် မြွေစွယ်ရာအပေါက် နှစ်ပေါက်ကိုတွေ့ရပြီး ထိုနေရာ၌ သွေးအနည်းငယ်စို့နေသည်ကို တွေ့လိုက်ရပါသည်။ ရွှယ်နူး၏တစ်ကိုယ်လုံးမှာလည်း မြွေဆိပ်ကြောင့် ပြာနှမ်းနေပါသည်။

"ဒီမှာ ... ရွှယ်နူးအသက်မရှိတော့ဘူး၊ ညကမြွေကိုက်လို့သေပြီ၊ အဲဒါ ခင်ဗျားလက်ချက်မဟုတ်လား"

ကျွန်ုပ်မည်ကဲ့သို့ပြောရမည်မှန်းမသိတော့ပါ။ ကျွန်ုပ်၏ မြွေဟောက်နက်ကြီးမှာ ကျွန်ုပ်နှင့်ပဋိပက္ခတ်ဖြစ်ကြောင်း ကောင်းစွာသဘောပေါက်သဖြင့် ညအချိန်တွင် ရွှယ်နူးကို ကိုက်ခဲ့လေပြီ၊ အသက်မြင်းမြင်းရှိလျှင်ပင် ကျွန်ုပ်ကုသနိုင်ပါသေးသည်။ အသက်မရှိတော့သောရွှယ်နူးကို ကျွန်ုပ်မည်သို့မျှ မကယ်တင်နိုင်တော့ပါ။

"ဖြေလေ...အဲဒါ ခင်ဗျားလက်ချက်မဟုတ်လား ခင်ဗျားရဲ့ ကျေးဇူးကြွေးကို အသက်နဲ့ပြန်ဆပ်လိုက်လို့ ကျေနပ်သွားပြီမဟုတ်လား"

"မဟုတ်ပါ ... ကျွန်ုပ်ဤသို့မလုပ်ခဲ့ပါ"

"အသင်ဂျုနက် အသင်လိမ်ဖို့မကြိုးစားပါနှင့်၊ အသင်၏ မြွေဟောက်နက်ကြီးထွက်သွားသည်ကို ကျွန်ုပ်တို့မြင်လိုက်၏





သို့သော် ကျွန်ုပ်၏သမီးရွှယ်နူးကို ကိုက်သွားမှန်းမသိတဲ့အတွက် လွှတ်လိုက်ခြင်းဖြစ်သည်" ဟုရွှယ်နူး၏ဖခင်က အော်ပြောလိုက်ပါသည်။

"ကျွန်ုပ်အမှန်ပင် မလုပ်ပါ၊ ဤသို့ဖြစ်စေရန်လည်း မခိုင်းခဲ့ပါ"

"ကျုပ်တို့မယုံဘူး၊ ကျုပ်ရဲ့သမီးအတွက် အသင်ကို လက်စားချေမည်၊ အသင်သေပေရော့"

ပြောပြောဆိုဆို ရွှယ်နူး၏ဖခင်က ကျွန်ုပ်အား ဓားရှည်ဖြင့်ခုတ်လိုက်ရာ ကျွန်ုပ်ကား ကိမ်းရှောင်ခဲ့ပါသည်။ ကျွန်ုပ်သည် ဖခင်တစ်ယောက်၏ချစ်ခြင်းကြောင့်ဖြစ်သောဒေါသကို နားလည်သဖြင့် မည်သို့မျှပြန်မလုပ်ချေ။

ကျွန်ုပ်တို့ရန်းရင်းဆန်ခတ်ဖြစ်နေစဉ် ကျွန်ုပ်၏မြွေဟောက်နက်ကြီးရောက်လာပြီး ရွှယ်နူး၏ဖခင်ကို ကိုက်လိုက်ပါသည်။

"အား"

"ဟာ...မြွေဟောက်နက်ကြီးပဲ"

မြွေဟောက်နက်ကြီးက တားဆီးထားသဖြင့် ကျွန်ုပ်လည်း ဤမြို့မှအမြန်ဆုံးပြေးထွက်ခဲ့ရပါသည်။ သူတို့အား ရှာခံ



www.burmeseclassic.com

www.burmeseclassic.com



များဖြစ်၍ ကျွန်ုပ်၏နောက်သို့လိုက်လာမည်ကို ကျွန်ုပ်သိနေပါသည်။ ထို့ကြောင့် မဟူရာချောင်းကိုဖြတ်ကာ ကျွန်ုပ်၏နေရင်းဌာနသို့ ဝမ်းနည်းပူဆွေးစွာ ပြန်လာခဲ့ရပါသည်။ ကျွန်ုပ်၏မျက်နှာတွင် မျက်ရည်များစွာ တစ်ပေါက်ပေါက်ကျနေပါသည်။ ကျွန်ုပ်၏စိတ်တွင် ခံပြင်းမှု၊ ဒေါသထွက်မှု၊ ဝမ်းနည်းမှုများ ပြည့်နှက်နေပါသည်။

အကြောင်းမူကား … ကျွန်ုပ်မလုပ်ခဲ့သောဖြစ်ရပ်များကို ကံကြမ္မာက သူ့အလိုအတိုင်း လုပ်ဆောင်သွားမှုအပေါ် ကျွန်ုပ်ဖြေရှင်းခွင့်မရခဲ့ခြင်းပင် ဖြစ်ပါသည်။ ခမ်းပတ်မြို့သူမြို့သားများအမြင်တွင် ကျွန်ုပ်သည် ဂျာထန်ကိုမရှေ့၍ ရွယ်နူးနှင့် သူ့ဖခင်ကို သတ်လိုက်သည်ဆိုသည့်နာမည်ဆိုးဖြင့်ကျော်ကြားခဲ့ပါသည်။

အမှန်မှာမူ ကျွန်ုပ်သည် ဂျာထန်အားချစ်သည်မှလွဲ၍ အခြားသောမကောင်းမှုကိုမျှ မလုပ်ခဲ့ပေ။ ဤသည်မှာ ကျွန်ုပ်၏အမှန်တရားဖြစ်ကြောင်း ယနေ့ကျွန်ုပ်ကျိန်ဆိုမှတ်တမ်း တင်ပါသည်။

***"ကျွန်ုပ်၏ သံသရာဆုတောင်း"***

*လည်ပတ်နေသောသံသရာစက်ဝိုင်းတစ်ခုတွင် ကျွန်ုပ်သည် ဘဝဆက်တိုင်း မြွေနတ်သမီးသခင်မအဖြစ် ရောက်ရှိပါ*





*စေ၊ အကယ်၍ ဂျာထန်တစ်ယောက် လူ့ဘဝသို့ရောက်ခဲ့သော် မြွေနတ်သမီးရုပ်တုနှင့်အတူ ကျွန်ုပ်ထံပါးသို့ ရောက်ရှိကာ ပေါင်းသင်းနိုင်ပါစေသတည်း။*

ကျော်ဒေဝကား မြွေနတ်သမီးသခင်မ၏ကျမ်းစာအုပ်ကို ပြည့်စုံစွာဖတ်ရှုပြီးခဲ့ပါပြီ။ ဤကျမ်းစာအလိုအရဆိုရပါမူ ကျော်ဒေဝသည် လွန်ခဲ့သောနှစ်ပေါင်း (၂၀၀)ကျော်ခန့်က လူရှိုင်းကလေးဂျာထန်ပင် ဖြစ်ပေမည်။

ဤသို့ဆိုလျှင် မြွေနတ်သမီးရုပ်တုကား မည်သူနည်း၊ ယခု မြွေနတ်သမီးကျောင်း၌ မြွေနတ်သမီးသခင်မ သုဝဏ္ဏာဒေဝီနှင့် မည်သို့ပတ်သက်နေသနည်း၊ ကျော်ဒေဝတစ်ယောက် ဦးနှောက်ခြောက်သွားပါသည်။

နောက်တစ်နေ့တွင် ကျော်ဒေဝသည် မြွေနတ်သမီးသခင်မ၏ကျမ်းစာကိုယူဆောင်ကာ မြွေနတ်သမီးသခင်မ သုဝဏ္ဏာဒေဝီနှင့် သွားရောက်တွေ့ဆုံခွင့်တောင်းခဲ့ပါသည်။

"မြွေနတ်သမီးသခင်မ၊ ဤကျမ်းစာကို ကျွန်တော်ဖတ်ရှုပြီးခဲ့ပါပြီ၊ ဒီကျမ်းစာအရ လူရှိုင်းဂျာထန်ဝင်စားသူဟာ ကျွန်တော်ဖြစ်ပါသလော"

"ဤကျမ်းစာအရ မှန်ပါသည်"



www.burmeseclassic.com

www.burmeseclassic.com



“ဤသို့ဆိုလျှင် မြွေနတ်သမီးသခင်မ ဂျနက်နှင့် သုဝဏ္ဏဒေဝီမှာ မည်သို့ကွဲပြားခြား နားသနည်း”

“အသင်သည် လူသားတို့သံသရာလည်ပတ်ပြီး လူ့ဘဝသို့ တဖန်ပြန်ရောက်သည့် လူဝင်စားတို့အကြောင်း အသင်မကြားဖူးသလော”

“သေချာစွာ မသိပါ”

“ဒါဆိုရင် မြွေနတ်သမီးသခင်မ၏ သံသရာလည်ပတ်ပုံကို ရှင်းပြပါမည်”

“ရှင်းပြပါ”

“မြွေနတ်သမီးသခင်မဂျနက်သည် ဤကျမ်းစာကိုရေးပြီးနောက် သူ၏လက်ထောက်ဖြစ်သူ “မာယာ”အား အနာဂတ်ဟောကိန်းတစ်ခုထုတ်ခဲ့ပါသည်။ ဤအနာဂတ်ဟောကိန်းကား သူမ သေလွန်ပါက မည်သည့်အချိန်၊ မည်သည့်နေရာတွင်ဝင်စားမည်ဆိုသည့်ဟောကိန်းပင် ဖြစ်ပါသည်။ သခင်မဂျနက်ကွယ်လွန်သွားသောအခါ ထိုနေရာတွင် “လစ်လပ်သောသခင်မ” အဖြစ်ထားရှိပြီးလက်ထောက်သခင်မကသာလျှင် ဤကိစ္စအဝဝကိုဆက်လက်ဆောင်ရွက်သွားပါသည်။ သခင်မဂျနက်၏ အနာဂတ်ဟောကိန်းအရ သူမကွယ်လွန်ပြီး ငါးနှစ်အကြာတွင် သခင်မ





ဝင်စားသူ “အင်နာ”အဖြစ် ပေါ်ထွန်းခဲ့ပါသည်။ထိုသို့ လစ်လပ်သောသခင်မနှင့် သခင်မဝင်စားသူတို့ တစ်လှည့်စီအုပ်ချုပ်ခဲ့ရာ နှစ်ပေါင်း (၂၀၀)ကျော်အတွင်း မြွေနတ်သမီးသခင်မဝင်စားသူများကား ကျွန်ုပ်တို့၏မှတ်တမ်းတွင် မှတ်တမ်းတင်ထားပါသည်။ ယခု မြွေနတ်သမီးသခင်မဝင်စားသူအဖြစ် ကျွန်ုပ် သုဝဏ္ဏဒေဝီ အုပ်ချုပ်ခဲ့ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၂၀၀)ကျော်အတွင်း မြွေနတ်သမီးနတ်ရုပ်ကိုင်ဆောင်လာသူမှာ အသင်တစ်ဦးတည်းသာ ရှိပေသည်။ ကျွန်ုပ်မြွေနတ်သမီးသခင်မ သည် မြေပွဲတော်၌ ကပြစဉ်က အသင့်ကိုမြင်ရုံနှင့် ထူးခြားသောအသိကို ကျွန်ုပ်ရရှိခဲ့၍ ကျွန်ုပ်ကိုယ်တိုင် အသင့်ထံသို့လာခဲ့သည်မှာ အသင် မှတ်မိပါသလော”

“မှတ်မိပါတယ် သခင်မ”

“ဒါဆိုရင်မြွေနတ်သမီးသခင်မ ဂျနက်၏ဘဝဖြစ်စဉ်ကိုလည်း အသင်သိပြီးဖြစ်ပေသည်။ ယခုအခါ ဘဝပေါင်းများစွာစောင့်ခဲ့ရသော ကျွန်ုပ်အပေါ်အသင်မည်သို့သဘောထားသနည်း”

“ခွင့်လွှတ်ပါ သခင်မ၊ ကျွန်တော် မည်သို့မျှ မမှတ်မိပါ”

“မမှတ်မိသည်ကို ခွင့်လွှတ်ပါ၏၊ သို့သော် ကျွန်ုပ်၏



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက်မှာ သည်ဘဝတစ်ခုထဲက မျှော်လင့်ချက်မဟုတ်ပါ၊ ကျွန်ုပ်၏ဂုဏ်သိက္ခာတစ်ရပ်မှာ အများ၏တံတွေးခွက်တွင် မျောခဲ့ပြီး စောင့်စားနေခဲ့ရသောကျွန်ုပ်ဘဝအား နားလည်ပေးမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ အသင်နှင့် ကျွန်ုပ်ကား ခြားနားသော အသိရှိခဲ့၏။ ကျွန်ုပ်သည် ဘဝတစ်ဖန်ပြန်ဖြစ်ပြီး ကျမ်းစာအုပ်အရ ကျွန်ုပ်၏မြွေနတ်သမီးဂျနက်၏ဘဝကို သိတတ်သည့် အရွယ်ကပင်မှတ်မိခဲ့၏။ အသင့်၌ကား ထူးခြားသောအသိကို မရရှိလင့်ကစား ဤကျမ်းစာသည် အသင်၏ဘဝဟောင်း သက်သေအဖြစ် သင်သိခဲ့လေပြီ။ ဘဝပေါင်းများစွာအနက် ဤဘဝမှပင် အသင်နှင့်ပြန်လည် ဆုံဆည်းခွင့်ရရှိခဲ့ပြီ။ အလွန်တရာရှားပါးသော အခွင့်အရေးအတွက် အသင်သည် သခင်မ ဂျနက်၏အလိုကို ဖြည့်ဆည်းပေးပါလော့''

ကျော်ဒေဝကား မည်ကဲ့သို့ပြောရမှန်းပင်မသိအောင် ဖြစ်ရပါသည်။ တစ်ဖက်သို့ကြည့်သော် ဖခင်မဲ့မျက်နှာငယ်ချစ်သူ မာရီး...။ သည်ဖက်မှာမူကား ကျေးဇူးရှင် မြွေနတ်သမီးသခင်မ သုဝဏ္ဏာဒေဝီ...။

သူတို့နှစ်ဦးအကြား ကျော်ဒေဝမည်သို့ ဆုံးဖြတ်ရမည်နည်း။





ဤတွင် ကျော်ဒေဝပြောလိုက်သည့်စကားမှာ...။

''ကျွန်တော့်ကို စဉ်းစားခွင့်ပေးပါသခင်မ''

''စဉ်းစားပါ၊ စဉ်းစားတဲ့အခါမှာ ကျမ်းစာအုပ်ထဲက ဂျနက် သခင်မရဲ့ဘဝကို စာနာပါ''

''ကောင်းပါပြီ''

ထိုသို့ဖြင့် ကျော်ဒေဝလည်း အခန်းတွင်းသို့ ပြန်ခဲ့ရပါသည်။ အခန်းတွင်းရှိ ကုတင်ပေါ်တွင် ခြေပစ်လက်ပစ် လှဲချလိုက်ပါသည်။ မြွေနတ်သမီး၏ကျမ်းစာတွင်ပါရှိသော ဂျနက် သခင်မအကြောင်းကို တွေးနေမိပါသည်။

ဘဝပေါင်းများစွာက မျှော်လင့်စောင့်စားကာ တောင်းဆုပန်ခဲ့သောဂျနက်သခင်မအတွက် အလိုဖြည့်ရမည်လော၊ ထိုသို့ ဂျနက်သခင်မဘက်သို့လိုက်ခဲ့သော် ချစ်သူမာရီးမှာ အသည်းနှစ်ခြမ်းပြန်းပြန်းကွဲကြေပေတော့မည်။ နုနယ်သောမာရီး၏ နှလုံးသားကို အနည်းငယ်မျှ ဒဏ်ရာမရစေလိုပါ။

ချစ်ခြင်းမေတ္တာနှင့် ကျေးဇူးတို့ကိုချိန်ခွင်တွင် တစ်ဖက်စီ ချိန်နေရသောအဖြစ်မျိုးကဲ့သို့ မည်သည့်ဘက်ကို ချိန်ခွင်ညွှတ် ထွက်လေမည်နည်း။

ကျော်ဒေဝ ဝေခွဲ၍မရပါ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့နယ်နော် … မြွေကိုက်တုန်းက တစ်ခါတည်းသေသွားရင် အကောင်းသား၊ ကျေးဇူးလည်းတင်စရာမရှိသလို ချစ်ခြင်းမေတ္တာဆိုတာလည်း ဘဝခြားသွားခဲ့ပြီ၊ အခုတော့ ကျေးဇူးတရားနဲ့ချစ်ခြင်းမေတ္တာကြားမှာ ငါဘယ်လိုလုပ်ရပါလိမ့်"

ထိုသို့စဉ်းစားရင်း ညဘက်တွင် အိပ်မပျော်ခဲ့ပေ။ လူးလူးလိမ့်လိမ့်နှင့် မနက်မိုးလင်းခဲ့ပါသည်။ သို့တိုင်ကား အဖြေမထုတ်နိုင်သေးပေ။ ဤသို့ဖြင့် ပြဿနာတစ်ရပ်ကို လိပ်ခဲတင်းလင်းဖြစ်နေချိန်တွင် မာရီးတစ်ယောက် ကျော်ဒေဝဆီသို့ ရောက်လာခဲ့ပါသည်။

"ဟာ … မာရီးရောက်လာပြီနော်"

"အစ်ကို … နေကောင်းသွားပြီနော်၊ ဝမ်းသာလိုက်တာ အစ်ကိုရယ်"

မာရီးက ဝမ်းသာသည်ဟုပြောသော်လည်း ကျွန်တော်ကားဝမ်းမသာနိုင်ပါ။ ကိုယ့်အကြောင်းနှင့်ကိုယ် ကိုယ့်ဒုက္ခနှင့် ကိုယ်ဖြစ်နေပါသည်။ ထို့နောက် ကျော်ဒေဝက မာရီးရောက်လာပြီဖြစ်ကြောင်းပြောရန် မြွေနတ်သမီး၏အဆောင်သို့သွားခဲ့ပါသည်။

"မြွေနတ်သမီးသခင်မ၊ ကျွန်တော့်အားပြန်ခေါ်ရန်





မာရီး ရောက်ရှိလာပါပြီ"

"မာရီးရောက်ရှိလာကြောင်း ကျွန်ုပ်သိပါသည်။ အသင့်အား ကျွန်ုပ်မေးထားသည့်မေးခွန်းအား အသင်ဖြေရန် အဖြေရှိပြီလော"

"နေ့စဉ်နေ့တိုင်း စဉ်းစားသော်လည်း ယခုထက်တိုင် အဖြေမပေါ်သေးပါ"

"ဒါဆိုရင် ကျွန်ုပ်ဖြေဆိုပေးပါမည်"

"ဖြေဆိုပေးပါ သခင်မ"

"ကျွန်ုပ်ကား အသင့်၏ချစ်မေတ္တာကို ရယူလို၍ ဘဝပေါင်းများစွာစောင့်မျှော်နေသူတစ်ယောက်ဖြစ်ပါ၏။ ယခုမူ အသင့်အား မြွေဆိုးကိုက်၍ အသက်ဆုံးရှုံးကာနီးအခြေအနေသို့ ရောက်ခဲ့သည်။ အကယ်၍ ကျွန်ုပ်သာမကယ်လျှင် အသင်၏ အသက်ဆုံးရှုံးချေပြီ မဟုတ်တုံလော"

"မှန်ပါသည် သခင်မ"

"ထို့ကြောင့် အသင်စဉ်းစားနိုင်ရန် ကျွန်ုပ်ဆုံးဖြတ်ချက်ချလိုက်မည်။ အသင်သည် ယခုလာခေါ်သော မာရီးနှင့်လိုက်သွားပြီး အကျိုးအကြောင်းပြောပြပါ၊ လက်ထပ်ရန် လုံးဝစိတ်မကူးပါနှင့်၊ တစ်လကြာသော် ကျွန်ုပ်ထံသို့ အပြီးပြန်လာခဲ့ရမည်။

www.burmeseclassic.com



အကယ်၍ ပြန်မလာပါက အသင်သည် မြွေကိုက်ခံရပြီး သေလူဖြစ်ခဲ့သည့်အတွက် ကျွန်ုပ်ကယ်တင်ခဲ့သော အသင့်၏အသက်ကို ကျွန်ုပ်၏လက်သို့ ပြန်အပ်ရပေမည်”

“ဒါဆို တစ်လကြာလို့မှ ကျွန်တော်ပြန်မရောက်ရင် မြွေဆိုးကိုက်ခံရပြီး ကျွန်တော် သေရမည်ပေါ့”

“မှန်ပေသည်”

“ဒါဆိုရင် ကျွန်တော်စဉ်းစားနိုင်ပါပြီ၊ ကျွန်တော့်ကိုသာ ပြန်ခွင့်ပေးပါတော့”

“ကောင်းလှပြီ၊ သို့သော် ကျွန်ုပ်၏စကားကို အသင်မမေ့ပါနှင့်။ အသင်၏အသက်ရှင်ခြင်းသည် အသင့်၏စဉ်းစားတွေးခေါ် မြော်မြင်ခြင်းပင်ဖြစ်ချိမ့်မည်”

“မှန်ပါသည်”

မာရီးသည် စားဖွယ်သစ်သီးအမျိုးမျိုးနှင့်တကွ ငွေစများဖြင့်ကန်တော့ခဲ့ရာ စားဖွယ်များကိုသာလက်ခံထားပြီး ငွေစများကို ပြန်ပေးကာ...။

“ဤသူသည် သူ၏အကြွေးကို သူကိုယ်တိုင်ဆပ်ပေလိမ့်မည်၊ သူ့ကိုသာ ခေါ်သွားပါလော့”

“ကောင်းပါပြီ”





မာရီးလည်း ကျော်ဒေဝကိုခေါ်ကာ ပြန်လာခဲ့ပါသည်။ မာရီးမှာ ကျွန်တော်အသက်ရှင်လာသဖြင့် ဝမ်းသာအားရ ပြောသော်လည်း ကျော်ဒေဝမှာ မပျော်နိုင်ပါ။ သို့သော် ဝမ်းတွင်းမှ အပူမီးကို မာရီးမသိစေလိုသည့်အတွက် အပူရုပ်ကို ဟန်လုပ်ကာ ပြုံးပြနေရပါသည်။

ခရီးကြမ်းကိုဖြတ်ကျော်ရင်း အင်ဖာသို့ရောက်ရှိလာခဲ့ပါသည်။ မစ္စတာကူးမား၏အိမ်သို့ဝင်လိုက်ရာ ဆရာကြီး ဦးဘထွန်းရောက်နေသည်ကိုတွေ့လိုက်ရသဖြင့် လွန်စွာအားတက်သွားပါတော့သည်။

မာရီးမှာလည်း ဆရာကြီးဦးဘထွန်းရောက်နေသဖြင့် ကျော်ဒေဝကို အင်ဖာ၌ထားခဲ့ကာ ရွာသို့ပြန်သွားခဲ့ပါသည်။ ဆရာကြီးအား မြွေပွဲတော်သွားရာမှ မြွေကိုက်ခံရကာ မြွေနတ်သမီးက ကယ်တင်ပေးကြောင်း ပြောပြခဲ့ပါသည်။ သို့သော် မြွေနတ်သမီး၏ပြောစကားကိုမူ မည်သူ့ကိုမျှပြောမပြပေ။ အကယ်၍ ပြောပြပါက အားလုံးစိတ်မကောင်းဖြစ်မည်ကို စိုးလှပါသည်။

ဆရာကြီးမှာလည်း တပည့်ဖြစ်သူ မသေကောင်း မပျောက်ကောင်း သေတွင်းမှထွက်လာသည့်အတွက် လွန်စွာ

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာနေပါတော့သည်။ ကျော်ဒေဝကား ဟန်မပျက်သော်နေရသော်လည်း စိတ်မှမပျော်လှပေ။

"အင်း ... ဘာပဲဖြစ်ဖြစ် ကျေးဇူးကြွေးကို ဆပ်မှဖြစ်မယ်၊ တစ်လနေပြီးရင် ငါမြွေနတ်သမီးဆီကိုပြန်မယ်"

ထိုသို့စိတ်ကိုဒုန်းဒုန်းချ ဆုံးဖြတ်လိုက်ပါတော့သည်။

ဤတွင် ကျော်ဒေဝအတွက် ပြဿနာတစ်ရပ်စခဲ့လေပြီ။

ဤသည်မှာ ဆရာကြီးဦးဘထွန်းရောက်လာသည့်အတွက် ကျော်ဒေဝနှင့်မာရီးကို မင်္ဂလာပွဲဆင်နွှဲပေးရန် မစ္စတာကူးမားနှင့် မာရီးအမေတို့တိုင်ပင်ခဲ့ကြပါသည်။ ဆရာကြီးဦးဘထွန်းကလည်း မာရီးနှင့်ကျော်ဒေဝတို့နှစ်ဦးမှာ ချစ်သူများဖြစ်နေကြသည်ကိုသိသည့်အတွက် သဘောတူလိုက်ပါသည်။

ဤတွင် ကျော်ဒေဝမှ ...။

"မဖြစ်ဘူး ... မဖြစ်ဘူး... မာရီးနဲ့မင်္ဂလာဆောင်လို့မဖြစ်ဘူး"

ထိုသို့ပြောလိုက်ရာ အားလုံးအံ့အားသင့်သွားကြပါသည်။

"ကဲ ... ကျော်ဒေဝ၊ ဘာကြောင့် မာရီးနဲ့မင်္ဂလာဆောင်လို့မဖြစ်တာလဲ ပြောပါဦး"

"သူနဲ့ မင်္ဂလာဆောင်ရင် မြွေကိုက်သေလိမ့်မယ်"



"ဟာ ... မဟုတ်တာတွေ လျှောက်ပြောနေပြန်ပြီ၊ မြွေကိုက်ခံရပြီး မြွေကိုကြောက်သွားပုံရတယ်၊ စိတ်ထဲထင်တာတွေပြောနေတာ ဖြစ်မယ်"

ဆရာကြီးဦးဘထွန်းက ဤသို့ပြောလိုက်ရာ မာရီးမှ...။

"ဆရာကြီး...အစ်ကို စိတ်နည်းနည်းဖောက်သွားလားမသိဘူး၊ ကျွန်မကတော့ အစ်ကိုဘာပဲဖြစ်နေနေ အစ်ကို့ကိုပဲယူပါမယ်"

ဤသို့ဆက်၍ ပြောလိုက်ပါသည်။

"ကဲ...မိန်းကလေးက ကျေနပ်မှတော့ မင်္ဂလာပွဲကိုလုပ်ပေးလိုက်ပါ"

ဆရာကြီးဦးဘထွန်းက ဆုံးဖြတ်ပေးလိုက်ပါသည်။

"ဆရာကြီး ... မဖြစ်ဘူးထင်တယ်"

"မင်း ဘာမှမပြောနဲ့တော့၊ မိန်းကလေးတစ်ယောက်နဲ့ ဒီလောက်တွဲလာပြီးမှ သူ့ရဲ့အရှက်နဲ့သိက္ခာကိုမင်းစောင့်ထိန်းမှပေါ့၊ ဘာမှ မပြောနဲ့၊ ငါစီမံတဲ့အတိုင်း မင်းလိုက်နာရမယ်"

"ဟုတ်ကဲ့ပါ"

ကျော်ဒေဝ မည်သို့မျှ မငြင်းနိုင်ပါ။ မကြာမီအချိန်အတွင်း နှစ်ဖက်သောမိဘများမှ ကျော်ဒေဝနှင့် မာရီးတို့၏မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



တိန္ဓကို အကျဉ်းရုံး၍ ထစ်လအတွင်းဆောင်ရွက်ပေးရာ မင်္ဂလာ ပြီးမြောက်အောင်မြင်သွားပါသည်။

ကျော်ဒေဝနှင့် မာရီးတို့နှစ်ဦး မင်္ဂလာဆောင်ပြီးသွား၍ ရွာမှအိမ်တွင်နေထိုင်ခဲ့ပါသည်။ ကျော်ဒေဝကား ညသို့ရောက်လျှင် မအိပ်တော့ဘဲ...။

"မြွေဟောက်နက်ကြီးလာလိမ့်မယ်၊ ငါ့ကို ကိုက်သတ်တော့မယ်"

ဟူ၍ ပြောနေပါတော့သည်။ မာရီးကလည်း ...။

"ဘယ်က မြွေဟောက်နက်ကြီးလာမှာလဲ၊ ဘာမြွေမှ မလာပါဘူး၊ အစ်ကို မစိုးရိမ်ပါနဲ့"

ဟူ၍ အားပေးစကားပြောကြားကာ ကျော်ဒေဝအား ချော့သိပ်ခဲ့ပါသည်။ သည်လိုနှင့်ပင် ကျော်ဒေဝပြန်လာသည့်ရက်မှာ တစ်လပြည့်ခဲ့ပါပြီ။ ကျော်ဒေဝမှာ လွန်စွာစိုးရိမ်လာပါသည်။

"အင်း ... တစ်လလည်းပြည့်ပြီ၊ ငါလဲ လက်ထပ်ပြီးပြီ၊ ဘယ်နည်းနဲ့မဆို ငါ့ဆီကို မြွေနတ်သမီးရောက်လာပြီး အသက်ကို ယူတော့မှာပဲ"

"ဘယ်လိုမှ ပြန်လို့မရတဲ့အဆုံး မြွေနတ်သမီးရှေ့မှာ အသေခံလိုက်တော့မယ်"





ဤသို့ဆုံးဖြတ်ချက်ချပြီးနောက်...။

"ဒီညတော့ ... မင်းနဲ့အစ်ကို ခွဲရတော့မယ်နဲ့ တူတယ်"

"အစ်ကိုရယ်၊ နိမိတ်မရှိတဲ့စကားတွေကို မပြောပါနဲ့"

"နိမိတ်မရှိတဲ့စကားမဟုတ်ဘူး၊ ဖြစ်သမျှအကြောင်းကို အစ်ကို ပြောပြမယ်"

ထိုသို့အစချီကာ ဖြစ်သမျှဇာတ်ကြောင်းအစုံအလင်ကို မာရီးအား ပြောပြခဲ့ပါသည်။ စကားအဆုံးတွင်...။

"ဟင်...ဟုတ်လား...အစ်ကို့အဖြစ်က ဒီလောက်တောင် ဆိုးခဲ့သလားအစ်ကိုရယ်၊ ဒါဆို ကျွန်မတို့ဘယ်လို လုပ်ကြမလဲ"

"အစ်ကိုသေသွားရင် ဒီဇာတ်လမ်းလည်း ပြီးသွားပြီပေါ့"

"ဖြစ်မှဖြစ်ရလေ အစ်ကိုရယ်"

မာရီးသည် ငိုယိုပြီး အပြင်ဖက်သို့ပြေးထွက်သွားကာ သူမ၏ မိခင်ကြီးအား တတွတ်တွတ်ပြောကြားနေပါတော့သည်။ ကျော်ဒေဝကား မိမိ၏အကြောင်းများကို ပြောပြနေမှန်းသိလိုက်ပါသည်။ မာရီး ငိုပါစေတော့၊ မာရီးပြောပါစေတော့၊ သူ့အလိုအတိုင်းသာ ရှိပါစေတော့။ ကျော်ဒေဝသည် မိမိကိုယ်မိမိ



www.burmeseclassic.com

www.burmeseclassic.com



သေလူပမာ၍ သဘောထားလိုက်ပါတော့ သည်။

မှန်အိမ်ထွန်းထားသည့်အိပ်ခန်းအတွင်းတွင် လူးလူး လိမ့်လိမ့်နှင့် အိပ်မပျော်ခဲ့ပေ။ သေဒဏ်ချမှတ်ထားခြင်းခံရသော တရားခံကဲ့သို့ သေရမည့်အချိန်ကိုသာ စောင့်နေမိပါတော့သည်။

သည်လိုနှင့်ပင် တစ်ရက်...နှစ်ရက်...သုံးရက်... ထူးခြားမှုမရှိပါ။

တစ်ပတ်...နှစ်ပတ်...သုံးပတ်...မည်သည့်အကြောင်းထူး ဖြစ်ပေါ်လာခြင်းမရှိပါ။ အိပ်ပျက်ညတွေ များလာခဲ့ပါပြီ။

"အစ်ကိုရယ်...စိတ်ချလက်ချသာ အိပ်ပါတော့ မြွေနတ်သမီးက အစ်ကို့ကိုခြောက်လှန့်တာနေမှာပါ"

"ဘာပဲဖြစ်ဖြစ်...အစ်ကိုက အပြစ်ရှိသူပဲ"

ထိုသို့ဖြင့် တစ်လတည်းဟူသောအချိန်သို့ ရောက်ခဲ့ပါပြီ။

အိပ်ပျက်ညတွေများလွန်းသည့်အတွက် မာရီးကား ကျော်ဒေဝ၏နဘေးတွင် ခွေခွေကလေးအိပ်နေပါသည်။ ကျော်ဒေဝသည် စောစောကအိပ်ပျော်သွားပြီး တရေးနိုး ထူးခြားမှုတစ်ခုကို စတင် တွေ့လိုက်ပါသည်။ ဤထူးခြားမှုကား ကျော်ဒေဝ၏အိပ်ခန်းအတွင်းတွင် မှန်အိမ်ထွန်းထားသည့်အတွက် အလင်းရောင်ကောင်းစွာ ရရှိနေပါသည်။





အိပ်မပျော်တော့သဖြင့် အိပ်ခန်းတံခါးဝသို့ အမှတ်တမဲ့ လှမ်းကြည့်လိုက်စဉ်တွင် စေ့ထားသောအိပ်ခန်းတံခါးမှာ တဖြည်းဖြည်းဟလာပါသည်။ ကျော်ဒေဝလည်း တဖြည်းဖြည်းဟလာသည့်တံခါးကို အိပ်မက်လေလား၊ တကယ်လားဟူ၍ မျက်စေ့နှစ်လုံးကိုပွတ်သပ်ကြည့်လိုက်ရာ...။

"ဟော ... မြွေခေါင်းကြီးတစ်ခု ဝင်လာတာပါလား"

မြွေခေါင်းကြီးတစ်ခုဝင်လာသည်ကို တွေ့လိုက်ရသည့်အတွက် စူးစိုက်၍ကြည့်လိုက်ရာ ထိုမြွေကြီးမှာ တံခါးမှ တဖြည်းဖြည်းဝင်လာပြီး တစ်ကိုယ်လုံးမည်းနက်နေသော မြွေဟောက်ကြီး တစ်ကောင် ဖြစ်နေကြောင်း တွေ့လိုက်ရပါသည်။

"ဟင် ... မြွေဟောက်နက်ကြီး လိုက်လာပြီ"

"သူဟာ ငါ့ရဲ့မရဏစေတမန်ပဲ"

မြွေဟောက်နက်ကြီးကို တွေ့လိုက်သည်နှင့် ကျော်ဒေဝမှာသေဒဏ်ကျခံရသူ ကြိုးကွင်းကိုတွေ့ရသည့်အလား တစ်ကိုယ်လုံးဆတ်ဆတ်တုန်အောင် ကြောက်လန့်သွားပါတော့သည်။

စိတ်ညှို့ခံထားရသူပမာ အကြောက်လွန်ပြီး မလှုပ်မရှားနိုင်အောင် ကြက်သေသေနေပါတော့သည်။

ထိုစဉ် မရဏစေတမန်မြွေဟောက်ကြီးကား ခေါင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



တရမ်းရမ်းနှင့်ဝင်လာကာ ကျော်ဒေဝ၏ဦးခေါင်းပိုင်းဆီသို့ တရွေ့ရွေ့သွားနေပါတော့သည်။

ကျော်ဒေဝ၏ဦးခေါင်းအနီးသို့အရောက်တွင် လှုပ်ရှားခြင်းကိုရပ်လိုက်ကာ ပါးပြင်းကိုခွက်နေအောင်ထောင်ပြီး ပေါက်ရန် အရှိန်ယူလိုက်စဉ်…။

“ဗိုး”

“ဒေါက်”

ဟူသောအသံနှင့်အတူ လျှပ်တပြက်အတွင်း မြွေခေါင်းပြတ်ကြီးမှာအခန်းဒေါင့်သို့ လွင့်စင်သွားပါတော့သည်။ ကျော်ဒေဝမှာ မိမိမျက်စေ့ကိုပင် မိမိမယုံနိုင်တော့ပါ။ မိမိအားပေါက်မည်ကိုအသေအချာသိထား၍ သေလူအဖြစ်စိတ်ကိုဒုန်းဒုန်းချထားရာမှ မြွေခေါင်းပြတ်သွားရလောက်အောင် မည်သို့များဖြစ်သွားသနည်း ဟူ၍ ကြည့်လိုက်ရာ…။

သွေးတစက်စက်ကျနေသော ဆောင်းဓားရှည်ကြီးကိုကိုင်လျက် မတ်တပ်ရပ်ကာ တွေတွေကြီးစိုက်ကြည့်နေသောမာရီးကို တွေ့လိုက်ရပါတော့သည်။

“မာရီး…မာရီး… ဘယ်လိုလုပ်လိုက်တာလဲ မာရီးရယ်”





“အစ်ကို့အသက်ကို ကယ်လိုက်တာလေ”

“အစ်ကိုကသေလူပါ၊ ဘာကြောင့်အစ်ကို့ကိုကယ်လိုက်ရတာလဲ”

“အစ်ကို ကျွန်မဟာ အစ်ကို့ကို အသက်လောက်ချစ်ပါတယ်၊ အစ်ကိုသာ လူ့လောကမှာမရှိရင် ကျွန်မလည်း အသက်ရှင်မှာမဟုတ်တော့ဘူး၊ ဒါကြောင့် မြွေနတ်သမီးစိတ်ဆိုးလို့ ပြစ်ဒဏ်ခတ်ရင်လည်း ခတ်ပါစေတော့အစ်ကိုရယ်၊ ကျွန်မဟာ ဒီနေ့မျိုးကိုညမအိပ်ဘဲ စောင့်နေခဲ့တာ ကြာပါပြီ”

“သြော်…မာရီးရယ်၊ အစ်ကို့ကို ဒီလောက်တောင် ချစ်ရသလား”

ကျော်ဒေဝနှင့် မာရီးတို့မှာ တစ်ဦးနှင့်တစ်ဦးဖက်ထားကြပါသည်။ ခေါင်းပြတ်သွားသောမြွေကြီးမှာ ကိုယ်လုံးကြီးကိုတွန့်လိမ်ကာ ကြမ်းပြင်ပေါ်တွင် လူးလိမ့်နေပြီး သွေးစက်စက်ကျနေသည့်မှာ မကြည့်ရဲဖွယ်ဖြစ်နေပါသည်။

မာရီးမှာ မြွေကြီးကိုခုတ်သာခုတ်လိုက်သော်လည်း ကြောက်ရွံ့ကာ တုန်တုန်ချိချိ ဖြစ်နေပါသည်။

“အစ်ကို … တကယ်တော့ ကျွန်မမှာ ဒီလောက် သတ္တိမရှိပါဘူး၊ အစ်ကို့ကိုချစ်လွန်းလို့သာ သတ္တိတွေမွေးဖွားလာ

www.burmeseclassic.com

www.burmeseclassic.com



တာပါ အစ်ကိုရယ်''

ဤတွင် မာရီးတို့အခန်း အသံများကြားသဖြင့် မာရီး အမေနှင့်အလုပ်သမားများ ပြေးဝင်လာခဲ့ပါသည်။

''ဟင် ... မြွေခေါင်းပြတ်ကြီးပါလား၊ သမီး ဘာဖြစ်သွားသေးသလဲ''

''အမေ ... သမီးဘာမှမဖြစ်ဘူး၊ အမေပြောတဲ့အတိုင်း ညတိုင်းမအိပ်ဘဲစောင့်နေတာ၊ ဒီနေ့ညတော့ မြွေကြီးရောက်လာတာပဲ၊ မြွေကြီးလည်း အစ်ကို့ကိုပေါက်မယ်အလုပ်မှာ အသင့်ဆောင်ထားတဲ့ဓားနဲ့ပိုင်းလိုက်တာ မြွေကြီးခေါင်းပြတ်သွားတာပဲ''

''အင်း ... တစ်ရန်တော့ ရှင်းသွားပြီပေါ့''

အလုပ်သမားများကို မာရီး၏မိခင်ကြီးက စောင့်အိပ်နိုင်းထားမှန်း အခုမှကျော်ဒေဝသိခဲ့ပါသည်။ မာရီးက အကြောင်းစုံပြောထားသဖြင့် ၎င်း၏မိခင်ကြီးမှ မာရီးကိုဤသို့အကြံပေးထားခြင်း ဖြစ်ပါသည်။

အလုပ်သမားများက မြွေသေကြီးကို ယူဆောင်သွားကြပါသည်။ မြွေဟောက်နက်ရန်စွယ်၏ စိုးရွံ့ထိတ်လန့်ဖွယ် ကြောက်လန့်ဖွယ် အိပ်မက်ဆိုးမှ လန့်နိုးခဲ့ရသည့်အတွက် သည်တစ်ညတွင် ဆက်၍မအိပ်ဖြစ်တော့ဘဲ မိုးစင်စင်လင်းခဲ့ရပါပြီ။



သို့သော်လည်း မြွေဟောက်နက်ကြီးသေသွားသည့်အတွက် မြွေနတ်သမီး၏ကျိန်စာဆိုးတို့ အညှိုးနှင့်လာချေမည်လော ဟုတွေးဖြင့် ၎င်းတို့နှစ်ဦးသားကို ခြောက်လှန့်နေပါသည်။

နံနက်မိုးသောက် အလင်းရောက်ခဲ့လေပြီ။ နေ့သစ်တစ်ခု၏နံနက်ခင်းတွင် သတင်းတစ်ခု ပျံ့လွင့်လာပါသည်။ ဤသည်မှာ ...

''မြွေနတ်သမီးသခင်မ သုဝဏ္ဏဒေဝီ ကွယ်လွန်သွားပြီ''ဟူ၍ပင်။

ကြားရချက်မှာ မယုံနိုင်ဖွယ်...။ လွန်ခဲ့သောလအနည်းငယ်က မြွေပွဲတော်ကျင်းပကာ ကျန်းမာပကတိရှိခဲ့သော မြွေနတ်သမီးသခင်မ မည်သို့ကွယ်လွန်သွားသနည်း။ ဤမေးခွန်းကို ကျော်ဒေဝ လွန်စွာသိလိုလှပါသည်။ ကျော်ဒေဝကဲ့သို့ပင် မြွေနတ်သမီး၏ဖြစ်အင်ကိုသိလိုသူများက မြွေနတ်သမီးကျောင်းဆောင်သို့ အပြေးလာကြည့်ကြပါသည်။

**မြွေနတ်သမီးကျောင်းဆောင်တွင်** ပရိသတ်များစွာ ရောက်ရှိနေပါသည်။ ထိုပရိသတ်ထဲတွင် ကျော်ဒေဝရော၊ မာရီးပါရောက်ရှိခဲ့ပါသည်။ လွန်ခဲ့သောလအနည်းငယ်က မြွေပွဲတော်လာပရိသတ်များကို ဆုတောင်းပေးခဲ့သော မြွေနတ်သမီး



www.burmeseclassic.com

www.burmeseclassic.com



သခင်မမှာယခုတွင် မှန်အခေါင်းအတွင်း ဝိညာဉ်မဲ့ကာ လဲလျောင်း နေချေပြီ။ ဝတ်စုံအဖြူဝတ်ဆင်ထားပြီး ပန်းစည်းကလေးကို ကိုင်ထားသည်မှာ သတို့သမီးတစ်ယောက်နှင့် သဏ္ဌာန်တူ ပါသည်။

သူမကို သေသေချာချာကြည့်လိုက်သောအခါ သူမ၏ လည်မျိုမင်းတွင် တိတိရိရိပြတ်နေပြီး ထိုနေရာကို ပန်းများဖြင့် ဖုံးကွယ်ထားသော်လည်းသေသေချာချာကြည့်လျှင် မြင်နိုင်ပါ သည်။ ကျော်ဒေဝမှာ ထိုမြွေနတ်သမီးကျောင်း၌ ဆေးကုသဖူးသူ ဖြစ်၍ ရဲရွှေတော်များနှင့်သိသည့်အတွက် ထိုသူမတစ်ဦးကို မေး လိုက်ပါသည်။

"မြွေနတ်သမီးသခင်မ ဘယ်လိုဖြစ်ပြီး သေဆုံးသွားပါ သလဲ"

"မနေ့ညက မြွေနတ်သမီးသခင်မ ဓားပျံကစားရင် ဓားကို အပေါ်မြှောက်ပြီးကစားရာက ဓားနဲ့ဇက်ကိုပိုင်းမိပြီး ကွယ်လွန်သွားပါသည်"

"ဖြစ်မှဖြစ်ရလေ သခင်မရယ်"

"သခင်မမှာ ဓားဒဏ်ရာနဲ့ [illegible]မှာ စကားတစ်ခွန်းမိန့်မှာသွားပါတယ်၊ သခင်မရဲ့စကားကို ဒီမှာ



ရေးထားပါတယ်"

"ဘယ်လိုများ ရေးထားပါလိမ့်" ဟူသောအတွေးဖြင့် သူမ ပြရာစာတန်းကို ဖတ်ကြည့်လိုက်သောအခါ ...။

"သံသရာခြားရဟာတ် တစ်ပတ်လည်သည့်အထိ စောင့် နေဦးမည်"

ကျော်ဒေဝသည် ဤစာတန်းကလေး ဖတ်ရှုလိုက်စဉ် တွင် တစ်ဖက်သတ် အချစ်ကြီးသူတစ်ဦး၏ဆုတောင်းဖြစ်နေ၍ လွန်စွာစိတ်မကောင်းဖြစ်မိပါသည်။

အခြားသူများက ဤစာသား၏အဓိပ္ပာယ်ကို ပြည့်စုံစွာ သိချင်မှသိမည်ဖြစ်သော်လည်း ကျော်ဒေဝသည် မြွေနတ်သမီး သခင်မ၏ဆိုလိုရင်း အဓိပ္ပာယ်ကို ကောင်းစွာသဘောပေါက်ခဲ့ ပါပြီ။ သို့သော် အိမ်သူသက်ထားဇနီးမယားအား သစ္စာဖောက် သည့်ဆုတောင်းမျိုး ကျော်ဒေဝ တောင်းဆုမပြုနိုင်ပြီ။

မြွေနတ်သမီးသခင်မ၏ တိတိရိရိပြတ်ရှနေသော လည်တိုင်ကိုကြည့်ရင်း မြွေဟောက်နက်ကြီးကို သတိရမိပါသည်။ မာရီး၏ကြောက်လန့်တကြား ခုတ်ဖြတ်မှုကြောင့် မြွေဟောက်နက် ကြီး ခေါင်းပြတ်ကာသေသွားသကဲ့သို့ ထိုအဖြစ်မျိုးနှင့်ထပ်တူ တစ်ချိန်တည်း၌ မြွေနတ်သမီးသခင်မ ခေါင်းပြတ်၍ ကွယ်လွန်ခဲ့

www.burmeseclassic.com



သည်မှာ မည်သို့ဆက်စပ်မှုရှိသနည်း။

ထိုသို့စဉ်းစားရင်း မြွေပွဲတော်ကို သတိရမိပါသည်။ မြွေပွဲတော်တွင် မြွေနတ်သမီးသခင်မအပါအဝင် ရုံရွှေတော်များ ကပြအသုံးတော်ခံစဉ် မီးခိုးလုံးကြီးများတက်လာကာ သူတို့အားလုံး ပျောက်ကွယ်၍ မြွေကြီးများပေါ်လာပါသည်။ ဤသည်မှာ လူမှ မြွေအသွင်သို့ကူးပြောင်း သည့်မျက်လှည့်ပညာ ကကွက်ဆန်း ဟုအထင်ရှိ၍ လက်ခုပ်သြဘာသံများ ဆူညံစွာအားပေးခဲ့ကြ ပါသည်။ ယခုအဖြစ်မှာလည်း ဤနည်းဆန်ဆန်ပင်၊ မြွေဟောက် နက်ကြီးခေါင်းပြတ်သကဲ့သို့ မြွေနတ်သမီးသခင်မလည်း ခေါင်း ပြတ်ကာ ကွယ်လွန်ခဲ့ပါသည်။ ဤသည်မှာ ကျော်ဒေဝအတွေးနှင့် လိုက်မမီနိုင်သည့် မြွေနတ်သမီး၏ပညာပိုင်း ဆိုင်ရာများပင် ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေကာမူ ကျော်ဒေဝ၏အချစ်ကိုမရ၍ ၎င်းကို သတ်ရန်လာခဲ့သည်မှာ အမှန်ပင်ဖြစ်ပါသည်။ ကျော်ဒေဝ လည်း မြွေနတ်သမီးသခင်အကြောင်းစဉ်းစားရင်း သူမ၏ အလောင်းရှေ့တွင် ခြေစုံရပ်လိုက်သောအခါ မှန်ခေါင်းပေါ်တွင် မြွေနတ်သမီးရုပ်တုနှစ်ခုကို ယှဉ်တွဲကာတင်ထားသည်ကို တွေ့လိုက်ရပါသည်။





တစ်ခုမှာ ...

ကျော်ဒေဝထံမှရရှိခဲ့သည့်ရုပ်တုကလေး...။

နောက်တစ်ခုမှာမူ သူမထံ၌ရှိနေသော ရုပ်တုကလေးပင် ဖြစ်ပါသည်။

သည်ရုပ်တုကလေးနှစ်ခုကို ယှဉ်တွဲထားခြင်းမှာ သခင်မ ၏နောက်ဆုံးအမိန့်တော်ပင် ဖြစ်ပေမည်။ ကျော်ဒေဝသည် သူမ ၏သတင်းကိုကြားပါက ဤနေရာသို့ အမြန်ဆုံးရောက်လာမည်ကို လည်း ကြိုတင်သိထားပုံရပါသည်။ ကျော်ဒေဝလည်းဤရုပ်တု ကလေးကို ကြည့်ရင်း...။

"တကယ်တော့ မင်းဟာသခင်မရဲ့ရှေ့တော်မှောက်ကို အရောက်ပို့ပြီး ကံကြမ္မာဆိုးတို့ ဖြာဝေစေခဲ့ပြီပဲ"

ဤသို့ တိုးတိုးကလေးညည်းတွားမိပါသည်။

ဤရုပ်တုကလေးနှစ်ခုမှာ ယှဉ်တွဲနေလင့်ကစား အချစ်ကြီး၍ အမျက်ကြီးခဲ့သော မြွေနတ်သမီးသခင်မသည် အားလုံးကိုကျောခိုင်းလျက် အဝေးဆုံးသို့ ထွက်ခွာသွားခဲ့လေပြီ။

ချစ်ခြင်း၊ မုန်းခြင်း၊ ရန်ငြိုးရှိခြင်းတို့ကို ခဏဖယ်ထားပြီး ကျော်ဒေဝ၏အသက်ကယ်ခဲ့သည့်ကျေးဇူးရှင်ဖြစ်၍ ၎င်းက လိုက်လိုက်လှဲလှဲတောင်းဆုပြုခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြွေနတ်သမီးသခင်မရယ်၊ တစ်ဖက်သတ် အချစ်ကြီးပြီး မုန်းမာန်ဖွဲ့ခဲ့တဲ့ချစ်ရန်ညှိုးကြောင့် မပျက်စီးသင့်ဘဲအချိန်မတန်မီ ပျက်စီးခဲ့ရလေပြီ၊ ဒီဘဝ၌ တင်ပေဖူးသည့် ကျေးဇူးကြွေးကို မဆပ်လိုက်ရတဲ့အတွက် နောင်ဘဝတွင်ဆပ်နိုင်သည့်ကိုယ် ကျွန်ုပ်ဖြစ်ရပါစေလို၏။ နောင်သံသရာဘဝအဆက်ဆက် ချစ်ကံခေခဲ့ရတဲ့ ဒီလိုအဖြစ်ဆိုးနဲ့ ကင်းဝေးပြီး ကောင်းရာသုဂတိသို့လားပါစေ"

ဤသို့တောင်းဆုပြုရင်း....။

သံသရာစက်ဝန်းအတွင်း ကနဦးကပင် ဆုတောင်းလွဲ၍ ကံကြမ္မာဆိုးနှင့်တိုးခဲ့ရသော မြွေနတ်သမီးသခင်မအား ကျောခိုင်းကာ ကျော်ဒေဝနှင့် မာရီးတို့နှစ်ဦးသားမှာ လာရာလမ်းသို့ ပြန်ခဲ့ရပါတော့သည်။ သူတို့နှစ်ဦး၏ရင်တွင် ချစ်ခြင်း၊ မုန်းခြင်း၊ရက်စက်ကြေကွဲခြင်းတို့ဖြင့် ရောပြွမ်းနေသော မြွေနတ်သမီးသခင်မကို ဘယ်တော့မှ မေ့နိုင်တော့မည်မဟုတ်ပါတကား။

ရီရီဌေး



BURMESE CLASSIC

၁။ ရီရီဌေး (ဂမ္ဘီရလုံးချင်း)
၂။ အံ့ဖွယ်ဂမ္ဘီရဖြစ်ရပ်ဆန်း (ကလောင်စုံ)
၃။ ထိပ်တန်းသည်းဖို (ကလောင်စုံ)
ကလောင်စုံတွင်ပါဝင်ရေးသားလိုလျှင်

အိုယွန်းယုဉ်စာပေ
၅၈၊ မွေ့ကာဝတီလမ်း။ စမ်းချောင်း။ ရန်ကုန်။
ဖုံး - ၀၉-၅၁၆၆၁၄၀

www.burmeseclassic.com